# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၀၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္လာနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

၂၀၁၄ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# လူတစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၏ အရည်အချင်း၊ အရည်အသွေးကို ဦးစားပေးသည့်စနစ်ကသာ မှန်ကန်သော ပြိုင်ဆိုင်မှုဖြစ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ (၈)ဖွဲ့မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များအား နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ (၈)ဖွဲ့မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းဒေသကြီးနှင့်ပြည်နယ်များထဲတွင် အကြီးဆုံးပြည်နယ်ဖြစ်ကာ တိုင်းရင်းသားလူမျိုးစု အများဆုံးနေသည့် ပြည်နယ်လည်းဖြစ်ကြောင်း။

နိုင်ငံအတွင်း တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသကြီး (၆) ခုရှိသည့်အနက် (၅) ခုရှိသည့် ပြည်နယ်လည်းဖြစ်ပါကြောင်း၊ ပြည်နယ်လွှတ်တော်တွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီး (၇) ဦးအထိရှိသည့် ပြည်နယ်ဖြစ်သည့်အတွက်လည်း ထူးခြားသောဝိသေသရှိသည့် ပြည်နယ်ဟုလည်း ပြောနိုင်ပါကြောင်း။

သို့သော် တိုင်းရင်းသားလူမျိုးစုအများဆုံးနေသည့် ပြည်နယ်ဖြစ်သည့်အတွက် လူမျိုးစုများသော်ငြား လူမျိုးစုအချင်းချင်း အေးအတူပူအမျှ ညီရင်းအစ်ကိုကဲ့သို့ ရိုင်းပင်းကူညီကြမည်ဆိုပါက လူမျိုးစုများနေခြင်းသည် အခက်အခဲတစ်ခု၊ စိန်ခေါ်မှုတစ်ရပ် မဟုတ်တော့ဘဲ တောင့်တင်းသည့် အင်အားစုတစ်ရပ်အဖြစ် ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်အောင် လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၂ ✻

# ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လာမည့်နှစ်၌စတင်အကောင်အထည်ဖော်နိုင်မည်

ရန်ကုန် မေ ၂၆

ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်တော့မည်ဖြစ်သည်။ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာများကို ဖိတ်ခေါ်နေပြီဖြစ်ရာ ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး ရန်ကုန်ဘူတာကြီး၌ မေ ၂၆ရက် ညနေ ၅နာရီက မီဒီယာတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

"ရန်ကုန်ဘူတာကြီးယာဒ်ဝင်းမှာ လူမှုစီးပွား ဖွံ့ဖြိုးမှုအဆောက်အအုံတွေဖြစ်တဲ့ ဟိုတယ်တွေ၊ ရှော့ပင်းမောတွေကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ဖို့အတွက် ပြည်တွင်း ပြည်ပကုမ္ပဏီတွေကို စိတ်ဝင်စားမှုဖော်ပြချက် ခေါ်ထားပြီဖြစ်ပါတယ်။ စိစစ်ရွေးချယ်မှုတွေ အဆင့်ဆင့်ပြုလုပ်ပြီးလာမယ့် နိုဝင်ဘာတတိယပတ်လောက်မှာ ဒီစီမံကိန်းကို အကောင်အထည်ဖော်လုပ်ကိုင်မယ့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူကို ရွေးချယ်သွားမှာဖြစ်ပါတယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းပြသည်။

ယင်းစီမံကိန်းသည် ကြီးမားသော စီမံကိန်းဖြစ်သဖြင့် နိုင်ငံတကာမှ အကြံပေးအဖွဲ့ခေါ်ယူကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကြီးမားသည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုတွင် ကုမ္ပဏီတစ်ခုတည်းမဟုတ်ဘဲ စုပေါင်းရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုလည်း ဖြစ်နိုင်ကြောင်း သိရသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"ဒီစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ ပုံရိပ်ကို တိုးတက်ပြောင်းလဲသွားစေနိုင်သလို ခရီးသွားပြည်သူတွေအတွက် တစ်နေရာတည်းမှာ တည်းခိုနေထိုင်၊ ဈေးဝယ်၊ စားသောက်၊ ရထားစီးနိုင်တဲ့အနေအထား ဖြစ်သွားမယ်။ ဒီစီမံကိန်းတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျစရိတ် အမေရိကန် ဒေါ်လာ နှစ်ဘီလီယံမှ ၂ ဒသမ ၅ ဘီလီယံအထိကုန်ကျနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဒုတိယဝန်ကြီးဦးမြင့်သိန်းက ဆက်လက်ပြောပြသည်။

ရန်ကုန်ဘူတာကြီး၏ လက်ရှိအဆောက်အအုံကို ထိခိုက်သည့် ပြုပြင်မှုမရှိဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စာမျက်နှာ ၃ ကော်လံ ၁ ■

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့ကျောက်မျက်ဈေးကွက်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တန်ဖိုးကြီးမားသော ကျောက်စိမ်းကျောက်မျက်များ အဓိကထွက်ရှိရာ နိုင်ငံအဖြစ် ထင်ရှားလှပေသည်။ မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်စိမ်း ကျောက်မျက်များသည် အရည်အသွေးကောင်းမွန်၍ ကမ္ဘာ့နိုင်ငံများမှ ဝယ်ယူအားပေးလျက်ရှိပါသည်။ သို့သော် ကျောက်မျက်ရတနာများသည် တူးပါများလျှင် ကုန်ခန်းသွားနိုင်သည်ဖြစ်၍ ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချသွားရန် အစီအမံများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ယခင်က ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများကို အကြမ်းထည်အတိုင်းရောင်းချခဲ့ရာမှ ယခုအခါ ပြည်တွင်းတွင် အချောထည်များ ထုတ်လုပ်ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ကုန်ချောထုတ်လုပ်ရောင်းချခြင်းက တန်ဖိုးပိုမိုမြင့်မားစွာ ရောင်းချနိုင်ပြီး ကုန်ကြမ်းအလေအလွင့်မရှိသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နေပြည်တော်ရှိ ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးသို့ ဧပြီ ၂၃ ရက်က သွားရောက်ကြည့်ရှုစဉ် ပြောကြားလိုက်ပါသည်။

ဤကျောက်မျက်ရတနာဈေးကြီးကို ပြီးခဲ့သည့် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးနှင့် မြစ်ကြီးနားမြို့များတွင်လည်း ကျောက်မျက်ရတနာအချောထည်ဈေးများ ထပ်မံဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်းများနှင့် ဈေးကွက်များ ပေါ်ထွန်းလာမည်ဆိုပါက မြန်မာ့ကျောက်မျက်များသည်လည်း ရသင့်ရထိုက်သော တန်ဖိုးများကို ထိုက်ထိုက်တန်တန်ရရှိလာမည်ဖြစ်ပါသည်။ ဤကျောက်မျက်ဈေးများမှ တန်ဖိုးကြီးမားသော ကျောက်မျက်ရတနာများကို အွန်လိုင်းစနစ်ဖြင့် ရောင်းချပေးနိုင်ရန် စီစဉ်နေကြောင်းကိုလည်း ကြားသိရပါသည်။

ကျောက်စိမ်းအချောထည်များကို ထုတ်လုပ်ရာတွင် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ ဈေးကွက်အလိုက် ကြိုက်နှစ်သက်သည့် ပုံစံများကို ထုတ်လုပ်သွားရန် အထူးပင်အရေးကြီးပါသည်။ သို့မှသာ ဈေးကွက်ဝယ်လိုအား ကြီးထွားလာပြီး မြန်မာ့ကျောက်မျက်ဈေးကွက် ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာဈေးကွက်ကို မိမိတို့နိုင်ငံအတွင်းမှာပင် တည်ရှိနေစေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။

မြန်မာ့ကျောက်စိမ်းအချောထည်များကို ထုတ်လုပ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရာတွင် ပြည်ပနိုင်ငံများ အကြိုက်အကောင်းဆုံးလက်ရာများဖြစ်အောင် ထုတ်လုပ်သွားရမည်ဖြစ်ပါသည်။ သို့မှသာ မြန်မာ့ကျောက်မျက်ဈေးကွက် အလျင်အမြန် ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# သီပေါမြို့နယ် ဖွံ့ဖြိုးရေး ဖာဖိတ်ဆည်ရေခွဲဝေသုံးရေးညှိနှိုင်း

**သီပေါ ဧပြီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ဌာနဆိုင်ရာများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

မြို့ရေရရှိရေးကိစ္စနှင့်ပတ်သက်၍ သီပေါမြို့၏သမိုင်းကြောင်းသည် ဖာဖိတ်ဆည်ကြီးမှ ရေဖြင့်မြို့အတွင်းရှိ အဓိကကျသောချောင်းလေးချောင်းရှိရာ တောင်မြို့ချောင်း၊ မန္တလေး၊ လားရှိုးလမ်းချောင်း၊ အောင်သပြေလမ်းချောင်းနှင့် လမ်းမတော်လမ်းချောင်းတို့တွင် ရေစီးရေလာရှိပါမှ မြို့တွင်းရှိ ရေတွင်း ရေကန်နှင့်မြောင်းသွယ်များ ရေရရှိမည်ဖြစ်သဖြင့် ကမ်းနေသောချောင်း၊ မြောင်းများကို ပြန်လည်တူးဖော်ပြီး ရေစီးရေလာကောင်းအောင် ဆောင်ရွက်မှသာ ရေကိစ္စ စိတ်အေးရမည်ဖြစ်ကြောင်း အနောက်ရပ်ကွက်မှ မြို့မိမြို့ဖဦးခင်မောင်ညိုက တင်ပြဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ၎င်းကိစ္စများကို သိရှိမှတ်သားပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လိုအပ်သောနေရာများ ရေနုတ်မြောင်းများ ပြင်ဆင်ပေးရန်လိုနေ

လမ်းမတော်မြို့နယ် အတွင်းရှိ မဟာဗန္ဓုလလမ်းမဘေး ၁၀ လမ်းနှင့် လှည်းတန်းလမ်းကြား၊ လှည်းတန်းလမ်းနှင့် ၁၁ လမ်းကြား အထက်ခြမ်း ရေနုတ်မြောင်းများကို ဧပြီ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာ သတင်းဖော်ပြချက်အရ ပြန်လည်ဖျက်သိမ်းပြီး အသစ်တည်ဆောက်ရာ ဧပြီ ၂၅ ရက်တွင် ယင်းအပိုင်းနှစ်ပိုင်းကြားရှိ ရေမြောင်းများ၏ အကျယ်သည် ကိုးလက်မအကျယ်မှ တစ်ပေခွဲဝန်းကျင်အထိ ကျယ်ဝန်းလာပြီး ရေစီးအားကောင်းမွန်လာကြောင်း အဆိုပါ ရေမြောင်းဝန်းကျင်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

သတင်းစာတွင် ဖော်ပြသော သတင်းဓာတ်ပုံနှစ်ပုံပါနေရာများတွင် ပြန်လည်ဖျက်သိမ်းအသစ်တည်ဆောက်နေသကဲ့သို့ ကျန်လိုအပ်သော နေရာများကို စစ်ဆေး၍ပြုပြင်သင့်သည့် နေရာများကို တစ်လက်စတည်း ပြုပြင်ပေးသွားရန်လိုအပ်ကြောင်း၊ အချို့သောတိုက်ခန်းများတွင် စည်ပင်ပိုင်မြေသို့ တိုးချဲ့တည်ဆောက်ထား၍ အတွင်းရေမြောင်းနုတ်ခမ်းများသည် အခြားပတ်ဝန်းကျင်နေရာများထက် ရှေ့ရောက်နေသဖြင့် အဆိုပါ တိုက်ခန်းများရှေ့တွင် ရေမြောင်းများသည် အဖျားရှူးကျဉ်းမြောင်းနေကြောင်း၊ အဖုံးမဖုံးရသေးသော ရေမြောင်းအချို့မှ ကြည့်လျှင် မြင်တွေ့နေရဆဲဖြစ်ကြောင်း၊ ရေမြောင်းကျဉ်းသွား၍ ရေစီးအားတန့်သွားကြောင်း ယင်းနေရာဝန်းကျင်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တော် ရေစီးရေလာကောင်းမွန်ရေးအတွက် ကျပ်သန်းပေါင်းထောင်ချီ၍ အကုန်အကျခံသုံးစွဲနေချိန်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ၏ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းအင်္ဂါရပ်နှင့်အညီရှိရေး၊ ဗားကရာ ချောက်ကြီးမည်သည့်အချိန်မှ ရေကြီးရေလျှံမှုမဖြစ်ပေါ်သည့် ရေထုတ်စနစ်ကောင်းမွန်နေခြင်းတို့ကို အတတ်ပညာပိုင်းအနေဖြင့် အတုယူလုပ်ဆောင်ခြင်းတို့ဖြင့် အဓိကရန်ကုန်မြစ်ရေထွက်ပေါက်ရှိရာနှင့် မဝေးကွာသော လမ်းမတော်မြို့နယ်အတွင်း ရေစီးရေလျှံမှု ကင်းဝေးလာနိုင်ကြောင်း၊ ပြည်သူအချို့၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို တားဆီးအရေးယူခြင်းနှင့်အတူ ရေနုတ်မြောင်းများ၏ ရေစီးရေလာကောင်းမွန်စေသည့် ရေထုတ်စနစ်ပြုပြင်တည်ဆောက်မှုလိုအပ်နေကြောင်း၊ ပြည်သူများက ထောက်ပြမှ ပြင်ဆင်ပြုလုပ်သည့်နည်းတူ လိုအပ်သည့်နေရာများကို မိမိတို့ဘာသာ စစ်ဆေး၍ ပြုပြင်သင့်သည်များကို တစ်ပြေးညီပြုပြင်ပေးသွားလျှင် အများပြည်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိလာမည်ဟု မဟာဗန္ဓုလလမ်းအနီး အလုပ်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

**ထင်သာမြင်သာပြုပြင်စရာ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအား အရှိန်အဟုန်မြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီက ဘဲကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင် စိုက်ပျိုးရေးပညာပေးဟောပြောခြင်းနှင့် ကျေးရွာပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဦးသန်းဌေး ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဖိုးတိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထင်ကျော်တို့ ပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ဖျာပုံ ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း ကျေးလက်လူငယ်များကို ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးရည်ရွယ်ကာ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၄)ကို ဧပြီ ၂၁ ရက်ကစ၍ သင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၅ ရက် ညနေပိုင်းက ဖျာပုံမြို့ လိပ်ဥကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သင်တန်းဆင်းပွဲကျင်းပသည်။

အဆိုပါသင်တန်းသို့ ဖျာပုံမြို့နယ်အတွင်းမှ ကျေးလက်လူငယ် ၁၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်ဆေးရုံကြီး တိုးချဲ့ပြုပြင်ခြင်း၊ အမှတ် (၂) ဘုရင့်နောင်တံတား အမြန်ပြီးရေးနှင့် ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၁၅၀၀) တိုးချဲ့ ပြုပြင်မွမ်းမံခြင်း၊ အမှတ် (၂) ဘုရင့်နောင်တံတား အမြန်ပြီးစီးရေးနှင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ (ခုတင် ၅၀၀)ဆံ့ အထူးကုဆေးရုံသစ်ကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင် ၁၅၀၀) သည် တစ်နိုင်ငံလုံးမှ ပြည်သူများ အားကိုးအားထားမှု အရှိဆုံး ဆေးရုံကြီးဖြစ်၍ ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော်လာသောကြောင့် ဆေးရုံကြီးကို ပြုပြင်မွမ်းမံ၍ လည်းကောင်း၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်၍ လည်းကောင်း စတင်ဆောင်ရွက်မည်ဖြစ်၍ ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးကြရန်၊ ထို့ပြင် အမှတ် (၂) ဘုရင့်နောင်တံတားကြီးကို စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးနှင့် တံတားသစ်ကြီးပေါ်မှ မော်တော်ယာဉ်သွားလာမှု ချောမွေ့စေရေးအတွက် ဆွေးနွေးကြရန်နှင့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နိုင်ရေး အခြေအနေများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဝန်ကြီး ဦးချန်မောင်တို့က အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၁၅၀၀) ပြုပြင်ထိန်းသိမ်းရေးအတွက် တိုင်းဒေသကြီးမှ ကူညီဆောင်ရွက်သွားမည့် အခြေအနေ၊ လူနာဆောင်အခန်းများ ပြောင်းရွှေ့မှု၊ တိုးချဲ့ဆောင်သစ်များ တည်ဆောက်နေမှု၊ အမှတ် (၂) ဘုရင့်နောင်တံတားအမြန် ပြီးစီးရေးအတွက် ဆောင်ရွက်နေမှု၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးအတွက် လိုင်သာယာဘက်ခြမ်း Toll Gate ပြောင်းရွှေ့မည့်အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၁၅၀၀) ပြင်ပလူနာနှင့် အရေးပေါ်ဌာနတို့သို့ သွားရောက်၍ ခွဲစိတ်ခန်းသုံးပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ဆေးရုံပင်မဆောင်ပြုပြင်မွမ်းမံရန် စီစဉ်ထားရှိမှု၊ ဆေးရုံဝင်းအတွင်း ဆေးကုသဆောင်များ တိုးချဲ့တည်ဆောက်နေမှုကို လည်းကောင်း၊ ဗိသုကာပညာရှင် ဒေါ်နီလာကျော်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် ၁၅၀၀) ဝင်းအတွင်း အစာအိမ်နှင့် အူလမ်းကြောင်းရောဂါဌာန (ဒေါ်ပုဆောင်) ပြင်ဆင်နေမှု၊ Operation Theatre Complex ၅ ထပ်ဆောင်ဆောက်လုပ်နေမှု၊ အဏုမြူရောင်ခြည်ကုသဌာန၊ Cyclotron Vault and PET/ CT Facilities Building Project တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်မြစ်ကူး အမှတ် (၂) ဘုရင့်နောင်တံတား စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တံတားတည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အမှတ်(၂)ဘုရင့်နောင်တံတားတည်ဆောက်နေမှုနှင့် လှိုင်သာယာဘက်ခြမ်း Toll Gate ပြောင်းရွှေ့ဆောင်ရွက်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လှိုင်မြစ်ကူး အမှတ်(၂) ဘုရင့်နောင်တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

## ပြည်တွင်းသတင်း

### ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေတေး အမ် အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

တည်ဆောက်မည်ဖြစ်ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် လာမည့်ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် အသေးစိတ်စီမံကိန်းကို ရေးဆွဲတင်ပြနိုင်ရန်လည်း မျှော်မှန်းထားသည်။ ယခု စိတ်ဝင်စားမှု အဆိုပြုလွှာများ လက်ခံပြီးနောက် တစ်လအတွင်းပဏာမစိစစ်ရွေးချယ်ခံရသည့် ကုမ္ပဏီနှင့်ရင်းနှီးမြှုပ်နှံသူများကို ရွေးချယ်ကာ ၎င်းတို့လုပ်ကိုင်မည့်စီမံကိန်းများကို ကုမ္ပဏီတစ်ခုချင်း တင်ပြရှင်းလင်းစေရာ အဆင့်ဆင့်စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

နောက်ဆုံး အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး နိုင်ငံတကာကအတည်ပြုပါက ယင်းရွေးချယ်ခံရသော ကုမ္ပဏီသည် လာမည့် ၂၀၁၅ခုနှစ် မေလသို့မဟုတ် မတ်လခန့်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းထားသည်။

“ဒီစီမံကိန်းကြောင့် ရန်ကုန်မြို့ရဲ့လူမှုစီးပွားဘဝပြောင်းလဲမှု တစ်ရပ်ဖြစ်သွားနိုင်တယ်။ အလုပ်အကိုင်တွေ အများကြီးရရှိသွားမယ်။ ၁၈၇၇ ခုနှစ်က ဗြိတိသျှတို့တည်ဆောက်ခဲ့တဲ့ ရန်ကုန်ဘူတာကြီးဟာ အခုဆိုရင် နှစ်ပေါင်း ၁၃၀ ကျော်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီဘူတာကြီးယာဒ်ဝင်းဖြစ်လာမယ်” ဟုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသည်။

ရန်ကုန်ဘူတာကြီး ယာဒ်ဝင်း၏ ဧက ၆၂ ဧကခန့်ပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်မည့် ယင်းစီမံကိန်းအပြီးသတ်ရန်မှာ အနည်းဆုံး ၁၀ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင်လည်း ယခုကဲ့သို့ ဘူတာယာဒ်ဝင်းဖွံ့ဖြိုးတိုးတက်မှု အဆောက်အအုံစီမံကိန်းမျိုး ဆောင်ရွက်ခဲ့ရာ ၁၀ နှစ်ခန့်ကြာမြင့်ကြောင်း ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောပြသည်။

ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းအတွင်းရှိ မီးရထားစက်ရုံများကို ရွာသာကြီး၊ မလွန်ကုန်းနှင့် ကြည့်မြင်တိုင်ရှိ မီးရထားပိုင်နေရာများသို့ ရွှေ့ပြောင်းမည်ဖြစ်သည်။ ထို့အတူ ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းအတွင်း နေထိုင်ကြသည့် မီးရထားဝန်ထမ်းများ၊ မီးရထားဝန်ထမ်းအငြိမ်းစားများကိုလည်း အဆင်ပြေစွာနေထိုင်နိုင်ရေး ရွှေ့ပြောင်းပေးကာစီမံကိန်းပြီးစီးပါက နေရာပြန်ချပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။**(မြန်မာ့အလင်း)**

**ကွန်ဒိုတိုက်ခန်း အမြန်ရောင်းမည်**

ရွှေဂုံတိုင်ယုဇနကွန်ဒို ပေ(၂၅×၅၀)
**ဖုန်း-၀၉-၅၀၆၀၁၂၇၊ ၀၉-၅၀၄၆၅၅၀**

**အမည်ပြောင်း**

ဦးကြည်လင်၏သား အထက(၁)ဒဂုံ ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မောင်ကြည်မင်းသန့်အား မောင်ရဲမင်းသူဟု ပြောင်းလဲခေါ်ပါရန်။

**ကျေးဇူးဆပ်ပါမည်**

၂၁-၄-၂၀၁၄ရက်တွင် မန္တလေး၊ သီရိမန္တလာကားဝင်း၌ Laptop ကွန်ပျူတာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉-၃၃၂၁၉၄၁၉၊ ၀၉-၃၃၄၅၅၉၉၁**

မောင်းထောင်မြေဝင်းတောရ ဆရာတော်ဘုရားကြီး
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဒေဝါဘိဝံသမဟာထေရ်မြတ်ကြီးအား

**ကျေးဇူးဆပ်ဓမ္မပူဇာ သဘင် ဗီတ်ကြားလွှာ**

ဆရာတော်ဦးသာသန (ကမ္မဋ္ဌာနာစရိယ) - ၂၆.၄.၂၀၁၄(စနေနေ့)
(မိုးကုတ်စံတော်ဝင်ရိပ်သာ)
ဆရာတော်ဦးမဏ္ဍလ (ကမ္မဋ္ဌာနာစရိယ) - ၂၇.၄.၂၀၁၄(တနင်္ဂနွေနေ့)
(မိုးကုတ်စံတော်ဝင်ရိပ်သာ)
ဆရာတော်ဦးဧကလာဘ (ကမ္မဋ္ဌာနာစရိယ) - ၂၈.၄.၂၀၁၄(တနင်္လာနေ့)
(တောင်ဓမ္မအငြိမ်းသာရိပ်သာ(လှည်းကူး)
အချိန် - ညနေ(၇)နာရီ
နေရာ - ဓမ္မသီရိဗိမာန်တော်ကြီး၊ နဝဒေးရပ်ရှင်ရုံရှေ့

နိုင်ငံတကာသတင်း

# ရုရှားပိုင်ဂျက်လေယာဉ်များ ယူကရိန်းလေပိုင်နက် သို့ အကြိမ်ကြိမ်ကျူးကျော်သည်ဟု ပင်တဂွန်က ပြောကြား

ရုရှားလိုလားသူ လက်နက်ကိုင်အုပ်စုများက ယူကရိန်းအရှေ့ပိုင်း အဆောက်အအုံများ၌ ထိန်းချုပ်ထားဆဲဖြစ်သည်ကို တွေ့ရစဉ်။

**ဝါရှင်တန် မေ ၂၆**

နိုင်ငံအရှေ့ပိုင်း အရေးအခင်းနှင့် ပတ်သက်ကာ တင်းမာမှုများကြုံတွေ့နေရသော်လည်း ရုရှားတပ်မတော် ရဟတ်ယာဉ်များသည် ယူကရိန်း လေပိုင်နက်အတွင်းသို့ အကြိမ်ကြိမ် ချိုးဖောက်ဝင်ရောက်မှု ပြုလုပ်လျက်ရှိကြောင်း အမေရိကန်က ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ယူကရိန်းလေပိုင်နက်တွင်းသို့ ရုရှားရဟတ်ယာဉ်ဝင်ရောက်မှု အကြိမ်ကြိမ်ရှိခဲ့ကြောင်း ပင်တဂွန်ပြောခွင့်ရ ပုဂ္ဂိုလ် ကိုလ်စတီဗင်ဝါရမ်က သောကြာနေ့က ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းက လက်ရှိတင်းမာမှုအခြေအနေလျော့ကျစေရေး ခြေလှမ်းများ ဖော်ဆောင်ရန် မော်စကိုဘက်သို့ တိုက်တွန်းမှုပြုလိုက်သည်။ စက်မှုနိုင်ငံများ အုပ်စု ဂျီ-၇ နိုင်ငံတို့၏ တိုက်တွန်းမှုနှင့်ပတ်သက်ကာ ရုရှားအပေါ် သဘောထားများ မြန်မြန်ဆန်ဆန် သတ်မှတ်ပေး သဘောတူခဲ့ကြသည်။

ပြီးခဲ့သည့် သီတင်းပတ်က ဂျီနီဗာ၌ ယူကရိန်းနှင့်ရုရှားတို့သည် အစိုးရအဆောက်အအုံများမှ ခွဲထွက်ရေး ဝါဒီလက်နက်ကိုင်များနှင့် လက်နက်များ ရုပ်သိမ်းပေးရန် သဘောတူညီမှု တစ်ရပ်ချမှတ်ခဲ့သည်။ ၎င်းအပြင် ငြိမ်းချမ်းစွာ ထွက်ခွာမည့်သူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကတိကဝတ်လည်း ပြုခဲ့ကြသည်။

သို့သော် ရုရှားလိုလားသူများက တောင်းဆိုချက်များကို လိုက်လျောရန် ငြင်းဆန်ခဲ့ကြသည်။ ဂျီ-၇ အုပ်စုမှ ပူးတွဲထုတ်ပြန်မှုတစ်ခုက ရုရှားသည် ဂျီနီဗာသဘောတူညီချက်နှင့် ပတ်သက်ကာ ခိုင်လုံသောလုပ်ဆောင်မှု မရှိကြောင်းဆိုသည်။

အိမ်ဖြူတော် သတင်းရင်းမြစ်ကမူ တနင်္လာနေ့တွင် အရေးယူပိတ်ဆို့မှုများ ပြုလုပ်နိုင်ဖွယ်ရှိ သည်ဟု သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

## တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ ကျောင်းသားခြောက်ဦး ရေနစ်မှုဖြစ်ပွား

**ကူမင်း မေ ၂၆**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ရေအိုင်တစ်အိုင်တွင် ကျောင်းသားခြောက်ဦး ရေနစ်မှုဖြစ်ပွားခဲ့ကြောင်း ဒေသအာဏာပိုင်များ က ပြောကြားသည်။ ဖြစ်စဉ်မှာ ကွီလူရအိုင်၌ ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က ကျောင်းသားခုနစ်ဦး ရေနစ်ကြောင်း သတင်းရရှိချက်အရ ကယ်ဆယ်ရေး ပြုလုပ်ခဲ့ရာ တစ်ဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း တုန်ဟိုင်းကောင်တီ အစိုးရက ဆိုသည်။

၎င်းကျောင်းသားများသည် ဒါရှူမူလတန်းကျောင်းမှ ကျောင်းသားများဖြစ်ပြီး ညနေ ၅ နာရီခန့်က ကျောင်းအနီး ရေအိုင်အတွင်းတွင် ကျောင်းသားအချို့က မျောနေသော ပျဉ်ချပ်ပေါ်တွင် မတ်တတ်ရပ်စီးကြသည်ဟု သိရသည်။ အချို့မှာ စွန့်ပစ်ထားသော လှေကိုစီးကြရာ အက်ကွဲကြောင်းမှ လှေထဲသို့ရေဝင်လာပြီး ဖိနပ်များဖြင့် ခပ်ထုတ်ခဲ့ကြသော်လည်း လှေသည် ပျဉ်ချပ်များနှင့်တိုက်မိပြီး ကျောင်းသားများ ရေထဲသို့ကျသွားခဲ့သည်။ တစ်ဦးမှာ ကြိုးစား၍ ပျဉ်ချပ်ကို ဖက်တွယ်ထားနိုင်ခဲ့သဖြင့် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အစောပိုင်းသတင်းများအရ သိရသည်။

ဟိုင်တုန်ကောင်တီအာဏာပိုင်များက ၎င်းမတော်တဆမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေပြီး ဒေသတွင်းကျောင်းများကို ကလေးများ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များ လုပ်ဆောင်ရန်နှင့် အလားတူအဖြစ်အပျက်မျိုးမဖြစ်ပွားစေရန် စစ်ဆေးမှုများကို အမြဲမပြတ်ပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ **(ဆင်ဟွာ)**

## အမေရိကန်ခရီးသွားအား မြောက်ကိုရီးယားတို့က ဖမ်းဆီးထိန်းသိမ်းထား

**ပြုံယမ်း မေ ၂၆**

အသက် ၂၄ နှစ်ရှိ အမေရိကန်နိုင်ငံသား ခရီးသွားဧည့်သည်အား မြောက်ကိုရီးယားတို့က ၎င်း၏အလေလာသုံးဆယ် ပြုမူဆောင်ရွက်ပုံကြောင့် လူဝင်မှုကြီးကြပ်ရေးဌာနတွင် ထိန်းသိမ်းထားခဲ့ကြောင်း ပြည်တွင်းသတင်းအေဂျင်စီက ပြောကြားထားသည်။

KCNA သတင်းအေဂျင်စီမှ သတင်းဖော်ပြထားချက်အရ အသက် ၂၄ နှစ်အရွယ် အမေရိကန်နိုင်ငံသား Miller Matthew Todd အား မေ ၁၀ ရက်က အချုပ်ခန်းတွင် ထိန်းသိမ်းထားခဲ့သည်ဟု သိရသည်။

၎င်းအမေရိကန်နိုင်ငံသားသည် မြောက်ကိုရီးယားနိုင်ငံတွင်း ဝင်ရောက်ရန်ကြိုးစားစဉ် ၎င်း၏အလေလာသုံးဆယ်အပြုအမူကြောင့် ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ **(ဘီဘီစီ)**

# စစ်အုပ်ချုပ်ရေးခေတ်က နိုင်ငံရေးအကျဉ်းသားများအား သတ်ဖြတ်သူ ဘရာဇီးပိုလ်မှူးကြီးဟောင်း နေအိမ်တွင် လုပ်ကြံခံရ

**ရီယိုဒီဂျနေးရိုး မေ ၂၆**

၁၉၈၀ပြည့်လွန်နှစ်များက စစ်အုပ်ချုပ်ရေးကာလအတွင်း နိုင်ငံရေးအကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သူဟု ဝန်ခံထားသော ဘရာဇီးပိုလ်မှူးကြီးဟောင်းတစ်ဦးကို ၎င်း၏နေအိမ်တွင် သေဆုံးလျက်တွေ့ရသည်။

အသက် ၇၆နှစ်ရှိ ပေါ်မော်ပေးဆိုသူသည် ကြာသပတေးနေ့က ရီယိုဒီဂျနေးရိုးမြို့အပြင်ဘက် ၎င်း၏နေအိမ်သို့ အမျိုးသားသုံးဦး ဝင်ရောက်လာပြီး သတ်ဖြတ်ခြင်းခံရကြောင်း ဘီဘီစီက ဆိုသည်။

နိုင်ငံရေးအကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းအတွက် မည်သည့်အခါမျှ နောင်တရလိမ့်မည်မဟုတ်ကြောင်း၊ မိမိအနေဖြင့် တာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသာဖြစ်ကြောင်း ပြီးခဲ့သည့်လတွင် ၎င်းကပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ၁၉၆၄ နှင့် ၁၉၈၅ ခုနှစ်ကာလအတွင်း စစ်တပ်အုပ်ချုပ်ခဲ့ချိန် ဘရာဇီးနိုင်ငံအတွင်း လူပေါင်း ၅၀၀ နီးပါးပျောက်ဆုံးခြင်းသို့မဟုတ် သတ်ဖြတ်ခံရခြင်းများဖြစ်ပေါ်ခဲ့သည်။ လက်ရှိသမ္မတ ဒီမာရိုဆက်(ဖ်)အပါအဝင် ထောင်ပေါင်းများစွာသော ပြည်သူများ ဖမ်းဆီးခံရပြီး ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။

ဗိုလ်မှူးကြီးမော်ပေးကို နေအိမ်အတွင်း ဝင်ရောက်လာသူသုံးဦးက လည်ပင်းညှစ်သတ်ခဲ့ကြောင်း ၎င်း၏ဇနီးဖြစ်သူက ပြောကြားသည်။

**(ဘီဘီစီ)**

## အာဖဂန်မြောက်ပိုင်းရှိရွာများ မုန်တိုင်းဝင်ရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းရေလွှမ်းမှုများဖြစ်ပွား

**ကဘူးလ် မေ ၂၆**

အာဖဂန်နစ္စတန်မြောက်ပိုင်း၌ အားကြီးသော ရေလွှမ်းမှုများက အာဖဂန်ကျေးရွာများကို မွှေနှောက်ဖျက်ဆီးခဲ့ရာ ရွာသား ၁၀၀ကျော် ခိုကိုးရာမဲ့ဖြစ်သွားခဲ့သည့်အပြင် ၈၀ ထက်မနည်းတို့မှာလည်း သေဆုံးခဲ့ရကြောင်း အရာရှိများက ပြောသည်။ အချို့မှာ ၎င်းတို့၏အိမ်ခေါင်မိုးများအောက်တွင် ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးရဟတ်ယာဉ်များကို အသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ပြုလုပ်ခဲ့ကြသည်။

မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ အခြားပြည်နယ်များတွင်လည်း ရေလွှမ်းမိုးခံနေရကြောင်း သိရသည်။ အိမ်ခြေ ၃၀၀၀ ခန့် ပျက်စီးခဲ့ပြီး လူဦးရေ ၈၀ ကျော်ပျောက်ဆုံးနေသေးကြောင်း ဂျော်ဂျီယန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ဘီဘီစီသို့ ပြောသည်။ မုန်တိုင်းဝင်ရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ၎င်းပြည်နယ်ရှိ အိမ်အများစုမှာ ရွှံ့မြေများဖြင့် တည်ဆောက်ထားသဖြင့် ရွာသားများအတွက် ဘေးအန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# အာဖဂန်နိုင်ငံပါလီမန် ရွေးကောက်ပွဲရလဒ် အပြီးသတ် ကြေညာချက်ထုတ်

**ကဘူးလ် မေ ၂၆**

ရက်သတ္တသုံးပတ်ကြာ ဆန္ဒမဲပေးရွေးကောက်ပွဲ ကျင်းပအပြီး အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲမှ ပါလီမန် မဲရလဒ်များကို အပြီးသတ်ကြေညာပေးတော့မည်ဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

အစောပိုင်းတစ်စိတ်တစ်ပိုင်း မဲရလဒ်တွင် ယခင်နိုင်ငံခြားရေးဝန်ကြီး အဘူဒေါ်သည် မဲရလဒ် ၄၃ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိခဲ့သည်။

ကဘူးလ်မြို့မှ ဘီဘီစီသတင်းထောက် ဒေးဗစ်လော်ရန်က မဲပေးမှုတွင် လိမ်လည်မှုများရှိနေသည်ဟု ဆိုသည်။ တိုင်ကြားမှုများအား စီရင်ဆုံးဖြတ်ချက်ချမှတ်အပြီး မေ ၁၄ ရက်တွင် နောက်ဆုံးမဲရလဒ်ကို တရားဝင် ကြေညာပေးမည်ဖြစ်သည်။

လက်ရှိသမ္မတ ဟာမက်ကာဇိုင်းအနေဖြင့် တတိယသက်တမ်းကာလအတွက် ရွေးချယ်ခံခွင့် တားဆီးခံထားရသည်။ သမ္မတရာထူးအတွက် ကိုယ်စားလှယ်လောင်းရှစ်ဦး ယှဉ်ပြိုင်လျက်ရှိသည်။ ၅၀ ရာခိုင်နှုန်းကျော် မဲရလဒ်ပြတ်သားမှုမရှိပါက ယှဉ်ပြိုင်သူနှစ်ဦးကြား ဒုတိယအကျော့အဖြစ် ဆန္ဒမဲပေးမှု မေ ၂၈ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လာမည့်သမ္မတသစ်သည် ယခုနှစ်နှောင်းပိုင်း အာဖဂန်မှ ပြည်ပစစ်သားများဆုတ်ခွာစေရေးနှင့် တာလီဘန်တို့ တိုက်ခိုက်မှုများ အပါအဝင် များစွာသော စိန်ခေါ်မှုများအား ရင်ဆိုင်ရမည်ဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

# ဒလမြို့နယ်နေပြည်သူများအတွက် သောက်သုံးရေတိုးမြှင့်ပေးဝေ

ရီရီမြင့်၊ ဥမ္မာသန့်

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာလျက်ရှိသည်။ တိုးတက်များပြားလာသော မြို့နေပြည်သူများအတွက် အဓိကလိုအပ်ချက်သည် သန့်ရှင်းသော သောက်သုံးရေဖြစ်သည်။ ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်ဟူသော ဆိုရိုးစကားအတိုင်း လူတို့အတွက် မရှိမဖြစ်ရေရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နွေရာသီ ရေပေးဝေမှုအခြေအနေများနှင့် သောက်သုံးရေလုံလောက်စွာရရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာ(ရေနှင့်သန့်ရှင်းမှု) က ရေဖြန့်ဝေမှုစနစ်များ၊ ရေပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်ပေးမည့်အစီအစဉ်၊ ရေပေးဝေမှုပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်များရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မြို့နယ်များသို့ ယခုအခါ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်၊ ငမိုးရိပ် ရေသန့်စင်စက်ရုံ၊ တံခွန်တိုင် ရေပေးဝေရေးစခန်းနှင့် စက်ရေတွင်းများမှ တစ်ရက်လျှင် ရေဂါလန် သန်း၁၆၀ မှ ယခုအခါ ရေဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေပြည်သူများအား သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေးအတွက် ရေသယံဇာတအရင်းအမြစ်များ ရှာဖွေဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဒလမြို့နယ်နေပြည်သူများသည် ယခင်က သောက်သုံးရေကန် ၁၁၉ ကန်ကို အမှီပြုအားထားအသုံးပြုရသည်။ နောက်ပိုင်းတွင် လူဦးရေများပြားလာသည်က တစ်ကြောင်း၊ နွေရာသီကာလများတွင် ရေများခန်းခြောက်လာသည်က တစ်ကြောင်း၊ ရေကန်များတွင် ရေသုံးစွဲမှုများ ခက်ခဲလာသည်။

ယင်းခက်ခဲမှုများကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ရေသယံဇာတ အရင်းအမြစ်များ ရှာဖွေခဲ့ရာ ရေချိုများတစ်စုတစ်ဝေး ရရှိနိုင်မည့် ဒလမြို့နှင့် ကိုးမိုင်အကွာရှိ တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးတွင် ပင်မရေပေးဝေရေးစခန်းတစ်ခုကို ၂၀၀၀ ပြည့်နှစ်က အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ဘဏ္ဍာရေးနှစ်အလိုက် အားဖြည့်တိုးမြှင့်ဆောင်ရွက်ခဲ့ကာ ဒလမြို့နယ်သို့သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ဒလမြို့နယ်တွင် ၂၄ လက်မ ကွန်ကရစ်ပိုက်လိုင်း (၄ ဒသမ ၅)မိုင် ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်ပေါက်ရှိ ပင်မရေပေးဝေရေးစခန်းမှ ဒလမြို့သို့ သောက်သုံးရေဖြန့်ဝေပေးရာတွင် ဒလမြို့တစ်ဆင့်ခံ ရေပေးဝေရေးစခန်းရှိ ရေစုကန်သို့ ရေအားဖြည့် ကွန်ကရစ်ပိုက်များဖြင့် ဆက်သွယ်ပေးပို့ပြီး ယင်းမှတစ်ဆင့် ရေတွန်းစက်များဖြင့် တွန်းပို့၍ ဒလမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်ရှိသည့်အနက် ၁၀ ရပ်ကွက်သို့လည်းကောင်း၊ ရန်ကုန်ပေါက်ရှိ ပင်မရေပေးရေးစခန်းမှ ရပ်ကွက် ၁၀ ရပ်ကွက်သို့လည်းကောင်း၊ စုစုပေါင်း ရပ်ကွက် ၂၀ သို့နေ့စဉ်သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ကျန်ရှိသော ရပ်ကွက်လေးရပ်ကွက်နှင့် ကျန်ရပ်ကွက်များ သောက်သုံးရေပိုမိုဖြန့်ဝေပေးနိုင်ရန်အတွက် ယခင်အချင်းပိုက် ၁၆ လက်မမှ ယခု ၂၄ လက်မရေပို့ပိုက်လိုင်းများ ထပ်မံတိုးချဲ့ဆက်သွယ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

"ပိုက်လိုင်းမရှိသေးတဲ့ သမ္မတကမ်းခြေရပ်ကွက်ကို ၁၆ လက်မ ရေပို့ပိုက်ကို ထပ်ဆက်ပေးလိုက်တယ်။ ဒီနှစ်မှာ သမ္မတကမ်းခြေရပ်ကွက်ကို အုတ်ကန်တွေ ဆောက်ပြီးတော့ ရေပေးဖို့လုပ်နေတယ်။ ပိုက်လိုင်းရှိတဲ့နေရာတွေကို ပိုက်ကြီးတွေဆက်ပေးလိုက်တော့ ရေအားပိုကောင်းသွားတယ်။ ပိုက်လိုင်းမရှိတဲ့နေရာတွေမှာ အုတ်ကန်လေးတွေနဲ့ လတ်တလောရေရအောင် လုပ်ပေးထားတယ်။ နောက်ပိုင်းမှာ ရေရဖို့ပိုက်လိုင်းတွေ ထပ်ချိတ်ဆက်ဖို့ ကြိုးစားနေတယ်။ တဖြည်းဖြည်းနဲ့ အဲဒီရပ်ကွက်တွေမှာ ပိုက်လိုင်းစနစ်နဲ့ရေရဖို့ လုပ်ပေးသွားမှာပါ။ အရင်ဆုံးပိုက်ကြီးတွေ ချထားပေးထားတယ်။

"အရင်က ၁၆ လက်မပိုက်နဲ့ဆိုတော့ ရန်ကုန်ပေါက်ကနေ တစ်နေ့ကို ရေဂါလန် တစ်သန်းခွဲ၊ နှစ်သန်းအထိပေးနိုင်တယ်။ အခု ၂၄ လက်မပိုက်နဲ့ဆိုတော့ လေးသန်းခွဲ၊ ငါးသန်းအထိပေးနိုင်တယ်။ ရေတွန်းစက်ဆိုရင်လည်း ရန်ကုန်ပေါက်မှာ ၂၂ ကီလိုဝပ်နှစ်လုံးနဲ့ တွန်းပေးတယ်။ အခုဆိုရင် နောက်ထပ် ၃၇ ကီလိုဝပ်နှစ်လုံးပါ ထပ်ထည့်တွန်းပေးတယ်။ မြို့နယ်ရဲ့ အရှေ့ဘက်အပိုင်းမှာလည်း ရေတွန်းစက်တစ်ခု ထပ်ထိုင်ထားပြီး အားဖြည့်ပေးထားပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) လက်ထောက်ဌာနမှူး ဦးမျိုးသိန်းက ပြောပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအမံများဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာအပြည့်အဝ ရရှိတော့မည်ဖြစ်ပါကြောင်း။

# မော်တော်ယာဉ်များတွင် မီးသတ်ဆေးဘူး ဆောင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးအသိပေးနှိုးဆော်

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်အတွင်း နှစ်စဉ်ဖြစ်ပွားလျက်ရှိသော မီးလောင်မှုများ လျော့နည်းစေရေးအတွက် မီးဘေးသတိပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မီးလောင်မှုကြောင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် မီးစတင်လောင်ကျွမ်းချိန်တွင် အလွယ်တကူလျင်မြန်စွာ မီးငြိမ်းသတ်နိုင်သည့် ခေတ်မီမီးသတ်ဆေးဘူးများ ပြည်သူများ လက်ဝယ်ရှိနေစေရေးအတွက် မီးသတ်ဆေးဘူးများ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ မော်တော်ယာဉ်တိုင်း ဆောင်ထားရန် သတိပေးနှိုးဆော်ချက်များကို နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့် ပညာပေးထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၂၃ ရက်အထိ မော်တော်ယာဉ်မီးလောင်မှုအကြိမ် ၄၁ ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိကာ ငွေကျပ် ၂၂၂ သန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ မော်တော်ယာဉ် မီးလောင်မှုများအနက် မော်တော်ယာဉ်မီးလောင်မှု ငါးကြိမ်တွင် အသင့်ဆောင်ထားသော မီးသတ်ဆေးဘူးဖြင့် အချိန်မီ ငြိမ်းသတ်နိုင်ခဲ့သည့်အတွက် မီးလောင်ဆုံးရှုံးမှု နည်းပါးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

မော်တော်ယာဉ်နှင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းပေါ်၌ သွားလာနေသော မော်တော်ယာဉ်များအား မီးသတ်ဆေးဘူး ဆောင်ထားရေးအတွက် ရန်ကုန်နှင့်မန္တလေးတိုးဂိတ်များတွင် အမြန်လမ်း ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အသိပညာပေးစစ်ဆေးမှုများကို ဧပြီ ၂၃ ရက်မှစတင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခရီးသည်တင်/ကုန်တင် မော်တော်ယာဉ်ကြီးများတွင် အနည်းဆုံး ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 4 Kg နှစ်လုံး၊ မော်တော်ယာဉ်လတ်များတွင် အနည်းဆုံးဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 2 Kg နှစ်လုံးနှင့် မော်တော်ယာဉ်ငယ်များတွင် အနည်းဆုံးဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး 1 Kg တစ်လုံးထားရှိရန် နှိုးဆော်အသိပေး လျက်ရှိပါကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တမူးမြို့၌ တရုတ်နိုင်ငံသားရှစ်ဦးအား လက်နက်ငယ်များနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့၌ ဧပြီ ၂၅ ရက် ညနေပိုင်းက တရုတ်နိုင်ငံသား ရှစ်ဦးအား မော်တော်ယာဉ်တစ်စီး၊ လက်နက်ငယ်ရှစ်လက်၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မြန်မာနိုင်ငံမြေပုံ

တမူးမြို့၌ တရုတ်နိုင်ငံသားများထံမှ ဖမ်းဆီးရမိသည့် လက်နက်ငယ်များ၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ ဆက်သွယ်ရေးစကားပြောဆက်များ၊ တယ်လီ ဖုန်းများ၊ ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

တစ်ချပ်၊ တယ်လီဖုန်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဧပြီ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် တမူးမြို့အဝင် ၃ မိုင် စစ်ဆေးရေးဂိတ်သို့ ကလေးဘက်မှ ကားတစ်စီးမီးထိုးမောင်းနှင်လာသဖြင့် စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေးအဖွဲ့က စစ်ဆေးတားဆီးရာ ရပ်တန့်ပေးခြင်းမရှိဘဲ တမူးမြို့အတွင်း မောင်းပြေးသဖြင့် ကားနောက်သို့ လိုက်လံ ဖမ်းဆီးခဲ့သည်။ အဆိုပါ မော်တော်ယာဉ်သည် မြို့အတွင်းမှ ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း ပြန်လှည့်မောင်းနှင်ခဲ့ရာ ညနေ ၄ နာရီ ၃၅ မိနစ်တွင် မြို့အဝင် ၃ မိုင်ဂိတ်၌ ပိတ်ဆို့ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော ကားမှာ တိုယိုတာ အမျိုးအစား Double Cab ဖြစ်ပြီး ယာဉ်ပေါ်တွင် တရုတ်လူမျိုး ရှစ်ဦး စီးနင်းလိုက်ပါလာကာ ၎င်းတို့နှင့်အတူ လက်နက်ငယ်ရှစ်လက်၊ လက်နက်ငယ်ကျည် ၁၈၆၀၊ လက်ပစ်ဗုံး ၃၁ လုံး၊ ဆက်သွယ်ရေးစကားပြောစက်ငါးလုံး၊ တရုတ်စာဖြင့် ရေးသားထားသော မြန်မာနိုင်ငံမြေပုံတစ်ချပ်၊ စစ်သုံးဓားမြှောင်သုံးချောင်း၊ လက်ကိုင်ဖုန်း လေးလုံး၊ စစ်သုံးချပ်ဝတ်တန်ဆာရှစ်စုံ၊ အဝေးကြည့် မှန်ပြောင်းတစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသည့် တရုတ်လူမျိုး ရှစ်ဦးမှာ စီချွန်ပြည်နယ်နေကျန်းကျိန် ၁၇ နှစ်၊ ကျန်းယိန် ၁၇ နှစ်၊ ရန်ရှော်ဟုန် ၁၉ နှစ်၊ ကွမ်စီပြည်နယ်နေ ဖန်းစင်းချိန် ၂၁ နှစ်၊ ဟိုပေပြည်နယ်နေ လျိုလျန် ၂၁ နှစ်၊ ကွေကျိုးပြည်နယ်နေ လျိုယယ်ချန်း ၁၉ နှစ်၊ အန်းဝှီးပြည်နယ်နေ ဟန်လုလု ၂၅ နှစ်နှင့် လီထယ် ၂၂ နှစ်တို့ဖြစ်ကြသည်။

၎င်းတို့အနက် ကားမောင်းသူ ဟန်လုလုအား စကားပြန်ဖြင့် ပဏာမစစ်ဆေးမေးမြန်းချက်အရ ၎င်းတို့အဖွဲ့သည် ကိုးကန့်နယ်မြေ တန့်ယန်းအထက်ဘက်ရှိ မိုင်းကြက်ရွာတွင် စစ်သင်တန်း တက်ရောက်နေရာမှ တပ်စုမှူးဖြစ်သူ ဝူကြာဖူဆိုသူအား သတ်ပြီး စခန်းအတွင်းရှိ သော့တန်းလန်းဖြင့် တွေ့ရှိသောကားကို တက်မောင်းယူလာခြင်းဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့၏ ရည်ရွယ်ချက်နှင့် ဖြစ်စဉ်အမှန် ပေါ်ပေါက်စေရေးအတွက် ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ယာဉ်မောင်းအိပ်ငိုက်၊ လမ်းဘေးကပ်တုံးများတိုက်မိ

နေပြည်တော် ဧပြီ ၂၆

ယနေ့နံနက် ၃ နာရီခွဲခန့်က ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မောင်းအိပ်ငိုက်၍လမ်းဘေးကပ်တုံးများကို တိုက်မိမှုဖြစ်ပွားသည်။ (ဓါတ်ပုံ)

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ နေပြည်တော်သို့မောင်းနှင်လာသော လှိုင်သာယာမြို့နယ် (၁၂) ရပ်ကွက် ရွှေဝါထွန်း(၇)လမ်း အမှတ်(243-ခ) နေ ယာဉ်မောင်း သိန်းနိုင်လင်း(၃၃ နှစ်)မောင်းနှင်လာသော ၂စ/----- လင်ခရူဇာ အဖြူရောင်ယာဉ်သည် မိုင်တိုင်အမှတ်(၁၉၉/၂)နှင့် (၁၉၉/၃) ကြား မောင်းနှင်လာပြီး အိပ်ငိုက်သွားသဖြင့် လမ်းဘေးဝဲဘက်ခြမ်း၊ ဘာရီယာတုံးများကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဒက္ခိဏသီရိမြို့နယ် အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ အချိန်နှင့်တစ်ပြေးညီရောက်ရှိခဲ့ပြီး ကူညီပေးနိုင်ခဲ့သည်။ ယာဉ်ပေါ်တွင် အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦးပါရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရကာ ဒက္ခိဏသီရိမြို့နယ် အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

နိုင်ငံတာဝန်
ကျေပွန်အောင်
ကျသင့်အခွန်
မှန်မှန်ဆောင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ခေတ်နှင့်အညီ လိုရင်းတိုရှင်း -၁

မောင်ခင်မင်(ဓနုဖြူ)

" သူငယ်ချင်းရေ မြန်မာစာအရေးအသားနဲ့ပတ်သက်ပြီး သတင်းစာတွေ၊ ဂျာနယ်တွေမှာ မင်းရေးတဲ့ ဆောင်းပါးတွေလည်း ဖတ်ရတယ်။ တခြားစာရေးဆရာတွေ ရေးတာတွေလည်းဖတ်ရတယ်။ အင်မတန်ကောင်းပါတယ်ကွာ။ ဒါပေမယ့်. . ."

"ဒါပေမယ့် . . . ဘာဖြစ်သလဲ သူငယ်ချင်းရဲ့"

နယ်မှာနေသော သူငယ်ချင်းတစ်ယောက် ကျွန်တော့်ဆီအလည်အပတ်ရောက်လာရင်း ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကျကြသည်။ သူက ဆက်ပြောသည်။

" ဒါပေမယ့်- မင်းတို့ထောက်ပြတဲ့အမှားမျိုးတွေ သတိထားစရာတွေက သတင်းစာတွေ၊ ဂျာနယ်တွေ၊ အသံလွှင့်အစီအစဉ်တွေထဲမှာ 'မှားမြဲမှားဆဲ' ဖြစ်နေတာကို သတိထားမိလို့ပါကွာ"

" ဟုတ်တယ် သူငယ်ချင်း၊ ခု ငါရေးနေတာမျိုးတွေကို အရင်က ဆရာ့ဆရာကြီးတွေလည်း အစဉ်အဆက် ထောက်ပြတာတို့၊ ဆွေးနွေးတာတို့လည်း လုပ်ခဲ့ကြတာပါပဲ။ ခုခေတ်မှာလည်း မင်းပြောသလို ရေးသားဆွေးနွေးနေကြတာပါပဲ။ ဒါပေမယ့် အဲဒီလိုရေးတာတွေကို သတိမထားမိကြလို့ပဲလား၊ နဂိုကစွဲနေတဲ့အလေ့အကျင့်ကို ပြင်ဖို့ခက်နေလို့ပဲလား၊ ပြင်ရင်ကောင်းမှန်း မသိလို့ပဲလားတော့မသိဘူး။ မင်းပြောသလို 'မှားမြဲ မှားဆဲ' တွေ ဖတ်နေကြားနေရတုန်းပါပဲကွာ"

"အေး. . . ငါသတိထားမိတာက ဂျာနယ်ကြီးတစ်စောင်ဆိုရင်'ဦးထွန်းလွင်မှပြောကြားပါသည်၊ ဆရာတော်ကြီးမှ ဟောကြားပါသည်' ဆိုတာမျိုးတွေ တစ်စောင်လုံးတောက်လျှောက်ရေးတယ်။ ပြုလုပ်သူကို 'မှ' လို့သုံးတာ မှန်တယ်ဆိုပြီး တမင်များရေးနေကြသလားတောင် ထင်ရတယ်ကွ"

"အေး. . . အရင်ခေတ်တွေက ထင်ရှားတဲ့ ဒီးဒုတ်ဂျာနယ်တို့၊ ဂျာနယ်ကျော်တို့၊ လင်းယုန်ဂျာနယ်တို့၊ ပြည်သူ့ဂျာနယ်တို့၊ သတင်းဂျာနယ်တို့က စပြီး တို့လေးလေးစားစား ဖတ်ရတဲ့ဂျာနယ်ကြီးတွေကို ပြန်ကြည့်ရင် ဘယ်ဂျာနယ်မှာမှ အဲဒီလို 'မှ' နဲ့'က' မှားသုံးတာမျိုးမရှိခဲ့ပါဘူးကွာ။ မြန်မာစာအရေးအသားကို မမှားမယွင်းအောင် ဂရုစိုက်ခဲ့ကြတာပါပဲ"

" ဟိုတစ်နေ့က အသံလွှင့်အစီအစဉ်တစ်ခုမှာ မိန်းကလေးတစ်ယောက်က ကြေညာသွားတယ်။ ကဗျာရွတ်ပွဲသတင်းလေ။ 'ကဗျာဆရာများမှ ကဗျာများအား ရွတ်ဆိုကြပါတယ်' တဲ့။ ကဲ- သူငယ်ချင်း စဉ်းစားကြည့်စမ်းပါ။ အဲဒီမြန်မာစကားမျိုး အပြင်မှာ ဘယ်သူပြောမှာလဲကွာ။ 'ကဗျာဆရာများက ကဗျာများကို ရွတ်ဆိုကြပါတယ်' လို့ပဲပြောမှာပေါ့။ အပြင်မှာ တကယ်မင်းပြောတဲ့ 'မှ'တွေ၊ 'အား' တွေ ထည့်ပြောရင်ခံ့ညားတယ်ထင်ပြီး တမင်ထည့်ထည့်ပြောနေကြတာထင်ပါရဲ့ကွာ"

" ငါလည်း တစ်ခုသတိထားမိတာရှိတယ်။ အသံလွှင့်အစီအစဉ်တွေက သတင်းကြေညာတာ 'သည်' တွေနဲ့ 'တယ်'တွေနဲ့ အရောရော အထွေးထွေးပါပဲကွာ။ စာဖတ်သလိုကြေညာမယ်ဆိုရင် ဥပမာ 'နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပညာရှင်အဖွဲ့အား လက်ခံတွေ့ဆုံပါသည်' လို့ စာဆန်ဆန်ကြေညာရမှာပေါ့။ အဲ. . စကားပြောသလို ကြေညာမယ်ဆိုရင်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်ဟာ ပညာရှင်အဖွဲ့ကို လက်ခံတွေ့ဆုံပါတယ်' လို့ စကားပြောသလို ကြေညာရမှာပါ။ ခုတော့ မင်းနားထောင်ကြည့်။ 'နိုင်ငံတော်သမ္မတဦးသိန်းစိန်သည်' လို့ စာသံပေသံနဲ့စလိုက်ပြီး အဆုံးကျတော့ 'လက်ခံတွေ့ဆုံပါတယ်'လို့ စကားပြောသလို ပြောပြန်ရော။ စကားပြောမကျ စာမကျ ဖြစ်နေတာပေါ့ကွာ။ အဲဒီလိုကြေညာနေတာ တော်တော်ကြာနေပြီကွ"

> ❛ ခုခေတ်က သိစရာမှတ်စရာတွေ သိပ်များတဲ့ခေတ်လေ။ အချိန်နည်းနည်းအတွင်းမှာ များများသိနိုင်သလောက် သိအောင် တို့ကြိုးစားနေကြတာ မဟုတ်လား။ ဒီတော့ ဒီခေတ်မှာ လိုအပ်တဲ့စာအရေးအသားကလည်း တစ်ချိန်တုန်းက ပြောခဲ့ကြသလို ❛ လိုရင်းတိုရှင်း ❜ အရေးအသားမျိုးဖြစ်မှ ခေတ်နဲ့ဆီလျော်မှာပေါ့ကွာ

"အေး ရေဒီယိုတို့ တီဗွီတို့ကလွှင့်ထုတ်တဲ့စကားတွေကို 'စံစကား' အဖြစ် ဘာသာစကားပညာရှင်တွေက သတ်မှတ်ကြတယ်။ ဘာသာစကားတစ်ခုရဲ့အသံထွက်တို့၊ စကားအသုံးအနှုန်းတို့ကို စံအဖြစ်သတ်မှတ်ချင်ရင် အသံလွှင့်တဲ့ အသံထွက်တွေ အသုံးအနှုန်းတွေကို စံပြုပါလို့ဆိုကြတယ်။ တစ်နိုင်ငံလုံးက နေ့စဉ်ကြားရတဲ့စကားလုံးတွေမို့ တစ်ပြေးညီဖြစ်ဖို့၊ မှန်ဖို့ အရေးကြီးတာပေါ့ကွာ"

"ငါကတော့ တို့ရေးတာတွေကို တစ်ယောက်ကဖတ်မိပြီး သတိပြုမိသွားရင် တစ်ယောက်အမြတ်ပဲ၊ ၁၀ ယောက်ဖတ်မိပြီးသတိပြုမိသွားရင်လည်း ၁၀ ယောက်အမြတ်ပဲလို့ သဘောထားပါတယ်ကွာ။ ဒီလိုလုပ်ရင် 'မှားမြဲမှားဆဲ' တွေ တဖြည်းဖြည်းလျော့သွားမှာပေါ့။

"ကောင်းပါတယ် သူငယ်ချင်းရာ။ ဩော် ဒီနေ့မင်းနဲ့ဆွေးနွေးဖို့စဉ်းစားလာတဲ့ကိစ္စက တချို့စာအရေးအသားတွေ လိုရင်းမရောက်ဘဲ ဖောင်းပွနေတဲ့ကိစ္စပဲကွ"

"အေး. . . ဆိုစမ်းပါဦးကွာ"

"ဒီလိုလေ အကြောင်းအချက်တစ်ခုကိုရေးရာမှာ ဆိုပါတော့ စာလုံးငါးလုံးနဲ့ရေးလို့ရတာမျိုးကို စာလုံး ၁၀ လုံး၊ ၁၅ လုံးသုံးပြီးရေးတော့ မလိုအပ်တဲ့စာလုံးတွေများပြီး ဖောင်းပွနေတာမျိုး မကြာခဏတွေ့ရတယ်ကွ"

"မင်းမှတ်မိတဲ့သာဓကလေးတစ်ခုလောက် ပြောပြပါဦး"

"ဂျာနယ်တစ်စောင်မှာ ငါဖတ်လိုက်ရတယ်။ 'တာဝန်ရှိသူရောက်ရှိလာခြင်းမရှိသည့်အတွက် အစီအစဉ်ပျက်သွားကြောင်းသိရသည်' တဲ့၊ 'တာဝန်ရှိသူရောက်မလာသည့်အတွက်'လို့ရေးရင် စကားလုံးနည်းနည်းနဲ့ပြီးမယ့်ဟာကို 'ရောက်ရှိလာခြင်းမရှိသည့်အတွက်' ဆိုတော့ မလိုအပ်ဘဲ စကားလုံးတွေများနေတာပေါ့ကွာ"

"ဟုတ်တယ် သူငယ်ချင်း။ အကြောင်းအရာက ဘာမှပိုထူးမလာဘဲ စကားလုံးတွေ ဖောင်းပွနေတဲ့အရေးအသားမျိုးတွေ ရှိတတ်ပါတယ်။ တစ်ခါက ဆရာကြီးပီမိုးနင်းရေးဖူးတာတစ်ခုကိုသတိရတယ်။ မီးရထားလမ်းဖောက်တဲ့အကြောင်းကို 'မီးရထားလမ်းသွယ်တန်းဖောက်လုပ်သည်' လို့ စာတစ်ပုဒ်မှာရေးထားတာကို ဆရာကြီးတွေ့ရလို့ 'မီးရထားလမ်းဖောက်သည်' လို့ရေးရင် ပြီးတဲ့ဟာကို ဘာဖြစ်လို့ 'သွယ်တန်းဖောက်လုပ်'ဆိုပြီး စကားတံရှည်ရတာလဲဆိုတဲ့ သဘောမျိုးရေးဖူးတယ်"

"ဟုတ်တယ်ကွ၊ တို့နေ့တိုင်းသုံးနေတဲ့ စကားတွေမှာလည်း အဲဒီလို အဓိပ္ပာယ်တူစကားလုံးတွေ အတွဲလိုက်သုံးတာမျိုးတွေရှိတယ်မဟုတ်လား။ 'သွားသည်' ဆိုရင် ပြီးတာကို 'သွားရောက်သည်'လို့ ရေးတာမျိုး။ 'ကျေးဇူးတင်ပါသည်' ကို 'ကျေးဇူးတင်ရှိပါသည်' လို့ ရေးတာမျိုးတွေလေ"

"အေး. . . အစဉ်အဆက်တွဲသုံးကြတဲ့ စကားတွဲတွေအများကြီးပါပဲ။ 'နေထိုင်၊ မေးမြန်း၊ ပြောကြား၊ ပြောဆို၊ ဖမ်းဆီး'ဆိုတာမျိုးတွေလေ။ တွဲသုံးနေကျဆိုတော့ တစ်လုံးတည်းခွဲသုံးရင်ပဲ မပြည့်စုံသလို ထင်ကြတာလေ"

" ဟုတ်တယ်ကွ၊ 'ကျွန်တော် ဤရပ်ကွက်မှာနေသည်'ကို ရေးရင် မပြည့်စုံသလိုလို၊ 'နေထိုင်သည်'လို့ရေးမှ ပြည့်စုံသလိုလို ထင်တတ်တယ်လေ"

" အဓိပ္ပာယ်တူ စကားတွေတွဲပြီး သုံးလိုက်ရင် ခံ့ခံ့ညားညားရှိတာလည်းပါတာပေါ့။ ဒါပေမယ့် တွဲသုံးနေကျမို့ တွဲသုံးတာတော့ နေရာတိုင်းမကောင်းဘူးလေ။ ဆရာကြီးရွှေဥဒေါင်းလည်း ရေးဖူးတယ်။ ဥပမာ ပုဂ္ဂိုလ်တစ်ယောက် တစ်နေရာရာသွားတဲ့သတင်းကို 'သွားမည်'လို့ ရေးရင်မှန်ရဲ့သားနဲ့ 'သွားရောက်မည်'လို့ရေးလိုက်ရင် မှားတောင် မှားသွားနိုင်တယ်တဲ့။ အဲဒီ ပုဂ္ဂိုလ်ကအကြောင်းတစ်ခုကြောင့် သူသွားမယ့်နေရာကို မရောက်ရင် 'သွားရောက်' ဆိုတာ မှားတာပေါ့တဲ့။ မှတ်သားစရာပါပဲကွာ"

"အေး အဲဒီလိုတွဲသုံးလို့ အဓိပ္ပာယ်တိမ်းချော်သွားတာနဲ့ တစ်ခုသတိထားမိတယ်။ အကျဉ်းသားတွေ ပြန်လွှတ်တဲ့သတင်းကို စောစောပိုင်းက သတင်းစာတွေထဲမှာ အကျဉ်းသားများကိုစေလွှတ်ပေးလိုက်သည် ဆိုတာမျိုး ရေးလေ့ရှိတယ်ကွ။ မင်းသတင်းစာဟောင်းတွေ ပြန်ဖတ်ကြည့်ရင်တွေ့မယ်။ အမှန်က' လွှတ်လိုက်သည်၊ လွှတ်ပေးလိုက်သည်' ဆိုရင် မှန်နေတာ၊ 'စေလွှတ်' ကိုသုံးလိုက်တော့ တစ်နေရာရာကို သွားခိုင်းတဲ့ အဓိပ္ပာယ်ဖြစ်သွားတာပေါ့ကွာ"

"အေး 'လွှတ်' လို့ တစ်လုံးတည်းရေးရမှာ မပြည့်စုံဘူးလို့ထင်ပြီး တွဲသုံးနေကျအတိုင်း 'စေလွှတ်' လို့ ရေးတာထင်ပါရဲ့"

" ဟုတ်မှာပေါ့ကွာ၊ တချို့စကားတွေက အစဉ်အဆက် အတွဲလိုက်သုံးခဲ့ကြတာဆိုတော့ အဲဒီအတိုင်းပဲ လိုက်သုံးကြတာ မကြာခဏတွေ့ရတယ်လေ။ ဆိုပါတော့ မင်းငယ်ငယ်ကအကြောင်းကိုရေးတော့မယ်ဆိုရင် 'ငယ်စဉ်တောင်ကျေး ကလေးဘဝက' ဆိုတဲ့စကားကို အတွဲလိုက်သတိရပြီး အတွဲလိုက်သုံးလိုက်မိတာပဲလေ။ 'ငယ်စဉ်တောင်ကျေး' မထည့်ဘဲ 'ကလေးဘဝက' လို့သုံးရင်ပဲ တစ်ခုခုကိုလိုနေသလိုပဲလေ"

"အေး. . သုံးသာသုံးရတယ်၊ အဲဒီ ' ငယ်စဉ်တောင်ကျေး' ဆိုတာ အဓိပ္ပာယ်လည်း သေသေချာချာသိပါဘူးကွာ။ သုံးနေကျမို့သုံးလိုက်တာလေ"

"အဲဒီလိုပဲ 'နေထိုင်သည်'ကို မရေးဘဲ 'မှီတင်းနေထိုင်သည်' လို့ ရေးတာလည်း တွဲသုံးနေကျမို့သုံးတာပဲပေါ့ကွာ"

"ဒီတော့ စာအရေးအသား လိုရင်းမရောက်တဲ့ ဖောင်းပွရတဲ့အကြောင်းအရင်းတစ်ခုက ခုတို့ဆွေးနွေးကြသလိုပဲ တွဲသုံးနေကျအဓိပ္ပာယ်တူစကားတွေကို အထူးအထွေ မစဉ်းစားဘဲ အတွဲလိုက် လိုက်သုံးလေ့ရှိတာကြောင့်ပဲလို့ ဆိုရမှာပေါ့ သူငယ်ချင်းရယ်"

" ခုခေတ်က သိစရာမှတ်စရာတွေ သိပ်များတဲ့ခေတ်လေ။ အချိန်နည်းနည်းအတွင်းမှာ များများသိနိုင်သလောက် သိအောင် တို့ကြိုးစားနေကြတာ မဟုတ်လား။ ဒီတော့ ဒီခေတ်မှာ လိုအပ်တဲ့စာအရေးအသားကလည်း တစ်ချိန်တုန်းက ပြောခဲ့ကြသလို 'လိုရင်းတိုရှင်း' အရေးအသားမျိုးဖြစ်မှ ခေတ်နဲ့ဆီလျော်မှာပေါ့ကွာ။ အထူးသဖြင့် သုတစာပေအရေးအသားလို့ခေါ်တဲ့ သိစရာမှတ်စရာပေးတဲ့ အရေးအသားဟာ လိုရင်းလည်းရောက်မယ်၊ ရှင်းရှင်းလင်းလင်းလည်းရှိမယ်ဆိုရင် အဲဒီစာမျိုးရေးတဲ့သူရော ဖတ်ရတဲ့သူရော အချိန်ကို အကျိုးရှိရှိ သုံးရာရောက်တာပေါ့ သူငယ်ချင်းရာ။ ကဲ. . . ပြောရဆိုရတာမောသွားပြီ စကားနားကြဦးစို့"။ ။

## အပူချိန်မြင့်တက်မှုကြောင့် ကရင်ချောင်းရေတံခွန် အပန်းဖြေရေချိုးသူများဖြင့်စည်ကား

ရေတာရှည် ဧပြီ ၂၆

ယခုလအတွင်း နေ့အပူချိန်မြင့်တက်လျက်ရှိရာ အပူဒဏ်ကိုရှောင်ရှားသည့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာ အရှေ့ဘက်တောင်ပေါ်ရှိ ကရင်ချောင်းရေတံခွန်တွင် နေ့စဉ်အပန်းဖြေရေကစားသူများဖြင့် စည်ကားလျက်ရှိရာ ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူများသည်လည်း ဝင်ငွေကောင်းမွန်ပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ရေတာရှည်မြို့လယ် ရန်ကုန်-မန္တလေးကားလမ်းမှ အရှေ့ ကရင်ချောင်း-ထုံးဘို-လိပ်သိုလမ်းအတိုင်း ယာဉ်မျိုးစုံဖြင့်သွား၍ရပြီး ခရီးအကွာအဝေးမှာ ရှစ်မိုင်ခန့်သာရှိသည်။ ထို့အတူ တောင်ငူဘက်မှသွားသူများအနေဖြင့် တောင်ငူ-လိပ်သိုကားလမ်း ထုံးဘိုကျေးရွာမှ တစ်ဆင့်ခရိုင်ချင်းဆက်လမ်းအတိုင်း မြောက်ဘက်ကို ငါးမိုင်ခန့်သွားလျှင် ရေတံခွန်နေရာကို ရောက်ရှိသည်။ ကရင်ချောင်းရေတံခွန်မှာ ကျောက်တောင်နှင့် သစ်တောများအကြား အထက်သုံးမိုင်ခန့်မှ စတင်သွားရောက်နိုင်ပြီး ယခင်ကဆိုလျှင် လူသူအရောက်အပေါက်နည်း၍ ဒေသခံများပင် လမ်းပြသူပါမှသွားလို့ရပြီး ရောက်ရှိသူအလွန်ပင်နည်းပါးကြောင်း ကရင်ချောင်းကျေးရွာမှ ဦးမြင့်ဦးက ပြောပြသည်။ မြင့်မားမတ်စောက်သည့် ကျောက်သားနံရံများအကြား တစ်ဟုန်ထိုးကျဆင်းနေသည့်ရေမှာ ကြည်လင်အေးစိမ့်နေပြီး ကျောက်တုံးကြီးငယ်များနှင့်ပွတ်တိုက်သည့်အသံမှာ ညဆိုလျှင်စစ်တောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာများကပင် ကြားရသည်။ ရေတံခွန်များမှာ အမြင့်ကြီးမဟုတ်သော်လည်း ရေတံခွန်အမွှာ၊ ရေတံခွန်ကြီး၊ ရေတံခွန်လေး၊ ကျောက်ဖျာရေတံခွန်အစရှိသဖြင့် အဆင့်ဆင့်ကျဆင်းလာသည့် ရေတံခွန်များမှာ အလွန်ပင်သာယာလှပပြီး ဆွဲဆောင်မှုရှိလှသည်ကို တွေ့ရသည်။ မိသားစုအလိုက် မိတ်ဆွေအစုအဖွဲ့လိုက် မော်တော်ယာဉ်များနှင့်သော်လည်းကောင်း၊ ဆိုင်ကယ်များဖြင့်သော်လည်းကောင်း ထမင်းဟင်း၊ အခြားစားဖွယ်ရာအစုံအလင်ဖြင့် ပျော်ပျော်ပါးပါး လာရောက် လည်ပတ်ကြသည်။ "အရင်က တောတွေ အလွန်ထူတော့ သွားလာရတာအလွန်ခက်တယ်၊ အခုကျတော့ ကရင်ချောင်းကျေးရွာ ရွာသူရွာသားတွေစုပေါင်းပြီး လမ်းတွေဖောက်၊ တောတွေ ရှင်းပေးလို့ လာရောက်လည်ပတ်သူတွေ အဆင်ပြေပြေသွားလို့ရနေပြီ "ဟု ဒေသခံတစ်ဦးက ပြောပြသည်။ **ကိုလွင်(ဆွာ)**

## အသိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း၌ လူရှင်းသည့်ညပိုင်းအချိန်များတွင် မော်တော်ယာဉ်များအနေဖြင့် စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာကြောင်း တွေ့ရှိရသည်။

ထို့အပြင် ညပိုင်းတွင် ပါဝါအိပ်ဇောများဖြင့် ဆူညံစွာမောင်းနှင်ခြင်းကြောင့် မြို့တော်နေပြည်သူများအနေဖြင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ ၁၄၃(က)တွင် မြို့တွင်း တစ်နာရီ ၄၈ ကီလိုမီတာ မိုင် ၃၀ နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန် ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ မောင်းနှင်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဘက်စုံပညာထူးချွန်လူငယ်များ(သို့မဟုတ်) မျိုးဆက်သစ်လူရည်ချွန်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာ အဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများက ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦးတို့ ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက် ဧပြီလ စတုတ္ထပတ်အတွင်း နယ်အပန်းဖြေစခန်းများ (ငွေဆောင်အပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ ပုဂံအပန်းဖြေစခန်း) နှင့် နေပြည်တော်စုပေါင်းစခန်းသို့ စေလွှတ်အပန်းဖြေစေမည်ဖြစ်ပါသည်။ အပန်းဖြေစခန်းများတွင် ဘက်စုံပညာထူးချွန်လူငယ်များသည် အပန်းဖြေရင်း ဒေသန္တရ ဗဟုသုတရှာမှီးခြင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တအားများ ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးရန် လေ့ကျင့်သင်ကြားကြမည်ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် အဌမတန်းမှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၆ ဦးသည် ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း၊ နဝမတန်းမှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၅ ဦးသည် အင်းလေးအပန်းဖြေစခန်းသို့လည်းကောင်း၊ ဒသမတန်းမှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၄ ဦးသည် ငွေဆောင်အပန်းဖြေစခန်းသို့ လည်းကောင်း သွားရောက်အပန်းဖြေကြမည်ဖြစ်ပါသည်။ နယ်အပန်းဖြေစခန်းများတွင် ငါးရက်ခန့် အပန်းဖြေပြီးနောက် နေပြည်တော်စုပေါင်းစခန်းတွင် အခြားထူးချွန်လူငယ်များနှင့်လည်းတွေ့ဆုံပြီး အတွေ့အကြုံနှီးနှောဖလှယ်၍ အပန်းဖြေဗဟုသုတ ရှာမှီးကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန်လူငယ် ၅၁၀ ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ အဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၀ စီ ရွေးချယ်ခဲ့ပြီး ပုဂံအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ ငွေဆောင်အပန်းဖြေစခန်း၊ နေပြည်တော် စုပေါင်းစခန်းများသို့ အသီးသီး စေလွှတ်အပန်းဖြေစေခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်များကို ခရိုင်အလိုက် ရွေးချယ်ခဲ့ပြီး သတ်မှတ်ခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်အလိုက် စိစစ်ရွေးချယ်ခဲ့သည်။ မြန်မာပြည်တစ်နံတစ်လျား ခရိုင်ပေါင်းစုံမှ မြန်မာ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ မွန် . . . အစရှိသော တိုင်းရင်းသားပေါင်းစုံပါဝင်ကြသည်။ ဘက်စုံပညာထူးချွန်လူငယ်များသည် အပန်းဖြေစခန်းများတွင် နယ်ပေါင်းစုံမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမလူငယ်များနှင့် တွေ့ဆုံရင်းနှီးခွင့်ရကြမည်ဖြစ်ပါသည်။ ဒေသန္တရ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ၊ ရိုးရာယဉ်ကျေးမှုဓလေ့တို့ကို အချင်းချင်းရင်းနှီးခွင့်ဖလှယ်နိုင်ခွင့်ရကြမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှ စတင်ခဲ့သည်။ လူရည်ချွန်စီမံကိန်းအရ ဘက်စုံပညာ ထူးချွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသား ကျောင်းသူ လူငယ်များကို စိစစ်ရွေးချယ်၍ လူရည်ချွန်ဆုများချီးမြှင့်ခဲ့သည်။ တက္ကသိုလ်ဝင်တန်းတွင် သချာၤထူးချွန်သူများကို သချာၤလူရည်ချွန်ဆုများ ချီးမြှင့်ခဲ့သည်။ စီမံကိန်းစတင်သည့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လူရည်ချွန်ဆုနှင့် သချာၤလူရည်ချွန်ဆုချီးမြှင့်ခံရသူပေါင်း ၇၉၀၈ ဦး ပေါ်ထွက်ခဲ့သည်။ ယခုအခါတွင် ထိုလူရည်ချွန်ဆု သချာၤလူရည်ချွန်ဆုရရှိထားသူ ပါဝင်သော လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့သည် မျိုးဆက်သစ်လူရည်ချွန်များ

## ကျော်ငြေး လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့

ဖြစ်သော ဘက်စုံပညာထူးချွန်လူငယ်များကို အပန်းဖြေစခန်း အသီးသီးသို့ သွားရောက်တွေ့ဆုံဂုဏ်ပြုနှုတ်ဆက်ကြမည်။ အမှတ်တရပစ္စည်းများ ပေးအပ်ကြမည်။ သက်ကြီးလူရည်ချွန်များက သက်ငယ်လူရည်ချွန်များသို့ ဘဝအတွေ့အကြုံများကို လက်ဆင့်ကမ်းဟောပြောကြမည်။ ရသစာပေ၊ သိကောင်းစရာများကို သွားရောက်ဟောပြောကြမည်ဖြစ်ပါသည်။ နောင်တစ်ချိန် တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ကြရန် ယခုကတည်းက အစဉ်တစိုက် ကြိုးပမ်းအားထုတ်ကြရန်အားပေးတိုက်တွန်းစကား ပြောကြားကြမည်ဖြစ်ပါသည်။

သက်ကြီးလူရည်ချွန်များထဲမှ အချို့သည် ယခုအခါ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြခြင်းကိုလည်း ဝမ်းသာပီတိစကားပါးကြပါမည်။ သက်ကြီးလူရည်ချွန်များထဲမှ အားကျဖွယ်ရာ၊ အတုယူစံနမူနာပြုဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ အကြောင်းတရားကို လူငယ်များ အားကျအတုယူဖွယ်ဖြစ်အောင် လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့က သတင်းစကားပါးကြပါမည်။

ငပလီရွှေဝါချိုင် လူရည်ချွန်များ အပန်းဖြေစခန်းတွင် ဒေသန္တရ ဗဟုသုတ ရှာမှီးခြင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တအားများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် ၁၉၇၆ ခုနှစ် တက္ကသိုလ်လူရည်ချွန် မောင်မယ်များ၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်တွင် ဘက်စုံပညာထူးချွန်ဆုများကို ချီးမြှင့်ခဲ့သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ မြို့နယ်အဆင့်၊ စာပေဘာသာရပ်တစ်ခုချင်းအလိုက် ထူးချွန်ဆု၊ စာပေဘာသာရပ်ထူးချွန်ဆု၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှုထူးချွန်ဆုနှင့် ဘက်စုံပညာထူးချွန်ဆုများကို ချီးမြှင့်ခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ နယ်အပန်းဖြေစခန်းနှင့် နေပြည်တော်စုပေါင်းစခန်းများကို ဖွင့်လှစ်ခဲ့ပြီး ဘက်စုံပညာထူးချွန်လူငယ်များကို သွားရောက်အပန်းဖြေစေခဲ့သည်။

ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ပီပြင်စွာချမှတ်ခဲ့သည်။

(က) ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်။

(ခ) ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်နိုင်စေရန်။

(ဂ) မှန်ကန်သော အကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ဃ) အများနှင့်စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့်ဒေသန္တရဗဟုသုတများ ရရှိလာစေရန်။

(င) ကျောင်းသား ကျောင်းသူများ၏စံနမူနာပြုလူငယ်များပေါ်ထွန်းလာစေရန်။

ဘက်စုံပညာ ထူးချွန်လူငယ်စီမံကိန်း၏ ရည်ရွယ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် ကြီးကြပ်ရေးကော်မတီနှင့်ရွေးချယ်ရေးကော်မတီများကို အဆင့်ဆင့်စနစ်တကျဖွဲ့စည်းပြီး စိစစ်ရွေးချယ်ခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘက်စုံပညာ ထူးချွန်လူငယ် ၅၂၅ ဦး ပေါ်ထွန်းခဲ့ပြီး မကြာမီအချိန်တွင် အပန်းဖြေစခန်းများသို့ လာရောက်ကြတော့မည် ဖြစ်ပါသည်။

ဘက်စုံပညာထူးချွန်လူငယ်ဆုပိုင်ရှင် မျိုးဆက်သစ်လူရည်ချွန်များသည်-

- ဗလငါးတန်ဖွံ့ဖြိုးပြီးကိုယ်ပိုင်အရည်အသွေး အရည်အချင်းများကို အမြဲတမ်းတိုးတက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။
- အများက စံနမူနာပြုခံရသော လူရည်ချွန်၊ လူရည်မွန်တစ်ဦးအဖြစ် ရပ်တည်နိုင်အောင် အစဉ်တစိုက် ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။
- အနာဂတ်မှာ တိုင်းပြည်၏တာဝန်ကို စွမ်းစွမ်းတမံစွမ်းဆောင်နိုင်သော နိုင်ငံသားကောင်းများအဖြစ် ရပ်တည်နိုင်ကြပါစေဟု

လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့က စေတနာစကား၊ ဆုတောင်းစကားများနှင့်အတူ ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက်လိုက်ရပါသည်။ ။

# လူရည်ချွန်ကျောင်းသားကျောင်းသူများအား မိတ္ထီလာ သီးကုန်း ၂၈၅ မိုင်မှ ဂုဏ်ပြုပန်းကမ်း၍ကြိုဆို

**မိတ္ထီလာ မေ ၂၆**

မန္တလေးမှ ပုဂံအပန်းဖြေစခန်း သွားရောက်ပြီး လေ့လာရေးခရီး ထွက်ခွာမည့် အမှတ်(၂)အခြေခံပညာဦးစီးဌာန အဌမတန်းဘက်စုံထူးချွန် လူရည်ချွန်ကျောင်းသားကျောင်းသူများအဖွဲ့သည် မေ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခေတ္တခရိုင်ပညာရေးမှူး ဦးသက်လေးဦး၊ မြို့နယ်ပညာရေးမှူး၊ ခရိုင်မြို့နယ်တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ဂုဏ်ပြုပန်းကမ်း၍ ကြိုဆိုကြကြောင်း သိရသည်။

"မန္တလေးမှာ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို လေ့လာတယ်။ ပြီးတော့ မဟာမုနိရုပ်ရှင်တော်မြတ်ကိုဖူးမြော်ပြီး မိတ္ထီလာကိုခရီးဆက်လာတာပါ။ ၂၈၅ မိုင် (သီးကုန်း)က Famous စားသောက်ဆိုင်မှာ နေ့လယ်စာဝင်ရောက် စားသုံးတာပါ။ ပြီးရင်တော့ ပုဂံမှာဖွင့်လှစ်ထားတဲ့ အပန်းဖြေစခန်းကို သွားရောက်ပြီး ပုဂံ-ညောင်ဦး၊ ပုပ္ပားတောင်ကလပ်၊ ချောက်ရေနံချက်စက်ရုံ၊ စလေရုပ်စုံကျောင်း၊ ပခုက္ကူသီဟိုဠ်ရှင်ဘုရား၊ စည်သူရှင်သရက္ခန်ဘုရား၊ ပခမ်းကြီးကျောင်းတော် စတဲ့နေရာတွေကို အဆင့်ဆင့်သွားရောက်လေ့လာကြမှာ ဖြစ်ပါတယ်။ အဲဒီကနေ နေပြည်တော်မှာပြုလုပ်မယ့် လူရည်ချွန်ကင်းထောက်လူငယ် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲကို တက်ရောက်မှာပါ"ဟု လူရည်ချွန်ကျောင်းသားကျောင်းသူများအား ဦးဆောင်ကြီးကြပ်သည့် ပညာရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အဆိုပါ ပုဂံအပန်းဖြေစခန်းသို့ ခရီးထွက်ခွာသွားရောက်မည့် လူရည်ချွန် ကျောင်းသားကျောင်းသူအဖွဲ့တွင် ၁၇၆ ဦးပါဝင်ကာ တာဝန်ခံကြီးကြပ်သူနှင့်ကြီးကြပ်သူအဖွဲ့ဝင် ၄၀ ခန့် ပါဝင်ပြီး Famous စားသောက်ဆိုင်တွင် နေ့လယ်စာ စားသုံးပြီးနောက် ပုဂံ-ညောင်ဦးဒေသသို့ ခရီး ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ဘက်စုံထူးချွန် လူရည်ချွန် ကျောင်းသား ကျောင်းသူများအဖွဲ့ မိတ္ထီလာမြို့ သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကမ်း၍ ကြိုဆိုကြစဉ်။

## ပြည်တွင်းသတင်း

*ရှေ့ဖုံးမှ*

ကမ္ဘာတွင် လူမျိုးရေးကိုသာ ဦးစားပေးသည့်နိုင်ငံသည် အမြဲလိုလိုပဋိပက္ခဖြစ်ကာ ဆင်းရဲနေတတ်ပါကြောင်း၊ လူတစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၏ အရည်အချင်း၊ အရည်အသွေးကိုဦးစားပေးသည့်စနစ်မျိုးကသာ မှန်ကန်သောပြိုင်ဆိုင်မှုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ချမ်းသာသည့်လမ်းကြောင်းပေါ်ရောက်မှာ ဖြစ်ပါကြောင်း။

### စည်းစည်းလုံးလုံးဆောင်ရွက်

အလားတူ မိမိနှင့်သက်ဆိုင်သည့် စာပေ၊ ယဉ်ကျေးမှု၊ လူမှုစီးပွားတိုးတက်စေရန် မိမိတို့တစ်ဖွဲ့ချင်းစီ၏ တိုးတက်မှုအတွက် တစ်ဖွဲ့ချင်းကြိုးစားရန်လိုအပ်သကဲ့သို့ အဖွဲ့အချင်းချင်းလည်း စည်းစည်းလုံးလုံးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ဒုတိယသမ္မတအား အဖွဲ့လိုက်တစ်ဖွဲ့ချင်းစီ ဂါရဝပြုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့က တိုင်းရင်းသားယဉ်ကျေးမှုလူငယ်များအား ဆုများချီးမြှင့်ပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှမ်းတိုင်းရင်းသူ မနန်းအွန်ခမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒုတိယသမ္မတက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြောင်ဇီး(ခ)မှုန့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အား ထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)

*ကျောဖုံးမှ*

အားလုံးအပြိုးကိုယ်စီဖြင့် ရေခပ်ယူနေကြသည်မှာ တပျော်တပါးပင်ဖြစ်သည်။ "ရေအလှူရှင်ကားတွေလာတော့ ရေဝယ်မသုံးရဘူးပေါ့။ ရေက နွေဆိုရင် ဒုက္ခရောက်တယ်။ ရေလုံလောက်စေဖို့ တည်ဆောက်ရေးတွေလုပ်နေတာကို မြင်တွေ့ရပါတယ်။ နောက်နှစ်တော့ အဆင်ပြေကောင်းပါရဲ့။ ဒီနှစ်မှာတော့ ရေတစ်ထမ်းကို ငွေကျပ် ၂၀၀ နဲ့ ဝယ်သုံးနေရတာ။ အလှူရေကားက ရေရရင်နှစ်ရက်သုံးရက်တော့ ရေဖူလုံပါတယ်"ဟု ဒေသခံတစ်ဦးက ရေအလှူခံယူရင်း ပြောပြသည်။ အပူပိုင်းဒေသများတွင် မိုးခေါင်ရေရှားတတ်သည်ကို ငယ်စဉ်ကကြားဖူးသည်။ သို့သော် ပင်လယ်နှင့်နီးသည့် ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင်လည်း အဝီစိတွင်းတူးမရ၍ မိုးရေကို အားထားရသူများမှာ မိုးကောင်းစွာမရရှိ၊ နေပူချိန်မြင့်တက်သဖြင့် ရေဒုက္ခကြုံကြရသည်။ ယုတ်စွအဆုံး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယုဇနဥယျာဉ်မြို့တော်အပါအဝင် ဒဂုံဆိပ်ကမ်းမြို့သစ်နှင့် ကွမ်းခြံကုန်း၊ ဒလအစရှိသည့် နေရာများတွင်ပါ သောက်သုံးရေရှားပါးမှု နှစ်စဉ်ကြုံတွေ့နေရပြီး ယခုနှစ် လည်း ထိုနည်းလည်းကောင်း မြင်တွေ့ရသည်။

"နွေရာသီမှာ ရေလှူတာက ကုသိုလ်ရေးဖြစ်ပေမယ့် ရေတိုဖြေရှင်းတဲ့ နည်းလမ်းတစ်ခုပါ။ ကျွန်တော်တို့အရှိန်အဟုန်မြှင့်တင်ပြီး သေချာစွာလေ့လာစရာတွေရှိနေတယ်။ နိုင်ငံတော်အစိုးရက ခွင့်ပြုရန်ပုံငွေတွေ ချပေးနေတာ မြင်တွေ့နေရပါတယ်။ သုံးစွဲမှုက အမှန်တကယ်ထိရောက်မှုရှိရဲ့လားဆိုတာ အဖြေရှာဖို့လိုအပ်တယ်။ ဥပမာပြောရရင် ရေတွင်းရှိတဲ့ ကျေးရွာတွေကို ရေတွင်းထပ်တူးပေးပြီးအချို့ရွာတွေကျမရတာမျိုးပေါ့။ ဆိုလိုတာက နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို အမှန်တကယ်အကျိုးရှိစွာသုံးစွဲနေသလားဆိုတာကို ယခုထက်ပိုပြီး လေ့လာစောင့်ကြည့်မှုတွေ လိုအပ်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေလှူဒါန်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူ ဦးမျိုးတင့် (မြတ်စေတနာ) က ပြောကြားသည်။

အပူပိုင်းဒေသများတွင် ရေရှားပါးခြင်းကြောင့် ရေထွက်ရာအရပ်မှ သယ်ယူထမ်းပိုးရန် ခက်ခဲသဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းကာ ရောဂါဘယများ ထူပြောနေရကြောင်း၊ ရေတွင်းရေကန်များ တူးဖော်ပေးရာတွင်လည်း အမှန်တကယ်လိုအပ်နေသည့် နေရာများကို ရောက်ရှိသင့်သည့် ရာခိုင်နှုန်းပြည့်မီရန်လိုအပ်ကြောင်း၊ အများစုသောကျေးရွာများမှာ ဒေသခံအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နယ်မြေခံတပ်ရင်းများမှ လာရောက်လှူဒါန်းသည့် သောက်သုံးရေများကိုမျှော်လင့်နေရကြောင်း၊ နှစ်စဉ်နွေရာသီရောက်တိုင်း ယခုလိုပင်ကြုံတွေ့နေရပြီး အလှူရှင်များ၏ လှူဒါန်းမှုမှာလည်း တစ်ရွာကို တစ်နွေလျှင် အများဆုံးနှစ်ကြိမ်ခန့်သာ ရရှိတတ်ကြောင်းနှင့် အချို့သော သောက်သုံးရေကန်ရှိသည့် ကျေးရွာများတွင်လည်း ရေခပ်ယူခြင်းကို အချိန်နှင့်ကန့်သတ်ကာ သုံးစွဲခပ်ယူနေရကြောင်း ကျောက်ပန်းတောင်းမြို့နယ် ငွေချိုကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

"ရေကတော့ နွေရာသီရောက်တိုင်း လှူဖြစ်ပါတယ်။ အညာဒေသတွေမှာ ရေရှားတာပဲလူတွေကသိတာလေ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေက မြို့နယ်တွေမှာ ရေဒုက္ခရောက်တာ လူသိနည်းတယ်။ ကျွန်တော်တို့ဘက်က အခက်အခဲတွေလည်း အများကြီးရှိတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက အလှူရှင်တွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးတာမျိုး လိုအပ်နေတယ်။ ရန်ကုန်ကနေ ရေကားထွက်တယ်ဆိုရင် ကုန်ကျစရိတ်က ငွေကျပ်ငါးသိန်းကနေ ဆယ်သိန်းလောက်ကုန်တယ်။ ရေအလေးချိန်က သွားလာရေးမှာ အနှောင့်အယှက် ဖြစ်ရတယ်။ တကယ်လို့ သက်ဆိုင်ရာအာဏာပိုင်တွေက အလှူရှင်တွေအတွက် ရေထွက်တဲ့ ကြားခံမြို့တစ်မြို့မှာ ဖြစ်ဖြစ် စုရပ်ရေစခန်းလိုမျိုး လုပ်ပေးထားမယ်ဆိုရင် အလှူရှင်တွေလည်း သက်သာမယ်၊ အခေါက်ရေလည်း ပိုတိုးလှူနိုင်မယ်" ဟု မေတ္တာရတနာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ မစပယ်အောင်မြင်က ပြောကြားသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မိုးခေါင်ရေရှား အပူပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့အပါအဝင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေကြရပြီး ရန်ကုန်တိုင်းဒေသကြီးရှိ အဝီစိတွင်းများမှ ရေချိုမရရှိနိုင်သည့် ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ လပွတ္တာ၊ ဘိုကလေးနှင့် ငပုတောစသောမြို့နယ်များတွင်လည်း သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ နိုင်ငံရေးနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် နယ်မြေခံတပ်ရင်းများ၊ စေတနာရှင်များက ရေကားများ နေ့စဉ်ထွက်ရှိကာ ရေကုသိုလ်ပေးဝေခြင်း ပြုလုပ်လျက်ရှိကြသည်။

ယူနက်စကိုအဖွဲ့၏ အစီရင်ခံစာများအရ နောင်နှစ်ပေါင်း ၃၀ တွင် ကမ္ဘာ၌ ရေရှားပါးမှုဒဏ်ကို ပြင်းထန်စွာခံစားရနိုင်ပြီး ရေလိုအပ်ချက် အမြင့်မားဆုံးဒေသမှာ အာရှဒေသဖြစ်လာဖွယ်ရာရှိကြောင်း သိရသည်။ ကမ္ဘာ့ရေအရင်းအမြစ် အစီရင်ခံစာအတွင်း ယခု ၂၀၁၄ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် သောက်သုံးရေ လုံလောက်စွာမရရှိသော လူသားရင်းမြစ်ပေါင်း ၇၆၈ သန်း ကျော်ရှိနေကြောင်း၊ ကမ္ဘာကြီး၏မြေအောက်ရေမှာလည်း တဖြည်းဖြည်း ခန်းခြောက်လာနေပြီး ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းလျက်ရှိကြောင်း ယူနက်စကိုအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။ မည်သို့ပင်ဆိုစေ နွေနှင့်ရေအရေးကိုတော့ မြန်မာပြည်သူများ ကြုံတွေ့နေရဦးမည်ဖြစ်ပါသည်။

**(မြန်မာ့အလင်း)**

သောက်သုံးရေအတွက် အချိန်အကန့်အသတ်များဖြင့် ရေချိုရေကန်အတွင်း ရေခပ်ယူကြရသည့် ဒေသခံများကို တွေ့ရစဉ်။

# ကရင်လူငယ်နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဧပြီ ၂၆**

ကရင်လူငယ် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ရက် ညနေ ၄နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်ခွဲ ဝါးဖွန်းအုပ်ကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ KNU ကရင်အမျိုးသားအစည်းအရုံး (မြိတ်/ ထားဝယ်ခရိုင်)ဥက္ကဋ္ဌ ဖဒိုစောဘီလယ်တို့က ကရင်လူငယ်နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံအား တက်ရောက်လာသူများက အလေးပြုကြသည်။

ထို့နောက် KNU ကရင်အမျိုးသားအစည်းအရုံး (မြိတ်/ထားဝယ်ခရိုင်) ဥက္ကဋ္ဌ ဖဒိုစောဘီလယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက ကရင်တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ကော်မတီဥက္ကဋ္ဌ နော်မေးလ်ဒြက်ထံသို့ ပေးအပ်ပြီး**(အောက်ပုံ)** တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ကရင်တိုင်းရင်းသားများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို KNU ကရင်အမျိုးသားအစည်းအရုံး (မြိတ်/ထားဝယ်ခရိုင်) ဥက္ကဋ္ဌထံသို့ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲကို ကရင်အမျိုးသားသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ KNUကရင်အမျိုးသားအစည်းအရုံး (မြိတ်/ထားဝယ်ခရိုင်) ဖဒိုစောဘီလယ်၊ ပုလောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး၊ ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ဒေသခံကျေးရွာမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၄၀၀ တက်ရောက်သည်။ ကရင်လူငယ်နှီးနှောဖလှယ်ပွဲသို့ ကရင်လူငယ် ၄၅၀ ခန့် တက်ရောက်မည်ဖြစ်၍ နှီးနှောဖလှယ်ပွဲကို ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မိုးရေချိန် စံချိန်သစ်

**နေပြည်တော် ဧပြီ ၂၆**

ဧပြီ ၂၆ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်စခန်းမှ တိုင်းထွာရရှိသည့် မိုးရေချိန် စံချိန်သစ်မှာ ၇၁ မီလီမီတာ (၂ ဒသမ ၇၉ လက်မ)ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၅-၄-၂၀၁၄ ရက်က တိုင်းထွာရရှိခဲ့သည့် ၆၅ မီလီမီတာ (၂ ဒသမ ၅၅ လက်မ)ဖြစ်ပြီး စခန်းဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၂၃ နှစ်အတွင်း အမြင့်ဆုံးဖြစ်သည်။

# မိုးလေဝသအခြေအနေ

၂၆-၄-၂၀၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

## နိုင်ငံတကာဘောလုံး အနိုင်အရှုံးပွဲစဉ်များ

၂၆-၄-၂၀၁၄

### ဂျာမန်ဘွန်ဒက်စ်လီဂါ

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၅ - ၂ | ဘရီမင် |
| ဝုဖ်ဘတ် | ၂ - ၂ | ဖရိုင်းဘတ် |
| ဟော်ဖန်ဟိမ်း | ၀ - ၀ | ဖရန့်ဖတ် |
| မိန့်ဇ် | ၂ - ၀ | နူရင်ဘတ် |
| ဟာသာဘာလင် | ၂ - ၀ | ဘရန့်ရှ်ဝစ် |

### ပရီမီယာလိဂ်

| | | |
|---|---|---|
| ဖူလ်ဟမ် | ၂ - ၂ | ဟားလ် |
| စတုတ် | ၀ - ၁ | စပါး |
| ဆွမ်ဆီး | ၄ - ၁ | ဗီလာ |
| ဝက်စ်ဘရွန်း | ၁ - ၀ | ဝက်စ်ဟမ်း |

# မြန်မာအမျိုးသမီးကင်းထောက်များ

ကင်းထောက်ဆိုသည်မှာ သူတစ်ပါးကို ကူညီရန်နှင့် မည်သည့်အရေးပေါ်ကိစ္စကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် ဆောင်ရွက်ဖြေရှင်းကြသူများပင် ဖြစ်သည်။ တစ်ချိန်က မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်များ(Girl Guides) များ၏ လှုပ်ရှားမှုသမိုင်းများရှိခဲ့ပြီး ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာ လှုပ်ရှားဆောင်ရွက်နေပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကင်းထောက်ဖွဲ့စည်းဆောင်ရွက်မှုကို ၁၉၀၈ ခုနှစ်က စတင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အမျိုးသမီး ကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်က သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် နိုင်ငံတော်ကတာဝန်ယူ စတင်ဖွဲ့စည်းကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှကင်းထောက်အဖွဲ့ချုပ်နှင့် ဆက်သွယ်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ၂၀၁၂ ခုနှစ်မှစတင်ကာ ကင်းထောက်များ ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ပြီ ဖြစ်သည်။

ကင်းထောက်အမျိုးသမီးများ ကို သုံးမျိုးခွဲခြားထားပြီး အသက် ၇ နှစ်မှ ၁၁ နှစ်အထိကို ငှက်ပြာကင်းထောက်များ၊ ၁၂ နှစ်မှ ၁၈ နှစ်အထိကို ကင်းထောက်အမျိုးသမီးများ၊ အသက် ၁၉ နှစ်မှအထက်ကို သက်ကြီးကင်းထောက်များဆိုပြီး ခွဲခြားထားကြောင်း သိရှိရသည်။

**ဒုတိယကင်းထောက်ချုပ်**
**ဒေါ်စောဥမ္မာ**
**မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့**

ကျွန်မတို့ မြန်မာနိုင်ငံကနေပြီး ကင်းထောက်တွေ လွှန်ခဲ့တဲ့ ၄၇ နှစ်လောက်ကတည်းက စတင်ပြီး ရပ်ဆိုင်းသွားခဲ့တာပါ။ ဒီမှာ ကျွန်မတို့တစ်တွေက အသက် ၁၆ နှစ်လောက်ရှိပြီပေါ့။ အဲဒီကတည်းက ရပ်သွားတဲ့ ကင်းထောက်ကြီးတွေကို ပြန်လည်တွေ့ဆုံဖို့ဆိုပြီး ပညာရေးဝန်ကြီးဌာနက ဖိတ်ခေါ်တဲ့အတွက် စိန်ရတုခန်းမမှာ ကျွန်မသွားရောက်တက်ခဲ့ပါတယ်။ အဲဒီလို တက်ရောက်ရာကနေ ကျွန်မကင်းထောက်အဖွဲ့ထဲကို ပြန်လည်ရောက်ရှိတာဖြစ်ပါတယ်။ အဲဒီတော့ ကင်းထောက်အဖွဲ့

ထဲကို ပြန်လည်ရောက်ရှိတယ်ဆိုတော့ ၄၇ နှစ်လောက် ကြာနေပြီဖြစ်တဲ့အတွက် အကုန်လုံးတော့ မေ့ကုန်ကြပြီပေါ့နော်။ ကျွန်မအနေနဲ့ ပထမတော့ Bluebird မှန်းမသိ၊ ကင်းထောက်မှန်းမသိ ကျွန်မတော်တော်ဝေဝေဝါးဝါးကို ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တီချယ်ကပြောပါတယ်။ ကျွန်မတို့က ကင်းထောက်တွေ ဖြစ်ခဲ့တယ်ဆိုတဲ့အတွက် ကင်းထောက်တွေရဲ့ လိုတဲ့ဟာတွေ အကုန်လုံးကို ပြန်လည်လေ့လာဖို့ လိုတယ်လို့ထင်တဲ့အတွက် ပထမဆုံး အခမ်းအနားလေးကို နေပြည်တော်မှာ သွားရောက်ပြီးတော့ ပြုလုပ်ပါတယ်။ ကလေးတွေနဲ့အတူ ကျွန်မရန်ကုန်ကနေ မီးရထားနဲ့ လိုက်သွားပါတယ်။ လိုက်သွားပြီးတော့ ဟိုမှာလည်း ကလေးတွေနဲ့အတူနေ ပြီးတော့ စခန်းချတဲ့နေရာတွေ အကုန်လုံးကို လိုက်ပြီးတော့ အတွေ့အကြုံယူပါတယ်။

အဲဒီခရီးစဉ်မှာပဲ သမ္မတကြီးက ကျွန်မတို့တစ်တွေကို ဒီဘက်စုံလူရည်ချွန်များနဲ့အတူ ညစာစားပွဲလေးပြုလုပ်ပေးပါတယ်။

ကျွန်မတို့တစ်တွေက လာမယ့် ဇူလိုင်လမှာ ဒီ (၃၅)နှစ်မြောက် ကမ္ဘာ့ကင်းထောက်ညီလာခံကို သွားပြီးတော့ Associate Membership ရရှိဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို Associate Membership ရရှိဖို့ ကျွန်မတို့မြန်မာနိုင်ငံမှာ ကင်းထောက်အဖွဲ့ရဲ့အုပ်ချုပ်ပုံဥပဒေက လိုအပ်ပါတယ်။ အုပ်ချုပ်ပုံဥပဒေရေးဆွဲဖို့ကိုလည်း ဥပဒေအသစ်ပြဋ္ဌာန်းပြီး ရေးဆွဲပါတယ်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ရဲ့ လမ်းညွှန်ချက်တွေ၊ နိုင်ငံတကာရဲ့ကင်းထောက်တွေရဲ့ ဥပဒေမူကြမ်းတွေ၊ ဥပဒေတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားကင်းထောက်အဖွဲ့ရဲ့ ဥပဒေတွေကို လေ့လာပြီးတော့မှ ကျွန်မတို့အမှုဆောင်ကင်းထောက်အမျိုးသမီးတွေအားလုံး ပေါင်းပြီး ရေးဆွဲခဲ့ပြီးပြီဖြစ်ပါတယ်။ အဲဒီရေးဆွဲထားတဲ့Constitution ကို ကျွန်မတို့တစ်တွေ ရှေ့နေချုပ်ရုံးကို တင်ရပါတယ်။ ရှေ့နေချုပ်ရုံးကနေ လက်ခံပြီးတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေ တစ်ဆင့် လွှတ်တော်ကိုတင်ရပါတယ်။ အဲဒီလွှတ်တော်က အတည်ပြုပြီးရင် ကျွန်မတို့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရရှိမှာဖြစ်ပါတယ်။

ကမ္ဘာ့ ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရရှိလာရင် ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ကင်းထောက်အမျိုးသမီးငယ်လေးတွေကလည်း နိုင်ငံခြားကိုသွားပြီး အတွေ့အကြုံရသလို မြန်မာနိုင်ငံကိုလည်း သူတို့နိုင်ငံတွေကနေ လာရောက်ပြီးတော့ အတွေ့အကြုံတွေဖလှယ်ကြမှာဖြစ်ပါတယ်။ အဲဒီလိုတွေ ဖြစ်လာမယ်။ နောက် Training တွေ၊ Program တွေ အများကြီးဖြစ်ပေါ်လာတဲ့အခါ ကျွန်မတို့အတွက် တန်ဖိုးရှိတဲ့ အမျိုးသမီးလေးတွေ အများကြီး ပေါ်ထွက်လာ မှာဖြစ်ပါတယ်။

**ဒေါ်တင်ညွန့်ဦး**
**(ပညာရေးကော်မတီဝင်)**
**မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့**

၁၉၅၁ ခုနှစ်က စတယ်ပေါ့။ အဲဒီကနေစပြီးတော့ အန်တီတို့ Bluebird တွေဖြစ်ခဲ့တယ်။ ၁၀ နှစ်ကျော်၊ ၁၂ နှစ်ကျော်ပိုင်းတွေက Girl Guides တွေဖြစ်ခဲ့တယ်။ အဲဒီအချိန်ကတည်းက အန်တီကကျောင်းမှာ Girl Guides အသင်းဝင် ဖြစ်ခဲ့တယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ သတင်းစာမှာ မြန်မာကင်းထောက်များကို ပြန်လည်ပြီးတော့ ဖော်ထုတ်မယ်ဆိုပြီးပါလာတော့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ စိန်ရတုခန်းမမှာ ပညာရေးဝန်ကြီးအမှူးပြုပြီး ကင်းထောက်အမျိုးသမီး၊ အမျိုးသားတွေကို ပြန်လည်ဖိတ်ခေါ်တယ်။ အဲဒီမှာ အန်တီတို့ရောက်ခဲ့တယ်။ ပြီးတော့ အဲဒီမှာ အန်တီတို့က သက်ကြီးကင်းထောက်အမျိုးသမီး အသက် ၆၀ ကျော်ပိုင်းပေ့ါ။ အန်တီတို့ထက် အသက်ကြီးတဲ့သူလည်း ရှိပါတယ်။ အသက် ၇၀ ကျော်ပိုင်းတွေလည်းရှိတယ်။

အဲဒီမှာ ရောက်ပြီးတော့မှ နိုင်ငံတကာက ကင်းထောက်ကြီးတွေလည်းလာကြပါတယ်။ အန်တီတို့ အရွယ်တွေပေ့ါနော်။ အခုဒီမှာ တွေ့ဆုံနေတဲ့ ကင်းထောက်ကြီးတွေက အဲဒီအခါကျမှ ပြန်တွေ့တဲ့ ကင်းထောက်ကြီးတွေ ဖြစ်တယ်။ ငယ်ငယ်တုန်းက မသိခဲ့ကြဘူးပေ့ါနော်။ အဲဒီတော့မှ သူကဘယ်ကျောင်းက ကိုယ်ကဘယ်ကျောင်းက ကင်းထောက်အလုပ်တွေ လုပ်ခဲ့ကြတယ်ပေ့ါ ငယ်ငယ်က။ အဲဒီလို အတွေ့အကြုံတွေနဲ့ရောက်လာတာ ဖြစ်ပါတယ်။

**ဒေါ်မြသန္တာဝင်း**
**မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့**

ကင်းထောက်က အစ်မတို့အမေ လက်ထက်ကတည်းက အစ်မတို့ ငယ်ငယ်ကဝင်ခဲ့တာပါ။ အစ်မတို့အမေရဲ့ ဓာတ်ပုံတွေကို ကြည့်ပြီးတော့ အခုလှုပ်ရှားမှုတွေတွေ့ပြီးတော့ စိတ်ပါဝင်စားလို့ ဝင်ပြီးလုပ်ဆောင်နေတာပါ။ ဝင်တဲ့နောက်ပိုင်းမှာလည်း လှုပ်ရှားမှုတိုင်းမှာလည်း သင်တန်းတွေဖွင့်တိုင်းလည်း အစ်မတို့တက်ရောက်ခဲ့ပါတယ်။

**မမြတ်ဆုလင်း**
**အထက(၂)လသာ**

လူမှုရေးလုပ်ငန်းသက်သက်လို့ ခံယူထားပါတယ်။ သူတစ်ပါးတွေကို ကူညီပေးချင်တဲ့စိတ်နဲ့ ဒီ

သင်တန်းကို တက်ရောက်ခဲ့တာပါ။ မတက်ခင်တုန်းကတော့ နည်းနည်းစိုးရိမ်စိတ်ရှိခဲ့ပါတယ်။ တက်ပြီးတော့ သူတစ်ပါးတွေကို ကူညီချင်စိတ်လည်း ဖြစ်လာပါတယ်။

ယခုအခါ ကျောင်းပေါင်း ၇၈ ကျောင်းမှ အမျိုးသမီးကင်းထောက် ၅၀၀၀ ကျော်ကို မွေးထုတ်ထားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ရန်အတွက်လည်း သတ်မှတ်စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်းထောက်အမျိုးသမီးများ Girl Guides များအနေဖြင့် ကင်းထောက်များ၏ကတိနှင့် ကျင့်အပ်တဲ့ဝတ္တရားများကို သစ္စာရှိစွာဖြင့် နေ့စဉ်နေ့တိုင်း သွားလာလုပ်ကိုင်ပြောဆိုသည့်နေရာတွင် သတိချပ်ပါက အမိမြန်မာပြည်ကြီး၏ ဂုဏ်ကျက်သရေကို ဆောင်နိုင်သည့် အမျိုးသမီးရတနာလေးများ ဖြစ်လာမည်ဖြစ်ပါကြောင်း။ ။

**မြန်မာ့သတင်းစဉ် သတင်းအဖွဲ့**

အမျိုးသမီး ကင်းထောက် လူငယ်များကို တွေ့ရစဉ်။

## အမျိုးသားအမှတ်ပေးဟော်ကီပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအမှတ်ပေးဟော်ကီပြိုင်ပွဲကို မေ ၃ ရက်တွင် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်သည်။

အထက်ပါ ဟော်ကီပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ SKY WINGS TONG TAH ROYA-LLAND CLUB အသင်းများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လာမည့်နှစ်စင်္ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော ပဏာမလက်ရွေးစင်အမျိုးသားဟော်ကီ အားကစားသမားများကိုလည်း မိခင်ကလပ်အသင်းများတွင် ပါဝင်ယှဉ်ပြိုင် ခွင့်ပြုထားကြောင်း သိရသည်။ **သန်းဆွေ(ပန်းဘဲတန်း)**

## မန္တလေးပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကုသမည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်

**တောင်ကြီး ဧပြီ ၂၆**

ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ မန္တလေးပြည်သူ့ဆေးရုံတွင် သွားရောက်ကုသမည့် လူနာများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ရပ်စောက်မြို့နယ် လွယ်ဟောင်းကျေးရွာနေ မမန်း (၁၅ နှစ်) မွေးရာပါ နှုခေါင်းအသားပိုအကျိတ်ဖုခွဲစိတ်ရန်အတွက် ထောက်ပံ့အလှူငွေကျပ် ၃၅၅၀၀၀ ကိုလည်းကောင်း၊ ကောင်းဖေယျာဟိန်း (၁၁ လ) မွေးရာပါဦးခေါင်းအမြှေးပါးရောင်ခြင်းနှင့် ဝမ်းဗိုက်ဘေလုံးပါရှိသူအား တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတွင် ကုသရန် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် အမှတ် (၁) ရပ်ကွက်နယ်မြေ (၂) နေ ဦးထွန်းဇော် (၃၈ နှစ်)သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလခန့်က အိမ်လှေကားပေါ်မှ မတော်တဆပြုတ်ကျ၍ ဦးခေါင်းကို လှေကားပေါင်ဖြင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသသော်လည်း ဦးခေါင်းဒဏ်ရာမှာ ရှစ်လက်မခန့် ကြီးထွားလာသဖြင့် မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် သွားရောက် ဆေးကုသရန်အတွက် ငွေကျပ် ၄၃၀၀၀၀ တို့ကိုပေးအပ်ခဲ့ပြီး ဝေဒနာရှင်သုံးဦးအတွက် စုစုပေါင်း ငွေကျပ် ၉၈၅၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။ **နိုင်ထွန်း(TGI)**

## နှစ်ထပ်တိုက်ဖျက်ရာမှ နေရောင်ကာပြိုကျပြီး နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိ

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)**

**ရန်ကုန် ဧပြီ ၂၆**

ဧပြီ ၂၆ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က အလုံမြို့နယ် ဌာနာရပ်ကွက် အလုံလမ်း အမှတ် ၁၅၅(အလုံလမ်းနှင့် ဧရာဝတီလမ်းထောင့်)ရှိ အာရ်စီနှစ်ထပ်တိုက်တစ်လုံးကို ကန်ထရိုက်တိုက်ပြန်လည်တည်ဆောက်ရန် အလုပ်သမားများက ဖြိုဖျက်ရာမှ တိုက်ရှေ့မျက်နှာစာရှိနေရောင်ကာ ကွန်ကရစ်အချပ်ကြီး ရုတ်တရက်ပြိုကျ၍ အလုပ်သမားနှစ်ဦးနေရာ၌ ပွဲချင်းပြီး သေဆုံးကာ တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ပေးခဲ့ရသည်။

ရပ်ကွက်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ "ဒီတိုက်ကို မတ် ၃၁ ရက်ကစဖျက်တာ ဧပြီ ၁၂ ရက်မှာ အပေါ်ပိုင်းပြီးလို့ သင်္ကြန်မှာ လုပ်ငန်းခဏရပ်ထားခဲ့တယ်၊ ဧပြီ ၂၀ ရက်မှာ ပြန်ပြီး လုပ်ငန်းပြန်စကြတယ်၊ ဒီနေ့မှာ အခုနေကာ(ဆန်းရှိတ်)ချပ်ကြီး ပြုတ်ကျမှုဖြစ်တာပဲ" ဟု ဆိုသည်။

ဖျက်နေသောတိုက်မှာ ရှေ့မျက်နှာစာ ပေ ၄၀၊ ရှေ့နောက်အရှည်ပေ ၃၀ ခန့်ရှိသော တိုက်ဟောင်းတစ်လုံးဖြစ်သည်။ ပြုတ်ကျသော နေရောင်ကာ(ဆန်းရှိတ်)သည် အရှည်ပေ ၄၀ ခန့်၊ ဗျက်အကျယ် သုံးပေခွဲခန့်၊ ထုထည်အားဖြင့် တစ်ပေခန့်ရှိသော ကွန်ကရစ်အချပ်ကြီးဖြစ်သည်။

အလုံမြို့နယ်မှ မီးသတ်အရာရှိတစ်ဦးက "စဖြစ်တာက ညနေ ၄ နာရီ ၅ မိနစ်ခန့်ကပါ၊ ပထမထိခိုက်မိတဲ့သူတစ်ဦးဖြစ်တဲ့ ကိုအောင်လေး (၂၀ နှစ်)တို့ဖြစ်ပြီး ၁၅ မိနစ်အတွင်းမှာ အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ပါတယ်။ သူက ဒလမြို့နယ် သဇင်လမ်းမှာ နေထိုင်တဲ့သူလို့သိရပါတယ်။ အခု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ၅/၆ အရေးပေါ်ကုသခန်းမှာပါ" ဟုဆိုသည်။

ယင်းတိုက်မြေပိုင်ရှင်သည် ဦးကျော်သိန်းဟုသိရပြီး လသာမြို့နယ် (၂၂) လမ်းတွင်နေထိုင်သူဖြစ်ကြောင်း သိရသည်။ အထပ်မြင့်တိုက် ပြန်လည်တည်ဆောက်ရန်အတွက် တစ်ကောင်ဘွားဆောက်လုပ်ရေးကုမ္ပဏီသို့အပ်ထားပြီး တိုက်ဖျက်ရန်အတွက် သာကေတမြို့နယ်မှ တိုက်ဟောင်းများဖျက်သိမ်းရေးအဖွဲ့ ဦးလှမင်းထံသို့ အပ်ထားကြောင်း သိရသည်။

နေကာ(ဆန်းရှိတ်) အောက်တွင်ပိမိနေသော ပထမလုပ်သားတစ်ဦး (သေဆုံးလျက်)ကို ညနေ ၄နာရီ ၅၈မိနစ်တွင်လည်းကောင်း၊ ဒုတိယလုပ်သားတစ်ဦး (သေဆုံးလျက်)ကို ညနေ ၅နာရီ မိနစ် ၃၀ တွင်လည်းကောင်း မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုတပ်ဖွဲ့ဝင်များက ခက်ခက်ခဲခဲထုတ်ယူနိုင်ခဲ့သည်။

သေဆုံးသူနှစ်ဦးစလုံးသည် ဒလမြို့နယ် တာကြီးရပ်ကွက် သဇင်လမ်းတွင် နေထိုင်ကြသူများဖြစ်ပြီး တရုတ်ကြီး(ခ)သက်နိုင်ဖြိုး (၁၉ နှစ်) နှင့် ကိုချစ်ဆန်း (၂၆ နှစ်)တို့ဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ စည်ပင်မှတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရုံးချုပ်မှ မကခ(၂) ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးသော်ဒါတို့ ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်မှ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်တွင်းသတင်း

# သီလဝါအထူးစီးပွားရေးဇုန် ရှယ်ယာဝယ်ယူသူများ ကျပ်သိန်း ၅၀ ဖိုးကျော်သည့်ရှယ်ယာများ ပြန်အမ်းမည်

သတင်း-စိန်လွင်
ဓာတ်ပုံ-မင်းထက်

ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ မျက်စိကျနေသည့် သီလဝါအထူးစီးပွားရေးဇုန်။

**ရန်ကုန် ဧပြီ ၂၆**

မြန်မာ- ဂျပန် အကျိုးတူပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပထမအဆင့်အနေဖြင့် ဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်ကြီးတွင် အများပိုင် မြန်မာကုမ္ပဏီဖြစ်သည့် Myanmar Thilawa SEZ Holdings Ltd.(MTSH) ၏ အစုရှယ်ယာ ၄၁ ရာခိုင်နှုန်းကို အစုရှယ်ယာတစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် မတ်လဆန်းပိုင်းမှ စတင်ရောင်းချခဲ့ရာ ယခုအခါတွင် ပြည်တွင်းရှယ်ယာဝယ်ယူသူ ပမာဏ သတ်မှတ်ထားသည့်ထက် ပိုလျှံနေသဖြင့် ဧပြီ ၂၈ ရက်တွင် ပိုလျှံရှယ်ယာများ ပြန်အမ်းသွားမည်ဖြစ်ကြောင်း အဆိုပါစီးပွားရေးဇုန်၏ ရှယ်ယာရောင်းဝယ်ရေးတာဝန်ခံ ကိုထွန်းထွန်းက ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင်(UMFCCI)၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ၌ ပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်ကြီးကို မြန်မာ-ဂျပန် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ပထမအဆင့် ၉၇၈ ဒသမ ၆၉၈ ဧက (ဟတ်တာ ၄၀၀)နီးပါးအပေါ်တွင် မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ ၄၁ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ရန် ပြီးခဲ့သည့်နှစ်အတွင်းက သဘောတူလက်မှတ် ရေးထိုးခဲ့သည်။ မြန်မာဘက်မှ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းတွင် အစိုးရက ၁၀ ရာခိုင်နှုန်း၊ ကျန် ၄၁ ရာခိုင်နှုန်းကို မြန်မာ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသည့် Myanmar Thilawa SEZ Holdings Ltd. (MTSH)က ပြီးခဲ့သည့် မတ်လဆန်းပိုင်းက သတင်းစာမီဒီယာများမှတစ်ဆင့် အသိပေးကြော်ငြာ၍ အစုရှယ်ယာများကို ဖိတ်ခေါ်ရောင်းချခဲ့သည်။ ယခုအခါ ပြည်တွင်းလုပ်ငန်းရှင်များကို အစုရှယ်ယာငွေကျပ် သိန်း ၅၀ ဖိုးအထိသာ ရောင်းချပေးမည်ဖြစ်ပြီး ယင်းအစုရှယ်ယာထက်ပိုပါက အထိုက်အလျောက် ညီမျှမှုရှိအောင် ခွဲဝေရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ပိုလျှံအစုရှယ်ယာငွေများကို ပြန်လည်အမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာအများပိုင်ကုမ္ပဏီဖြစ်တဲ့ MTSH ရဲ့ ရှယ်ယာ ၄၁ ရာခိုင်နှုန်းကို ရောင်းချတဲ့အခါမှာ ရောင်းချဖို့လျာထားတဲ့ ရှယ်ယာ အရေအတွက်ကတော့ ၂၁၄၅၀၀၀ စုဖြစ်ပါတယ်။ ဝယ်ယူဖို့ အဆိုပြုတဲ့ အရေအတွက်ကတော့ တစ်သောင်းခုနစ်ထောင်ကျော်ပါ။ ဝယ်ယူဖို့အဆိုပြုတဲ့ ရှယ်ယာစုစုပေါင်းကတော့ လေးသန်းကျော်ရှိပါတယ်။ Oversubscription က အစုပေါင်း ၁ ဒသမ ၈ သန်းကျော်ရှိနေပါတယ်။ အစုရှယ်ယာတွေကိုလည်း တစ်စုကို ငွေကျပ် တစ်သောင်းကနေ ငွေကျပ်သိန်း ၅၀ ဖိုးအထိသာ ရောင်းချပေးမှာ ဖြစ်ပါတယ်။ အခုဆိုရင် အစုတစ်စု ငွေကျပ် တစ်သောင်းကနေ ငွေကျပ် ၄၉ သိန်းဖိုးအထိ ဝယ်တဲ့သူ ၄၁ ရာခိုင်နှုန်းပဲရှိသေးတယ်။ သိန်း ၅၀ အထိ ဝယ်တဲ့သူ ၅၆ ရာခိုင်နှုန်းကျော်အထိရှိတယ်။ အဆိုရှင် စုစုပေါင်းရဲ့ ၉၀ ရာခိုင်နှုန်းကို အဆိုပြုတဲ့အတိုင်း ဝယ်ယူခွင့်ရမယ်။ ကျန်တဲ့ ကိုးရာခိုင်နှုန်းကတော့ ဝယ်ယူချင်တိုင်း ရမှာမဟုတ်ပါဘူး။ သိန်း ၅၀ ဖိုးအထိသာဝယ်တဲ့သူတွေ ကျန်မှ ရရှိမှာပါ။ ပိုလျှံဝယ်ယူထားတဲ့ အစုရှယ်ယာတွေကိုတော့ နီးစပ်ရာ ဘဏ်တွေကနေတစ်ဆင့် ပြန်အမ်းသွားမှာဖြစ်ပါတယ်" ဟု ကိုထွန်းထွန်းက မြန်မာ့အလင်းသို့ပြောသည်။

Oversubscribe ဖြစ်သည့် အဆိုပြုသူအရေအတွက်မှာ များပြားသည့်အတွက် အဆိုပါပိုငွေများကို ဧပြီ ၂၈ ရက် နောက်ပိုင်းတွင် အမြန်ဆုံးပြန်အမ်းသွားနိုင်ရန် သက်ဆိုင်ရာဘဏ်များဖြင့်လည်း ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပြုသူက ငွေပေးအမိန့် (P.O) ဝယ်ယူခဲ့သည့်ဘဏ်များသို့ အဆိုပြုသူ၏ အချက်အလက်များနှင့် ပြန်အမ်းရမည့် ငွေပမာဏများကို ပေးပို့ထားမည်ဖြစ်ပြီး အဆိုပါဘဏ်များမှ ဆက်သွယ်ထုတ်ယူသွားရမည်ဖြစ်သည်။ အဆိုပါ ပြန်အမ်းရန် ဆောင်ရွက်သည့် ဘဏ်စရိတ်ကုန်ကျငွေကို ကုမ္ပဏီက ကျခံပေးမည်ဖြစ်ကြောင်းနှင့်ပါဝင်သည့် အစုရှယ်ယာရှင်များကို မကြာမီရှယ်ယာ Certificate များကို ထုတ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီ၏ ဒါရိုက်တာကို ပါဝင်သည့် ရှယ်ယာအနည်းအများပေါ် မူတည်၍ ခန့်ထားခြင်းမပြုဘဲ အများဆန္ဒမဲဖြင့် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မုံရွာမြို့ သလ္လာရပ်ကွက် နေအိမ်အတွင်း မီးလောင်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။
ဓာတ်ပုံ-မျိုးဝင်းထွန်း

# မုံရွာမြို့ သလ္လာရပ်ကွက်တွင် မီးအားမြှင့်စက် အပူရှိန်လွန်ကဲပြီး အိမ် ၂၄ လုံး မီးလောင်

**မုံရွာ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာရပ်ကွက် နေအိမ်အတွင်း မီးအားမြှင့်စက် အပူရှိန်လွန်ကဲပြီး ကူးစက်လောင်ကျွမ်းမှုကြောင့် အိမ် ၂၄ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**မီးငြိမ်းသတ်နိုင်**

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ည ၁၁ နာရီခန့်တွင် မုံရွာမြို့ သလ္လာရပ်ကွက် နယ်မြေ(၄)စိတ္တသုခလမ်းသွယ်တွင် အိမ်ငှားနေထိုင်သူ စည်သူအောင်(ခ) ဗိုလ်တူးနှင့်ဇနီး မအေးယုဇော်အခန်းမှ မီးအားမြှင့်စက် အပူရှိန်လွန်ကဲကာ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး အနီးရှိ အိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင် ၅၀၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် သန္နေမီးသတ် ၃၈ ဦး၊ အရန်မီးသတ် ၁၀၀၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီ မိနစ် ၂၀ တွင် မီးညွန့်ကျိုးပြီး ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

**အမှုဖွင့်ထား**

ထိုသို့ မီးလောင်မှုကြောင့် လူနေအိမ် ၂၄ လုံး မီးလောင်ခဲ့ပြီး အိမ်ထောင်စု ၂၆ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် အဆိုပါ ရပ်ကွက်ရှိ အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းတွင် မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်းနှင့် မီးပေါ့ဆစွာအသုံးပြုသူ စည်သူအောင်(ခ) ဗိုလ်တူးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၂၈၅)အရ အမှုဖွင့်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ ပျောက်ဆုံးလေယာဉ်ရှာဖွေမှုထပ်မံတိုးချဲ့

**ပတ်သ် ဧပြီ ၂၆**

ဘာသာပြန်-ကျော်သဲအိမ်

ပျောက်ဆုံး မလေးရှားလေယာဉ်ရှာဖွေမှု ရက် ၅၀ အတွင်း ချဉ်းနင်းဝင်ရောက်လာချိန်တွင် ဧပြီ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ ရှာဖွေမှုထပ်မံတိုးမြှင့်လိုက်ခြင်းနှင့်အတူ ပျောက်ဆုံးလေယာဉ်ရှိနိုင်သည်ဟု ယူဆကြသော ဧရိယာကို ကျော်လွန်ကာ ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြသည်။

ခေတ်မီမောင်းသူမဲ့ ရေငုပ်သင်္ဘောငယ် Bluefin-21သည် လေယာဉ်၏ Black Box မှလာသည်ဟု ယူဆရသော အသံလှိုင်းအချက်ပြမှု ထောက်လှမ်းရရှိခဲ့သည့် အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၏ ၁၀ စတုရန်းကီလိုမီတာ ၆ ဒသမ ၂ စတုရန်းမိုင်ရှိ ရှာဖွေနယ်နိမိတ်တွင် ထောက်လှမ်းမှုပြုလုပ်ခဲ့ပြီး ယခုအခါ ရှာဖွေနယ်နိမိတ်၏ ၉၅ ရာခိုင်နှုန်းကို ထောက်လှမ်းပြီးစီးခဲ့ပြီဖြစ်သည်။

အဝေးထိန်းစနစ်ပါ ရေငုပ်သင်္ဘောငယ် Bluefin-21၏ ဆော့ဖ်ဝဲ ချွတ်ယွင်းသွားမှုကြောင့် ဧပြီ ၂၅ ရက်က ရေမျက်နှာပြင်ပေါ် ပြန်တက်ခဲ့ရပြီး ရှာဖွေမှုပါ ခေတ္တရပ်ဆိုင်းခဲ့သည်။ ကျွမ်းကျင်သူများက ရေငုပ်သင်္ဘောငယ်ကို နေ့ချင်းညချင်း ပြင်ဆင်လိုက်ပြီးနောက် ဧပြီ ၂၆ ရက်က ၁၆ နာရီကြာမည့် (၁၄)ကြိမ်မြောက် ခရီးစဉ်အဖြစ် ရေအောက်သို့ ပြန်လည်ဖြန့်ကြက်လိုက်ကြောင်း သိရသည်။

ခေတ်မီ ရေငုပ်သင်္ဘောငယ်အနေဖြင့် တစ်စုံတစ်ရာ ရှာဖွေထောက်လှမ်းနိုင်မှုမရှိပါက မူလရှာဖွေနယ်နိမိတ်ဖြစ်သော ၁၀ စတုရန်းကီလိုမီတာ ရှာဖွေနယ်နိမိတ်နှင့်ဆက်စပ်သော နေရာများတွင် ဆက်လက်ရှာဖွေမှု ပြုလုပ်မည်ဖြစ်ကြောင်း ဩစတြေးလျ ပူးတွဲအေဂျင်စီ ညှိနှိုင်းရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

လူ ၂၃၉ ဦး စီးနင်းလိုက်ပါသည့် MH 370 မလေးရှားလေယာဉ်သည် မတ် ၈ ရက်က ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် ကမ်း၌ ပျောက်ဆုံးသွားခဲ့ရာမှ လေကြောင်းသမိုင်းတွင် အရှည်ကြာဆုံးနှင့် ကုန်ကျစရိတ် အများဆုံးလေယာဉ်ရှာဖွေမှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။ ယင်းလေယာဉ်ရှာဖွေရေးတွင် နိုင်ငံပေါင်း နှစ်ဒါဇင်ခန့်မှ လေယာဉ်၊ သင်္ဘောများ အသုံးပြုလျက် အင်တိုက်အားတိုက် ပါဝင်နေကြပြီး ဧပြီ ၂၆ ရက် ရှာဖွေမှုတွင် စစ်လေယာဉ်ရှစ်စင်းနှင့် သင်္ဘော ၁၁ စင်း ပါဝင်ခဲ့ကြသည်။ ဧပြီ ၂၅ ရက်က ရိုက်တာသတင်းထောက်များနှင့် တွေ့ဆုံရာတွင် အမေရိကန်ကာကွယ်ရေး အရာရှိတစ်ဦးက ပျောက်ဆုံးလေယာဉ်ပျက်ကျသည်ဟု ယူဆရသော နေရာအနီးတစ်ဝိုက်ရှိ ကျယ်ပြန့်သော ပင်လယ်ပြင်တွင် ပိုက်စိပ်တိုက်ရှာဖွေရသည်မှာ ပို၍ခက်ခဲလာသဖြင့် ပျောက်ဆုံးလေယာဉ် ရှာဖွေမှုမှာ နှစ်နှင့်ချီ၍ ကြာနိုင်ကြောင်း ပြောကြားသည်။

မလေးရှား အစိုးရအနေဖြင့် မောင်းသူမဲ့ ရေငုပ်သင်္ဘောများ ထပ်မံစေလွှတ်ရေး အပါအဝင် ပျောက်ဆုံးလေယာဉ် ရှာဖွေမှုကို မည်သို့ဆက်လက် လုပ်ဆောင်ကြမည်ကို ဆုံးဖြတ်ရတော့မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကြေကွဲ ဝမ်းနည်းနေကြသည့် သက်ဆိုင်ရာ မိသားစုများ စိတ်သက်သာရာရအောင် လုပ်ဆောင်ပေးကြရန် ဩစတြေးလျနှင့် မလေးရှား အစိုးရကို ဖိအားပေးလျက်ရှိကြသည်။

မလေးရှား အာဏာပိုင်များအနေဖြင့်လည်း ရှာဖွေမှုများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရန် ဖိအားပေးခံနေရသည်။ မလေးရှား ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သည့် ပဏာမအစီရင်ခံစာကို လာမည့် သီတင်းပတ်တွင် ထုတ်ပြန်မည်ဟု ဧပြီ ၂၄ ရက်က CNN သတင်းထောက်များကို ပြောကြားသည်။

**(ရိုက်တာ)**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၃)ရပ်ကွက် သီရိမြိုင် ၆ လမ်း၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်(၁၃)ရပ်ကွက် အုတ်ကျင်း သီရိမြိုင် (၆)လမ်းတွင် ယနေ့ညနေ ၃နာရီ ၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၃)ရပ်ကွက် အုတ်ကျင်း ပန်းခြံကျောင်းလမ်းနှင့် သီရိမြိုင် (၆)လမ်းထောင့် အမှတ်(၁၉)အနေ မွေ့ရာလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းကြိုင်အိမ်မှ ဝိုင်ယာရှော့ခ်ကြောင့် အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀နှင့် မီးငြိမ်းသတ်ယာဉ် ၂၉စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ်တစ်စီးနှင့် တပ်ဖွဲ့ဝင်များ ရောက်ရှိမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၃နာရီ မိနစ် ၄၀တွင် လုံးဝမီးငြိမ်းသွားသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ်ခြောက်လုံးနှင့် အလျားပေ ၅၀၊ အနံ ၂၅ ပေခန့်ရှိ သွပ်မိုးအုတ်ညှပ်တိုက်ခံနှစ်ထပ်အိမ်တစ်လုံးတို့ အပါအဝင် တန်ဖိုးငွေကျပ် ၁၈သိန်း ၅ သောင်းခန့် ဆုံးရှုံးခဲ့ရကြောင်းနှင့် လှိုင်မြို့မရဲစခန်းက မီးပေါ့ဆသူကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝ၁၅)**

# အိမ်ရာတည်ဆောက်ရာတွင် ပြီးပြတ်သောတွေ့ဆုံညှိနှိုင်းမှုနှင့် နစ်နာကြေးမရသော လှိုင်သာယာမှ လယ်သမားများ အေးချမ်းစွာဆန္ဒထုတ်ဖော်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ကွင်းအမှတ် (၁၁၀/၇၇၆)ရှိ လယ်သမား ၂၃ ဦး ပိုင်ဆိုင်သော ဧက ၂၉၂ ဧက ပိုင်ဆိုင်သည့် လယ်သမားများနှင့် စက်မှုဇုန် (၂/၃/၄) ရှိ ဧက ၄၂၀ ကို ပိုင်ဆိုင်သော လယ်သမား ၄၀၏ လယ်မြေများ သိမ်းဆည်းခံရမှုအပေါ် တွေ့ဆုံညှိနှိုင်းမှုနှင့် နစ်နာကြေး မပေးသောကြောင့် လယ်သမား ၆၀ က အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်မြေများအတွက် လယ်သမားများက ထိုက်သင့်သော လျော်ကြေးရရှိလိုကြပြီး လယ်သမားများက စုံစမ်းစစ်ဆေးရေးကော်မရှင်အပါအဝင် ဌာနပေါင်းစုံ ၁၂ နေရာသို့ စာများတင်ပြီးနောက်ပိုင်း နှစ်ဆန်းပိုင်းမှစ၍ ကုမ္ပဏီအိမ်ရာများကို ချက်ချင်းဆောက်နေခြင်းဖြစ်ကြောင်း အောင်ဇေယျ မြို့တော်အိမ်ရာမှ လယ်သမားများအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀ လျော်ကြေးပေးခဲ့သည့်နည်းတူ အောင်မြေသာယာစေတီအနီးရှိ ဖွံ့ဖြိုးအောင်ကုမ္ပဏီသည်လည်း လယ်သမားတို့ကို နစ်နာကြေးပေးခဲ့၍ အနောင်အဖွဲ့ကင်းစွာဖြင့် အိမ်ရာများ ဆောက်လုပ်လျက်ရှိကြောင်း၊ လယ်သမားများ ပိုင်ဆိုင်ခဲ့သော လယ်ယာမြေပေါ်တွင် အိမ်တစ်လုံးလျှင်(၆၀ x ၈၀ ပေ)ပတ်လည်) ငွေကျပ်သိန်း ၃၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိပြီး ဘိုးဘွားပိုင် လယ်သမားများအတွက် သင့်တင့်သောနစ်နာကြေးကို ပေးအပ်ခြင်းဖြင့် သမ္မတကြီး၏ တောင်သူလယ်သမားများအပေါ်ထားရှိသော စေတနာမေတ္တာကို ကုမ္ပဏီက ဖော်ဆောင်သင့်ကြောင်း အေးချမ်းစွာ ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သော လယ်ဧက ၂၀ ခန့် ပိုင်ဆိုင်သည့် အသက် ၇၀ ကျော်ရှိ ဦးစိန်မြင့်က ပြောကြားသည်။

ကုမ္ပဏီသည် အပြင်ပဒံကျေးရွာ ပိုင်သော လယ်မြေများနှင့် ပတ်သက်၍မတ် ၂၈ ရက်က လေးကြိမ်မြောက် လယ်သမားများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အချေအတင်ဖြစ်၍ ပြေလည်မှုမရရှိသေးကြောင်း၊ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လယ်ယာမြေနှင့်ပတ်သက်၍ တင်ပြပေးခဲ့ပြီး ယနေ့တိုင် ကုမ္ပဏီနှင့် လယ်သမားတို့ပြေလည်မှုမရရှိသေးသည့် အပြင် လယ်မြေ၊ ကိုင်းမြေ၊ ကျွန်းမြေ၊ ပလပ်မြေတို့တွင် ကျူးကျော်မှုများကြောင့် ပိုင်ဆိုင်သူနှင့် ကုမ္ပဏီတို့ မပြေလည်မှုများရှိနေကြောင်း၊ နစ်နာဆုံးရှုံးမှုကို ရင်ဆိုင်နေရသော လယ်သမားများအတွက် ဘိုးဘွားပိုင် လယ်မြေများဖြစ်၍ လူသားချင်းစာနာထောက်ထားသောအနေဖြင့် သားစဉ်မြေးဆက် နောင်ရေးအဖြစ် တွေ့ဆုံညှိနှိုင်းမှုနှင့် သင့်တင့်သော လျော်ကြေးအဖြစ် ကူညီပေးစေချင်ကြောင်း၊ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ကိုရရှိထားပြီး ဆက်လက်ဆောင်ရွက်မှုရှိပါက လယ်သမားများ ဆက်လက်ဆန္ဒထုတ်ဖော်ရန် ဆန္ဒရှိကြောင်း သောင်ကြီးလေးမှ လယ်သမားတစ်ဦးဖြစ်သော ဦးမြင့်အောင်က ပြောကြားသည်။

သန်းထိုက်(လှိုင်သာယာ)

# စဉ့်ကိုင်၌ မိုးသက်လေပြင်းကျ၊ မိုးသည်းထန်စွာရွာသွန်း

စဉ့်ကိုင် ဧပြီ ၂၆

ယခုအချိန်အခါ ကာလသည် မိုးကြိုကာလဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနှံ့အပြား၌ မိုးတိမ်တောင်ကြီးများ ဖြတ်သန်းရာတစ်လျှောက်၌ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးများကြွေကျခြင်း စသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ဧပြီ ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၅၀ မှ ၉ နာရီ မိနစ် ၄၀ အထိ အရှေ့နှင့် အရှေ့မြောက်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ လေပြင်းများတိုက်ခတ်မှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် စိုက်ပျိုးထားသော အရိပ်ရသစ်ပင်အချို့ သစ်ကိုင်းများပြတ်ကျခြင်း၊ ကားလမ်းပေါ်သို့ လဲပြိုကျရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ စဉ့်ကိုင်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ မျက်စိကုဆေးရုံမှ ထနောင်းပင်ကြီးတစ်ပင်မှာ အရင်းမှ ပြတ်ကျသွားပြီး အနောက်ဘက်ရှိ ကားလမ်းပေါ်သို့ လဲပြိုကျရောက်ခဲ့ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာက ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် လိုက်လံရှင်းလင်းလျက်ရှိကြောင်း၊ လောလောဆယ် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိကြောင်း၊ မိုးရွာသွန်းပြီးနောက် အပူချိန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်သို့ ထိုးကျသွားကြောင်း၊ လူနှင့် တိရစ္ဆာန်များ သေပျောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်းမရှိကြောင်း၊ အပူချိန်ကျဆင်းပြီး မီးဘေးအန္တရာယ်စိတ်ချသွားရသောကြောင့် ဒေသခံများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

အောင်မင်း(စဉ့်ကိုင်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မန္တလေးတိုင်းဒေသကြီးတွင် အပူချိန်လွန်ကဲမှုကြောင့် အပူလျှပ်လူနာ ၄၉ ဦးထိရှိနေ

မန္တလေး ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီးတွင် အပူချိန်လွန်ကဲမှုကြောင့်ဖြစ်ပေါ်လာသော အပူလျှပ်လူနာအရေအတွက်မှာ ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ ၄၉ ဦးရှိနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ စာရင်းများအရ သိရသည်။

ယင်းလူနာများအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ သေဆုံးသွား၍ ၃၉ ဦးမှာ ဆေးကုသမှုခံယူနေဆဲဖြစ်ကြောင်းနှင့်အများစုမှာ ဆင်းရဲနွမ်းပါးသူများ၊ နေပူဒဏ်ခံ၍ အလုပ်လုပ်ကိုင်သူများဖြစ်ကြောင်း ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောသည်။ "ဆေးရုံကြီးကိုရောက်လာတဲ့ စာရင်းများအရ ဧပြီ ၂၂ ရက်မှာ ရှစ်ဦး၊ ၂၃ ရက်မှာ ၁၀ ဦး၊ ၂၄ ရက်မှာ ၁၁ ဦးနဲ့ ၂၅ ရက်မှာ ၁၂ ဦး စုစုပေါင်း ၄၁ ဦး ဖြစ်ပြီးတော့ အမျိုးသား ၃၂ ဦးနဲ့ အမျိုးသမီး ကိုးဦးပါဝင်ပါတယ်။ အစောဆုံး ရောက်ရှိလာတဲ့ ရှစ်ဦးထဲမှာ နှစ်ဦးကတော့ ဆေးရုံကိုရောက်ရောက်ချင်း ဆုံးသွားပါတယ်။ ကျန်လူနာများကတော့ အချိန်မီဆေးကုသမှုခံယူပြီး သက်သာနေကြပါပြီ" ဟု ၎င်းက ပြောသည်။ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများကို ဗဟို၏လမ်းညွှန်မှုဖြင့် ကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲကာ မြို့နယ်အလိုက် ညွှန်ကြားချက်များထုတ်ပြန်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ G-ဆိုင်းတောင်က ပြောသည်။

"ကျွန်မတို့ဌာနကတော့ ခုတင် ၃၀၀ ဆေးရုံကပေးပို့တဲ့ အပူလျှပ်လူနာစာရင်းအရ ရှစ်ဦးရောက်ရှိနေပါတယ်။ ဒီရာသီမှာ အဖြစ်များတဲ့ရောဂါအတွက် ကြိုတင်စီမံချက်များရေးဆွဲပြီး လိုအပ်တဲ့လူအင်အား ဆေးဝါး ပစ္စည်း၊ ရေခဲနဲ့ ရေသန့်တွေရရှိဖို့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဖြစ်ပွားနေတဲ့အချိန်မှာလည်း ရရှိတဲ့တင်ပြချက်တွေကို ကြည့်ရှုစစ်ဆေးပြီး အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းကဆိုသည်။

ယခုအချိန်တွင် အပူလျှပ်ဝေဒနာရှင်များအတွက် လိုအပ်သည့်ဆေးဝါးများ၊ ကုသဆောင်များနှင့် လူအင်အားများ ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်သလို စေတနာရှင်ပြည်သူများကလည်း လူနာတင်ယာဉ်များ၊ ရေခဲနှင့်ရေသန့်ဘူးများကို ပံ့ပိုးကူညီလျှဒါန်းမှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# မြန်မာအလုပ်သမားငါးဦး ရောင်းစားခံထားရာမှ ထွက်ပြေးလွတ်မြောက်

ဖန်ကောက် ဧပြီ ၂၆

ထိုင်းနိုင်ငံအတွင်း သံရုံးမှာ အလုပ်လုပ်နေပါသည်ဟု ပြောဆိုသုံးနှုန်း၍ မြန်မာအလုပ်သမားငါးဦးကို ဖန်ကောက်မြို့အနီး နကာပထုန်နာရီစင်အနီးရှိ သစ်ရွက်အမှုန့်ကြိတ်စက်ရုံတွင် အလုပ်သွင်းစေခဲ့ပြီးနောက် အဆိုပါ ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားများ ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်ကြောင်းဖြင့် အလုပ်သမားများက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)သို့ ဧပြီ ၂၅ ရက်က ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသံရုံးမှဟု ပြောဆိုသူ အသက် ၄၀ ခန့် ကိုဝင်းက အလုပ်သွင်းခအဖြစ် အလုပ်သမားငါးဦးအတွက် ဘတ်ငွေ ၉၀၀၀ ဖြင့် ပို့ပေးခဲ့ပြီးနောက် လုပ်ငန်းရှင်ထံမှ ဘတ်ငွေ ၆၀၀၀ ထုတ်ယူသွားခဲ့ကြောင်း အလုပ်သမားများက ပြောခဲ့ကြောင်း သိရသည်။

MAT အဖွဲ့က မြန်မာသံရုံး သံမှူးကြီးကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ ကိုဝင်းဆိုသည့်အမျိုးသားမှာ မြန်မာသံရုံးတွင်မရှိကြောင်းဖြင့် သံရုံးမှ ပြန်လည်ဖြေကြားခဲ့သည်ဟု ဆိုသည်။

ဖန်ကောက်မြို့ အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "သူတို့ကျွန်တော့်ကို တစ်နေ့က အကူအညီတောင်းလာခဲ့ပါတယ်။ သူတို့ရောက်တဲ့နေရာ အခြေအနေတွေကို မေးမြန်းပြီးတော့ ကျွန်တော်က သူတို့ကိုရှင်းပြတယ်။ကျွန်တော်တို့ လူကုန်ကူးတားရဲတွေနဲ့ ဝင်ဖမ်းခဲ့မယ်ဆိုရင် ကယ်ဆယ်ရေးစခန်းထဲမှာ လနဲ့ချီပြီး ကြာလိမ့်မယ်။ ပိုက်ဆံလည်းရမှာမဟုတ်ဘူး။ ပြီးတော့ အမှုပြီးရင် နယ်စပ်ကို ပြန်ပို့ခံရလိမ့်မယ်။ မိသားစုတွေရှိရင် ဆက်သွယ်ပြီးတော့ ထွက်ပြေးတာဟာ အကောင်းဆုံးပါလို့ ပြောလိုက်ပါတယ်" ဟု ဆိုသည်။

မြန်မာအလုပ်သမား သန်းဇော်၊ အောင်ကျော်ဇော၊ ရဲမင်းအောင်၊ ယုဝါလှိုင်နှင့် စန်းစန်းမြင့်ဆိုသူတို့မှာ ဧပြီ ၂၄ ရက်က ထွက်ပြေးလွတ်မြောက်ခဲ့ကြပြီးဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံမှ နိုင်ငံတော်အစိုးရက ယာယီပတ်စ်ပို့လုပ်ငန်းနှင့် MoU အလုပ်သမား တင်သွင်းလာခဲ့ပြီး နောက်ပိုင်း ဖန်ကောက်မြို့ရှိ မြန်မာသံရုံးသည် ပွဲစားများနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့မှုများရှိလာခဲ့ပြီး နေရာအတော်များများတို့တွင် သံရုံးကပါဟူ၍ ပြောဆို လုပ်စားနေကြသည့် ပွဲစားများစွာ ပေါ်ပေါက်နေကြောင်း အလုပ်သမားများက MAT အဖွဲ့သို့ ပြောဆိုခဲ့ကြောင်းလည်း စုံစမ်းသိရသည်။

စိုးဝင်း(SP)

# လှိုင်းဘုန်းဒေသတွင် နိုင်ငံခြားဈေးကွက်ဝင် ကဏန်းဈေးကွက် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး မြစ်ကူးတံတားကြီးများ ဆောက်လုပ်ပေးရန် ပင်လယ်ပိုင်းနေ ဒေသခံပြည်သူများ လိုလားနေ

မော်လမြိုင်ကျွန်း ဧပြီ ၂၆

မော်လမြိုင်ကျွန်း မြို့နယ် လှိုင်းဘုန်းကျေးရွာ အုပ်စုတွင် နိုင်ငံခြားငွေ ရှာဖွေပေးနေသော ကဏန်းဈေးကွက်မှာ လွန်ခဲ့သော ငါးနှစ်ခန့်မှစပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လှိုင်းဘုန်းကဏန်းဈေးကွက် ပျက်သွားခဲ့ရသည်။

ယင်းလှိုင်းဘုန်း ကဏန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စဉ်က ကဏန်းရှာ၊ ကဏန်းဝယ်နှင့် ကဏန်းဝယ်ရောင်းအဝယ်ဒိုင်များမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့သဖြင့် လှိုင်းဘုန်းကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်ပိုင်းဒေသနှင့် ထိစပ်နေသော ကျေးရွာများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ယခုအခါ ပင်လယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မော်လမြိုင်ကျွန်း၊ လှိုင်းဘုန်း၊ ပြင်စလူဒေသသို့ဆက်သွယ်သည့် အဝေးပြေး တာလမ်းကြီးများနှင့် ချောင်းကူးတံတားများဆောက်လုပ်ပြီးစီးနေသော်လည်း အရေးပါသည့် အဝချောင်းမြစ်ကူးတံတား၊ စော်ကချောင်းမြစ်ကူး တံတားနှင့် မော်လမြိုင်ကျွန်း မဲဇလီကျေးရွာ မြစ်ကူးတံတားတို့မှာ ယနေ့ထိ ဆောက်လုပ်ပေးခြင်းမရှိသေးသဖြင့် ပင်လယ်ပိုင်းထွက်ကုန်များဖြစ်သော နိုင်ငံခြားဈေးကွက်ဝင် ကဏန်းနှင့် ရေထွက်ပစ္စည်းများမှာ မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ခြင်းမရှိဘဲ လပွတ္တာမြို့မှ တစ်ဆင့် မူဆယ်မြို့သို့ တိုက်ရိုက်တင်ပို့နေရသည်ဟု သိရသည်။ ပင်လယ်ပိုင်းထွက်ကုန်များ မော်လမြိုင်ကျွန်းဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရေးအတွက် မြစ်ကူးတံတားကြီးများ အမြန်ဆောက်လုပ်ပေးရန် ပင်လယ်ပိုင်းဒေသနေပြည်သူများက လိုလားနေကြောင်း သိရသည်။

(၀၆၅)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နွေအပူမှာ ကြံနှင့်ကြံရည်ရောင်းသူတို့ အရောင်းအဝယ်ကောင်း

**အဝယ်တော်-ဖိုးထော်၊ ဓာတ်ပုံ-ဘော်ဂါသွေး**

ယခုနှစ်နွေ. . .။

ယမန်နှစ်ကထက်ပင်ပို၍ ပူသည်ဟု အပူဒဏ်ကို ခံစားနေရသော သူတိုင်းက ညည်းတွားကြသည်။ အပူဒဏ်ကို တစ်နည်းအားဖြင့် အသီးအနှံစားသောက်ခြင်းဖြင့် သက်သာရာရှာခဲ့ကြသည်။ အထူးသဖြင့် အပူဒဏ်ကို ကြံရည်သောက်သုံးခြင်းဖြင့် ဖြေသိမ့်ကြသည်။

ယခုနှစ်နွေရာသီ၌ ကြံနှင့်ကြံရည်ရောင်းသူတို့ အရောင်းအဝယ်စီးပွားဖြစ်ကြသည်။ ကြံဒိုင်များ၌ စည်စည်ကားကားရှိနေသကဲ့သို့ ကြံရည်ဆိုင်တိုင်း လက်မလည်အောင် ညှစ်၍ ရောင်းနေကြရသည်။

ကြံမှာ မြစ်ဝကျွန်းပေါ်ရှိ အိမ်မဲ၊ ကျောင်းကုန်းမြို့တို့မှ ဗားကရာဆိပ်သို့ မြစ်ကြောင်းမှ ဝင်ခြင်းဖြစ်သည်။ တပို့တွဲလ ကုန်ရက်များနှင့် တပေါင်းလဆန်းမှ စတင်ဝင်ရောက်တတ်ပြီး မိုးကျသည့်အခါမှသာ ကြံဝင်ရောက်မှု ရပ်တန့်သွားသည်ဟု သိရသည်။

ဗားကရာဆိပ်၌ ကြံဒိုင်ပေါင်း ၁၀ ဒိုင်မကရှိနေသည်။ ဒိုင်တိုင်း၌ ကြံပုံကြီးများက အစီအရီရှိနေသည်။ ကြံဝင်ရောက်မှုမှာ နေ့စဉ်ကြံအချောင်းရေ ၅၀၀၀၀ ဝန်းကျင်ဝင်လျက်ရှိပြီး ဝင်လာသောကြံများကို ရောင်းတန်းဝင်အဖြစ် ဒိုင်လုပ်သားများက ၁၀ ချောင်းစီ စည်းထားရသည်။ ဒိုင်ဈေးအရ တစ်စည်းလျှင် ငွေကျပ် ၂၀၀၀မှ ၂၅၀၀ အထိ ဈေးခေါ်ရောင်းလျက်ရှိသည်။

ဒိုင်တစ်ဒိုင်မှ မိတ်ဆွေတစ်ဦးက "ဒီနှစ် အရောင်းအဝယ်ကောင်းတာကို မြင်ကြရမှာပါ၊ မနှစ်က ကြံသမားတိုင်း အရှုံးပေါ်ခဲ့ကြတယ်။ စောစောရက်ပိုင်းတွေက အရောင်းအဝယ်ကောင်းပါတယ်။ အခု မိုးရိပ်လေးပြလာပြီ၊ ကြံသမားတိုင်း မိုးကိုကြောက်တယ်။ မိုးဖောက်ရင် ရှုံးပြီသာမှတ်" ဟု ဆိုသည်။

ကြည့်မြင်တိုင် ဘောဂရပ်ကွက် သမအအေးဆိုင်မှဆိုင်ရှင်က "မနက်မိုးလင်းကတည်းက ကြံရည်ကရောင်းရတာ ညမိုးချုပ်ဆိုင်သိမ်းမှပဲ အရောင်းရပ်ရတယ်၊ မြတ်လည်းမြတ်ပါတယ်၊ ဒါကလည်း တစ်ရာသီလေးပါ" ဟု ဆိုပါသည်။

ကြံရည်ကို မြို့နယ်ရှိ ရပ်ကွက်လေးများ၌ တစ်ခွက်လျှင်ငွေကျပ် ၂၀၀ မှ ရောင်းကြသော်လည်း မြို့လယ်တွင် ခွက်ကြီးဖြင့် တစ်ခွက်ငွေကျပ် ၃၀၀ ရောင်းကြသည်။ ကြံရည်ဆိုင်တိုင်း၌ နွေအပူကို ကြံရည်ဖြင့် ဖြေသိမ့်နေကြသူတို့ဖြင့် ထိုင်သောက်စရာနေရာမရှိလောက်အောင် အရောင်းအဝယ်ကောင်းနေကြသည်။

ကြံရည်ညှစ်ရာ၌လည်း ယခင်ကကဲ့သို့ အားအင်စိုက်စရာမလိုဘဲ တစ်လုံးထိုး၊ နှစ်လုံးထိုးလျှပ်စစ်/ဘက်ထရီကြိတ်စက်လေးများ ပေါ်လာသည့်အတွက် ကြံရည်ရောင်းသူတို့ ပိုမိုအဆင်ပြေလာသည်ကို တွေ့ရသည်။ ရပ်ကွက်လမ်းများအတွင်းသို့ပင် ကြံရည်ကြိတ်စက်လေးကို လှည်းပေါ်တင်တွန်း ရောင်းချလာသည်ကို တွေ့ရသည်။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း — ၂၆-၄-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၅၀၀ |
| ရန်ကုန် | ၁၅ပဲရည် | တစ်ကျပ်သား | ၆၂၆၄၀၀ |
| မန္တလေး | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ကျပ် ၃၂၀၀-၄၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ကျပ် ၃၀၀၀-၃၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ကျပ် ၆၅၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ကျပ် ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ကျပ် ၈၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ကျပ် ၁၄၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ကျပ် ၇၀၀၀-၁၅၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ကျပ် ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ကျပ် ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ကျပ် ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ကျပ် ၁၂၀၀၀-၁၅၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၉၆၃-၉၇၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၃၂၀-၁၃၃၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၇၅၉-၇၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၂၉.၆-၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၆.၂-၁၆.၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၅၃-၁၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၂၉၄-၂၉၉ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၅၀၀ |
| ပေါ်ကြွဲ(အသစ်) | တစ်အိတ် | ၁၉၅၀၀ |
| ပေါ်ဆန်း(အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၉၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၆၀၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၃၀၀-၄၆၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၂၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၅၆၀ |
| ငရုတ်ရှည်(ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၅၅၀-၂၆၀၀ |
| ငရုတ်ပွ(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။

## အကြီးဆုံးလူသုံးကုန်ပစ္စည်းနှင့် ထိုင်းစီးပွားရေးလုပ်ငန်းသစ်များပြပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

အကြီးဆုံး ထိုင်းလူသုံးကုန်ပစ္စည်း ကုန်စည်များနှင့် ထိုင်းနိုင်ငံမှ အရည်အသွေးမြင့်စီးပွားရေးလုပ်ငန်းသစ်များပြပွဲကို မေ ၂ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာ စီးပွားရေးမြှင့်တင်မှုဌာန(DITP)က ကြီးမှူးကျင်းပသည့် အဆိုပါပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ စက်ပစ္စည်းအစိတ်အပိုင်း၊ လျှပ်စစ်၊ အစားအသောက်နှင့် ဖျော်ရည်၊ ပိတ်သား၊ ချည်သားဖက်ရှင် အသုံးအဆောင်၊ ကျောက်မျက်ရတနာ၊ ကျန်းမာရေးနှင့် အလှအပ၊ အိမ်သုံး၊ မီးဖိုချောင်၊ သားရေထုတ်ကုန်နှင့် ဖိနပ်စသည့် ပစ္စည်းများအပြင်ဝန်ဆောင်မှု လုပ်ငန်းများကို ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၅၀ခန့် လာရောက်ပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ စီးပွားရေးလုပ်ငန်းရှင်ကုန်သည်များသည် မေ ၂ ရက်မှ ၃ရက်အထိ၊ အများပြည်သူတို့သည် မေ ၄ရက်မှ ၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီအထိ ကုန်ပစ္စည်းများကို လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်သည်။ ထို့ပြင် ထိုင်းဟင်းလျာများကိုလည်း ချက်ပြုတ်ပြသကာ ထိုင်းနိုင်ငံထွက် သစ်သီးများ လာရောက်ကြည့်ရှုသူများကို လက်ဆောင်များပေးမည်ဟု သိရသည်။

**ခင်ချိုဝင်း**


"Rabbit Family"Co.,Ltd
၁။ Admin Manager ကျား/မ (၁)ဦး
၂။ Marketing မ (၁၀)ဦး
၃။ Driver ကျား (၂)ဦး
(၁၇၀၀၀၀/-)

**ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ပြည်ခရိုင်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်ခရိုင်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် တိုင်းဒေသကြီး လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) ၁။ လမ်းခင်းကျောက်မျိုးစုံ ၁၁၅၀၇ ကျင်း
၂။ မြေနီကျောက်စရစ် ၂၅၆၅ ကျင်း
၃။ မြစ်ကျောက်စရစ် ၅၈ ကျင်း
၄။ မြစ်သဲ ၆၅၀ ကျင်း
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - တင်ဒါရွေးချယ်မည့်ရက်၊ အချိန်
(ဂ) **တင်ဒါရွေးချယ်မည့်ရက်** - ၁၂-၅-၂၀၁၄ ရက် (တနင်္လာနေ့)
(ဃ) **တင်ဒါရွေးချယ်မည့်အချိန်** - ၀၉း၀၀ နာရီ
(င) **တင်ဒါရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်ခရိုင်၊ ပြည်မြို့၊
(စ) တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၈-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ပြည်ခရိုင်**

အခန်းကျယ်ရောင်းမည်။
(17'x60')
A/C(1)
Pressur Pump
ကျပ်သိန်း→(765) Ph:09-5053076

**ပျောက်ဆုံးခြင်း**

ဦးထွန်းရင်၏သမီး မရတနာ ၅/ကလထ(နိုင်)၁၆၆၅၁၉၏ နိုင်ငံကူးလက်မှတ် No. M-305655 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၀၉-၄၀၀၅၂၅၆၅၂

**ပျောက်ဆုံးခြင်း**

ဦးဝင်းဦး၏သား မင်းထိုက်စိုး ၁၀/ပမန(နိုင်)၁၉၀၃၀၈၏ နိုင်ငံကူးလက်မှတ် DEO/08-081748 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၀၉-၄၀၁၅၉၄၅၁၄

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်အမှတ် ၁၃၇၄/က၊ မြေအမည်ပေါက် ဦးမြင့်ဆွေ ၁၂/သဃက(နိုင်) ၁၂၆၀၉၆ မှ မြေချစလစ်မူရင်း ပျောက်ဆုံးသွားပြီး မြေပါမစ်ထုတ်ယူရခြင်းမရှိသေး၍ ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၆) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ယာဉ်မောင်းအလိုရှိသည်**

Mega Win Co.,Ltd. တွင်
အမျိုးသားယာဉ်မောင်း (၃)ဦး
ဓာတ်ပုံ (၁)ပုံ မှတ်ပုံတင်မိတ္တူနှင့် လာရောက်လျှောက်ထားနိုင်သည်။
အမှတ်(၈) အေးသာယာလမ်း၊ တာမွေဘောက်ထော်
ဖုန်း-၅၄၈၂၉၇၊ ၅၄၃၆၉၆၊ ၄၀၀၄၇၈၊ ၀၉-၅၁၁၃၄၀၁

SUCCESS
May 4,5,6,7 (4Days)
0931340284

**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များနှင့် တံတားအထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁)၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်**

(က) ၁။ လမ်းခင်းကျောက်မျိုးစုံ ၅၉၇၂ ကျင်း
၂။ ဂဝံ ၅၂၄၃ ကျင်း
၃။ မြစ်ကျောက်စရစ် ၄၃၃ ကျင်း
၄။ သဲ ၇၄၀ ကျင်း
၅။ အုတ် ၂၃၀၂၀၂ ချပ်
၆။ သစ်မာရွယ်စုံ ၂၇ တန်
၇။ အခြားသားသစ်ရွယ်စုံ ၃၈၀ တန်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်**-၉-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်**-၁၂-၅-၂၀၁၄ ရက်၊ ၀၉း၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ**-ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့။ ဖုန်း-၀၅၂-၂၁၄၉၄
(င) အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဧပြီ ၂၆**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ဧပြီ ၂၅ ရက်နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လေ့လာစိစစ်သုံးသပ်ချက်အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသည့် အဆိုနှစ်ရပ်အား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး အဖွဲ့အစည်းဝင်မှ ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်က မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး ပုံမှန်အစည်းအဝေး(တတိယနေ့)ကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာ၌ ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာကျင်းပရာ ဧပြီ ၂၄ ရက်က ရှင်လောင်းများကို ဆင်ရတနာ ၁၄ စီးဖြင့် ကျေးရွာအတွင်း ထူးခြားစည်ကားသိုက်မြိုက်စွာ လှည့်လည်စဉ်။ ကေဆိုင်းနော်(ဖားကန့်)

## မသန့်စွမ်းများကို ကူညီပေးမရာတွင် ရှားပါးဆင်များကိုလည်း ဝိုင်းဝန်းကာကွယ်သင့်

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ်တောရိုင်းတိရစ္ဆာန်ရှားပါးလာခြင်းသည် သစ်တောပြုန်းတီးမှုနှင့် တောတောင်များထိ လူများဝင်ရောက်နေထိုင်လာမှုကြောင့်ဖြစ်ပြီး ကျန်ရှိနေသော တောရိုင်းတိရစ္ဆာန်များအား ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ရမည်မှာ နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ ကချင်ပြည်နယ် ဖားကန့်မြို့အနီးရှိ မော်စီဆာကျေးရွာတွင် အိမ်မွေးဆင်တစ်ကောင်အား ခိုင်းစေလျက်ရှိရာ ဘယ်ဘက်နောက်ခြေထောက်မွေးရာပါ မသန်စွမ်းဖြစ်နေသည့်တိုင် ဆက်လက်ခိုင်းစေနေသည့်အတွက် မြင်ရသူအပေါင်းမှာ ကရုဏာဖြစ်ပေါ်ပြီး အစားအစာများကျွေးမွေးကာ မသန်စွမ်းရှားပါးဆင်ကို ထိုသို့ခိုင်းစေခြင်းထက် ဆင်ကောင်ရေမျိုးပွားရာတွင် အသုံးပြုပါက သစ်တောအတွက်နှင့် တိုင်းပြည်အတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အဆိုပါဆင်ကို မြင်ရသူအပေါင်းမှ ဝေဖန်ထောက်ပြလျက်ရှိသည်။

**သန်းထိုက်**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## နဝမအကြိမ်မြောက် အရှေ့တောင်အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် စင်ကာပူနှင့် အင်ဒိုနီးရှား ပြေးခုန်ပစ်အဖွဲ့ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၆**

ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်မည့် (၉)ကြိမ်မြောက် အရှေ့တောင် အာရှလူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် 3K- 585 ဖြင့် ဧပြီ ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါအဖွဲ့များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားကြပြီး ဧပြီ ၂၆ ရက်တွင်လည်း မလေးရှားနိုင်ငံအသင်းမှ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမား စုစုပေါင်း ၁၉ ဦး ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရိခေါဒါရ်မြို့အဝင် " S " ကွေ့ရှောင်လမ်းဖောက်လုပ်

**ဟားခါး ဧပြီ ၂၆**

ချင်းပြည်နယ် ရိခေါဒါရ်မြို့နယ်ခွဲ စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်ခွဲအဆင့် ကော်မတီသုံးခုတို့ ပူးပေါင်း၍ ရိခေါဒါရ်မြို့အဝင် ဒေသအခေါ် " S " ကွေ့ ရှောင်ကွင်းလမ်းကို ဧပြီ ၂ ရက်မှစ၍ စက်ယန္တရားနှစ်စီးဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် ရိခေါဒါရ်မြို့နယ်မှ တီးတိန်၊ ကလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်တွင် တည်ရှိပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်၍ ကားအသွားအလာများပြားသည့် လမ်းတစ်ခုဖြစ်သည်။ လက်ရှိအသုံးပြုလျက်ရှိသော " S " ပုံသဏ္ဌာန်လမ်းကွေ့သည် လမ်းကွေ့ဆိုးလွန်းပြီး အတက်အဆင်းမတ်စောက်သည့်အတွက် နွေရာသီကာလများ၌ပင် ကားနှင့်ဆိုင်ကယ်များ မကြာခဏ ဘေးအန္တရာယ်ကြုံတွေ့တတ်ပြီး လမ်းဖောက်လုပ်ရာတွင် ဒေသခံပြည်သူများ၊ ဈေးဆိုင်များ၊ ကုမ္ပဏီများနှင့် ကားဂိတ်များ၏ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၅၀ ခန့် အကုန်အကျခံကာ လမ်းအရှည် ၃ ဖာလုံ၊ အကျယ် ၂၄ ပေ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(၁၁၇)**

တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း (ပထမအကြိမ်) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ဧပြီ ၂၅ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပရာ ဘော်လီဘောအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲနေ့တွင် ကင်ပွန်းတန်းကျေးရွာအသင်းမှ မန်ကျီးပင်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ (၀၂၁)

## စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမသင်တန်း(၁/၂၀၁၃) သင်တန်းဆင်း

**ကောလင်း ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဖွင့်လှစ်သော စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၃) သင်တန်းဆင်းပွဲကို ဧပြီ ၂၅ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ပေးအပ်သော ဆေးပစ္စည်းထည့် (Kit) ပုံးများကို ပေးအပ်ကြသည်။ အရန်သားဖွားဆရာမသင်တန်းကို သင်တန်းသူ ၁၀ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး စာတွေ့လက်တွေ့ ခြောက်လကြာသင်ကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမောင် (iprd)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ပါပစ္စည်းအား ဂိုဒေါင်ရောက်တန်ဖိုး (DDP ရန်ကုန်၊ အလုံစတို)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer | (၄၅)လုံး |

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၈-၄-၂၀၁၄ရက်မှ ၇-၅-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း) ၁၀း၀၀နာရီမှ ၁၆း၀၀နာရီထိ

၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၂-၅-၂၀၁၄ရက် ရုံးချိန်အတွင်း ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၅-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၀း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇- ၄၃၀၃၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**လူမှုဖူလုံရေးအဖွဲ့**
**ရုံးအမှတ် (၅၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀**

---

### CLAIMS DAY NOTICE
### M.V GOLDEN FAN VOY:NO(V.15)

Consignees of cargo carried by M.V GOLDEN FAN Voy: No. (V.15) are here by notified that the vessel will arrive on about 29-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

---

### အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနလက်အောက် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသစ်ကြီးအား ၂၉-၄-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ လက်လီ/လက်ကား ငါးမျိုးစုံ ရောင်း/ဝယ်ခြင်းကိစ္စများ ဆောင်ရွက်နိုင်ရန် ဆိုင်ခန်းဝယ်ယူထားသူများအနေဖြင့် စတင်ဖွင့်လှစ်ရောင်းချသွားပါရန်နှင့် ဈေးဝယ်ယူမည့်လုပ်သားပြည်သူများအနေဖြင့်လည်း လာရောက်ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်၊ စက်မှုလမ်း၊ အမှတ် (၃၆/၁၆၃) နေ ဘ ဦးတင်အောင်မြင့်၊ အမိ ဒေါ်အေးအေးသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်သည်မှာ-

ဘ ဦးတင်အောင်မြင့်၊ အမိ ဒေါ်အေးအေးသန်းတို့၏ သမီးကြီးဖြစ်သူ မအေးသီတာမြင့် ၁၂/ကမရ(နိုင်)၀၁၄၆၂၂သည် မိဘ၏ဆိုဆုံးမစကားကို နာခံမှုမရှိခြင်း၊ မိဘ၏ဂုဏ်သိက္ခာကိုထိခိုက်စေရန်ပြုမူပြောဆိုမှုမျိုးကို ကြိမ်ဖန်များစွာ ကျူးလွန်ခြင်း၊ ကုမ္ပဏီပိုင်တိုက်ခန်းများအား မိမိပိုင်ဆိုင်ပါသည်ဟူ၍ မမှန်မကန်သော ဖြစ်ရပ်များအား လုပ်ကြံပြောဆိုခြင်း၊ မိဘခွင့်မလွှတ်နိုင်သော အပြစ်များကိုဆက်တိုက်ကျူးလွန်ခဲ့သူတစ်ဦးဖြစ်ခြင်း အစရှိသော အပြစ်များအပေါ် ခွင့်မလွှတ်နိုင်မှုမရှိခြင်းတို့ကြောင့် ယနေ့ကြေညာသည့်ရက်မှစ၍ မအေးသီတာမြင့်နှင့်တကွ ခင်ပွန်းနှင့်သမီးတို့အပါအဝင် သုံးဦးစလုံးအား ဆွေမျိုးတော်စပ်ခြင်းမှ အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ဦးတင်အောင်မြင့်၊ ဒေါ်အေးအေးသန်းတို့မိဘနှစ်ပါးသည် မည်သည့်ကိစ္စမှ ပါဝင်ပတ်သက်မည်မဟုတ်ကြောင်းနှင့် နောက်နောင် ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်ပါက ဦးတင်အောင်မြင့်၊ ဒေါ်အေးအေးသန်းတို့မှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း မိမိတို့နှင့်လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန့်သန့်ချော(စဉ်-၂၆၉၉၄) ဒေါ်ဇာဇာဝင်း(စဉ်-၄၁၁၂၃) ဒေါ်ဇင်ဝေမိုး(စဉ်-၃၉၀၀၄)**
**အထက်တန်းရှေ့နေများ**
**ဖုန်း-၀၉-၄၂၀၁၇၄၄၁၂၊ ၀၉-၄၂၅၀၁၈၂၇၆၊ ၀၉-၇၃၁၆၁၂၃၂**

နိုင်ငံတကာအားကစားသတင်း

# အကြိတ်အနယ်နွှဲရမယ့် ဂျူဗင်တပ်ရဲ့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲဒုတိယအကျော့

မိုးမြင့်လင်းလက်

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်တွေကို မေ ၁ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ပြိုင်ဘက်အသင်းတိုင်း ပြတ်သားတဲ့ ရလဒ်တွေ ကိုယ်စီဖော်ထုတ်နိုင်ရေး ကြိုးစားကြမှာမို့ ပြိုင်ပွဲဝင် အသင်းတွေရဲ့ ရလဒ်ကောင်းရေးအတွက် အကြိတ်အနယ် ဆင်နွှဲကြရပါတော့မယ်။ ဒါကြောင့် ဗိုလ်လုပွဲကို ဘယ်အသင်းတွေ တက်ရောက်နိုင်မလဲ ဆိုတာ စောင့်မျှော်အားပေးရမှာဖြစ်ပါတယ်။

**ဗလင်စီယာနှင့် ဆီဗီလာ**

စပိန်မြို့ခံ ပြိုင်ဘက်အသင်းတွေ ဖြစ်ပေမယ့် အခုပွဲကတော့ ပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်၊ ဗလင်စီယာ အသင်းဟာ ဆီဗီလာနဲ့အိမ်ကွင်းမှာ နောက်ဆုံးနှစ်ပွဲကစားခဲ့တဲ့ ရလဒ်ကတော့ နှစ်ပွဲစလုံးအနိုင်ရထားပါတယ်။ ဗလင်စီယာဟာ ဆီဗီလာနဲ့ဆုံတိုင်း ပွဲကျပ်ဖြစ်ခဲ့ပေမယ့် နောက်ဆုံး လေးပွဲကစားခဲ့ရာမှာ တစ်ပွဲပဲ ရှုံးခဲ့တာမို့ ဆီဗီလာတို့လည်း ဒီပွဲမှာ ပင်ပန်းကြီးစွာ ရုန်းကန်ရပါလိမ့်မယ်။ ဆီဗီလာဟာ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ရေးအတွက် ခြေကုန်ထုတ်ဖို့ အမာခံကစားသမားတွေ ပွဲထွက်လာဖို့ရှိပါတယ်။ ဆီဗီလာ ကစားသမားတွေဟာ အခုပွဲကို အနိုင်ရယူဖို့ စနစ်တကျ ပြင်ဆင်လာမှာမို့ အိမ်ရှင် ဗလင်စီယာတို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ပထမအကျော့မှာ နှစ်ဂိုးပြတ် သွင်းယူထားတဲ့ဆီဗီလာတို့ပဲ စိတ်ဓာတ်အသာစီးရပြီး အသင်းလိုက်ကစားအား ကောင်းမွန်ပြင်းထန်တဲ့ ဆီဗီလာတို့ အောင်ပွဲခံသွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ဂျူဗင်တပ်စ်နှင့် ဘင်ဖီကာ**

ဂျူဗင်တပ်စ်တို့ အတွက်တော့ ဒီပွဲဟာ အိတ်သွန်ဖာမှောက် ကစားရမယ့် အနေအထားပါပဲ။ ဂျူဗင်တပ်စ်ဟာ ဘင်ဖီကာနဲ့ဆုံတွေ့ခဲ့တဲ့ နောက်ဆုံး လေးပွဲမှာတော့ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေဆိုတဲ့ ရလဒ်ရရှိခဲ့တာမို့ ဘင်ဖီကာကို အချိန်ပြည့် လေးလေးနက်နက်ကစားမှ ရပါလိမ့်မယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဂျူဗင်တပ်စ်ဟာ ဘင်ဖီကာကို အခုပွဲမှာ ဖိအားပေးကစားမှာ သေချာပါတယ်။ ယူရိုပါလိဂ်ဖလားကို မျှော်မှန်းနေတဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲမှာ ဘင်ဖီကာရဲ့တိုက်စစ်ကို ဟန့်တားနိုင်ဖို့ပြင်ဆင်ထားပြီး ပထမအကျော့မှာနှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားတာကို ဘယ်လိုချေပကျော်ဖြတ်နိုင်မလဲ ကြည့်ရမှာပါ။ ယူရိုပါလိဂ်ဖလားသုံးကြိမ်ရရှိခဲ့ဖူးတဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲမှာ တိုက်စစ်မျိုးတွေ ဘယ်လောက်အထိ ခြေစွမ်းပြပြီး ဂိုးတွေ သွင်းယူနိုင်မလဲဆိုတာ ရင်ခုန်စရာကောင်းနေတာတော့အမှန်ပါပဲ။ ။

## ရိုင်ယန်ဂစ်ကို ဖာဂူဆန်ကူညီမည်

မန်ယူအသင်းကို ယာယီကိုင်တွယ်နေသော နည်းပြ ရိုင်ယန်ဂစ်အား အကူအညီအကြံဉာဏ်များ အချိန်မရွေး ပေးနိုင်ကြောင်း ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားလိုက်သည်။ ဂစ်သည် ရာထူးမှ ဖယ်ရှားခံလိုက်ရသည့် ဒေးဗစ်မိုယက်ဇ်နေရာတွင် ရာသီကုန်အထိလေးပွဲ တာဝန်ယူပေးရမည်ဖြစ်သည်။

နည်းပြဟောင်း ဖာဂူဆန်အနေဖြင့် မိမိအား အကြံဉာဏ်များပေးနေကြောင်း၊ဆက်လက်ပြီးလည်းအကြံဉာဏ်များ ပေးလိမ့်မည်ဖြစ်ကြောင်း ရိုင်ယန်ဂစ်က ပြောကြားသည်။ ဖာဂူဆန်သည် နည်းပြအဖြစ်မှ အနားမယူမီ မန်ယူနှင့်အတူ ၁၉၈၆မှ ၂၀၁၃ ခုနှစ်အထိ မန်ယူ နည်းပြ တာဝန်ထမ်းဆောင်ခဲ့သူသည်။

## ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးဟု လီဗာပူးနည်းပြပြောကြား

ဖလားလုပြိုင်ဘက် ချယ်လ်ဆီးကို ပြိုင်ပွဲအားလုံး ဖိအားပေးသွားမည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဘရိုင်ဒန်ရော်ဂျာက ပြောကြားလိုက်သည်။

လီဗာပူးသည် တနင်္ဂနွေနေ့(ယနေ့တွင်) ချယ်လ်ဆီးနှင့်ကစားရမည်ဖြစ်သည်။ ၁၉၈၉-၁၉၉၀ ပြည့် နှစ်နောက်ပိုင်း ပထမဆုံးသော ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် လီဗာပူးအနေဖြင့် ရမှတ် ခုနစ်မှတ် လိုအပ်နေသည်။ လက်ကျန်ပွဲကစားရန် သုံးပွဲအလို လီဗာပူးက ရမှတ် ၈၀ဖြင့် ဦးဆောင်နေသည်။ ချယ်လ်ဆီးက ယင်းနောက်မှ ရမှတ် ၇၅ မှတ်ဖြင့် လိုက်နေသည်။

ကောင်းမြတ်သူ-စုစည်းသည်

## နိုင်ငံတကာပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၆)** — မေ ၂၇

| | | | |
|---|---|---|---|
| ဆန်းဒါးလန်း | - | ကာဒစ်ဖ် | ညနေ ၅:၃၀ |
| လီဗာပူး | - | ချယ်လ်ဆီး | ည ၇:၃၅ |
| ပဲလေ့စ် | - | မန်စီးတီး | ည ၉:၄၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂)** — မေ ၂၇

| | | | |
|---|---|---|---|
| အော့စ်ဘတ် | - | ဟမ်းဘတ် | ည ၈:၀၀ |
| ရှော်လ်ကေး | - | ဂလက်ဘတ် | ည ၁၀:၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၃၅)** — မေ ၂၇/၂၈

| | | | |
|---|---|---|---|
| ဗီရိုနာ | - | ကာတာနီးယား | ညနေ ၅:၀၀ |
| ဆမ်ဒိုးရီးယား | - | ချီယေဗို | ည ၇:၃၀ |
| လီဗော်နို | - | လာဇီယို | ည ၇:၃၀ |
| ကက်ဂလီယာရီ | - | ရိုးမား | ည ၇:၃၀ |
| တိုရီနို | - | အူဒီးနိစ် | ည ၇:၃၀ |
| အတ္တလန်တာ | - | ဂျီနိုအာ | နံနက် ၁:၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၃၅)** — မေ ၂၇/၂၈

| | | | |
|---|---|---|---|
| အက်စ်ပန်ညို | - | အယ်လ်မာရီးယား | ညနေ ၄:၃၀ |
| ဗလင်စီယာ | - | အက်သလက်တီကို | ည ၉:၃၀ |
| ဘီလ်ဘာအို | - | ဆီဗီလာ | ည ၁၁:၃၀ |
| ဗီလာရီးရဲလ် | - | ဘာစီလိုနာ | နံနက် ၁:၃၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၃၅)** — မေ ၂၇/၂၈

| | | | |
|---|---|---|---|
| ဆိုးချော့စ် | - | ပီအက်စ်ဂျီ | ညနေ ၆:၃၀ |
| လိုင်ယွန် | - | ဘတ်စ်တီယာ | ည ၉:၃၀ |
| လိုင်လီ | - | ဘော်ဒိုး | နံနက် ၁:၃၀ |

**မေ ၂၆ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဘရိုက်တန် | ၂-၀ | ယီအိုဗွီး |
| နန့်တက်စ် | ၁-၁ | မာဆေး |
| ဟန်နိုဗာ | ၀-၀ | စတုဂတ် |
| ရိုးမား | ၂-၀ | အေစီမီလန် |

## ရာဖေးလ်နာဒယ်၏ အနိုင်ရမှုအဆုံးသတ်

ဘာစီလိုနာအိုးပင်းတွင် ၁၁ နှစ်ကြာ နိုင်ပွဲများ ဆင်နွှဲနိုင်ခဲ့သော ရာဖေးလ်နာဒယ်၏ ၄၁ ပွဲမြောက် အနိုင်ရရှိမှုကို တစ်နိုင်ငံတည်းသား နီကိုလပ်အယ်လ်မာဂရိုတာ အဆုံးသတ်ပေးလိုက်သည်။ ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ်သည် ပထမပွဲငယ်တွင် ချောချောမောမောအနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်ပြီးနောက် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ အယ်လ်မာဂရိုက ၂-၆၊ ၇-၆ (၇-၅)၊ ၆-၄ ဖြင့် နိုင်ခဲ့သည်။ ရာဖေးလ်နာဒယ်သည် ဘာစီလိုနာအိုးပင်းတွင် ၂၀၀၃ ခုနှစ်က တစ်ပွဲသာလျှင် ရှုံးနိမ့်ခဲ့ဖူးသည်။ ရာဖေးလ်နာဒယ်သည် ဘာစီလိုနာအိုးပင်းဖလားကို ရှစ်ကြိမ်ဆွတ်ခူးထားခဲ့သည်။ သို့သော်လည်း ယခင်က ၁၀ ပွဲစလုံးတွင် အနိုင်ကစားနိုင်ခဲ့သော အယ်လ်မာဂရိုအား ရှုံးနိမ့်ခဲ့ရသည်။

## လူပျောက်



ဦးကြည်ဝင်းအောင်၏သမီး မချစ်နှင်းဖြူ သည် ၁၀-၄-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် နေအိမ်မှရုတ်တရက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် သွေးဆောင်ဖြားယောင်းလက်ခံထားရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

**ကိုဝင်းမောင်ဦး**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၁၇၂၆၃၃၊ ၂၅၆၁၇၄၄၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေး စီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^က၊ မြေကွက်အမှတ် ၁/၄၂၊ ၏အစိတ်အပိုင်းမြေကွက် တည်နေရာအမှတ် ၂၆၅၊ မဉ္ဇူလမ်း ရွှေနံ့သာကျေးရွာအုပ်စု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ၁၄-၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၅/၃-၂၀/ဦး ၆အရ ငယ်စာရင်းအမည်ပေါက် ဒေါ်မြလှဲ့ဝင်း ၁၂/မရက(နိုင်)၀၂၈၅၇၅ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Jade Ayer Int'1 Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

(1) **Chief Accountant** — မ ၁ ဦး
CPA (သို့) B.Com (သို့) LCCI Level-3
အသက် ၂၈ နှစ်မှ ၃၈ နှစ်၊
စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ (၅)နှစ်
Computer ကျွမ်းကျင်ရမည်။
(Accounting Software သုံးတတ်ရမည်။)

(2) **Accountant** — မ ၁ ဦး
B.Com (သို့)LCCI Level-3 အောင်မြင်ရမည်။
အသက် ၂၅ နှစ်မှ ၃၅ နှစ်
စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ (၃)နှစ်
Computer ကျွမ်းကျင်ရမည်။
(Accounting Software သုံးတတ်ရမည်။)
တရုတ်စကားပြောကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရမည်။

(3) **Sales Assistant** — မ ၂ ဦး
ဘွဲ့ရပြီးသူဖြစ်ရမည်။
အသက် ၂၀ မှ ၂၈ နှစ်
လုပ်ငန်းအတွေ့အကြုံ (၁)နှစ်
အင်္ဂလိပ်စကားတတ်ကျွမ်းရမည်။
Computer ကျွမ်းကျင်ရမည်။

(4) **ယာဉ်မောင်း** — ကျား ၁ ဦး
အထက်တန်းပညာအဆင့်ရှိရမည်။
အကျင့်စာရိတ္တကောင်းမွန်ရမည်။
ရန်ကုန်မြို့အနှံ့ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
အရက်နှင့် မူးယစ်ဆေးဝါးကင်းရှင်းသူဖြစ်ရမည်။

ရာထူးအားလုံးအတွက် လျှောက်ထားသူများသည် ရုပ်ရည်သန့်ပြန့်၍ သွက်လက်ရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်၊ ဓာတ်ပုံ ၂ ပုံနှင့်အတူ အမှတ်(၉၀)A-1၊ အင်းလျားလမ်းသို့ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဒေသခံပြည်သူများ ကျန်းမာရေးအထောက်အကူဖြစ်စေမည့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ရန် မြေနေရာယူ

**နတ်မောက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် မြို့နယ်၏ လမ်းညွှန်မှုများကိုခံယူပြီး မြို့မိ မြို့ဖများက တိုင်းရင်းဆေးကော်မတီဖွဲ့၍ ကျေးရွာအုပ်စု ၈၀ ကို ညှိနှိုင်းစည်းဝေး အလှူခံကာ ၁၆ ခုတင်ဆံ့ ကိုယ့်အားကိုယ်ကိုးတိုင်းရင်းဆေးရုံကြီး တည်ဆောက်ရန် ၂ ဒသမ ၁၅ ဧကရှိ တန်ဖိုးငွေကျပ် ၆၅ သိန်းရှိ မြေနေရာကို တောင်သူနှစ်ဦးထံမှ ဝယ်ယူပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးရုံကြီးကို နတ်မောက်မြို့ ရန်အောင်မြင်ရပ် ရန်အောင်-ပျော်ဘွယ်-နတ်မောက် မီးရထားဘူတာရုံကြီးအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်အောင်မြင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်မောင်ထံမှ သိရသည်။

“ဒီကိုယ့်အားကိုယ်ကိုး ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကြီး အောင်မြင်စွာတည်ဆောက်ပြီးရင် ကျွန်တော်တို့ မြို့နယ်သူ မြို့နယ်သားတွေရဲ့ ကျန်းမာရေးကို များစွာအထောက်အကူဖြစ်တဲ့အပြင် ခေတ်မီဆေးဝါးများနဲ့ ကုသလို့မရတဲ့ ရောဂါဝေဒနာရှင်တွေကိုပါ ဒီလိုမျိုးတိုင်းရင်းဆေးပညာနဲ့ ကုသနိုင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် အလွန်ပဲဝမ်းသာမိပါတယ်” ဟု ၎င်းကဆိုသည်။

နတ်မောက်မြို့တွင် ၂၅ ခုတင်ဆံ့ ဆေးရုံကြီးနှင့် တိုင်းရင်းဆေးခန်း တစ်ခုသာရှိခဲ့ပြီး ယခုကဲ့သို့ ၁၆ ခုတင်ဆံ့ ကိုယ့်အားကိုယ်ကိုးတိုင်းရင်းဆေးရုံကြီး တည်ဆောက်သွားမည်ဖြစ်သည့်အတွက် မိဘပြည်သူများ အထူးပင်ဝမ်းသာလျက်ရှိသည်။

**သိမ့်သိမ့်မိုး**

## မူလတန်းဆရာအတတ်ပညာ အထူးသင်တန်း စစ်တွေ၌ဖွင့်

**စစ်တွေ ဧပြီ ၂၆**

စစ်တွေမြို့နယ် ဆရာ ဆရာမများ မူလတန်းဆရာအတတ်ပညာ တတ်ကျွမ်းနားလည်စေရန်အတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းကို ဧပြီ ၂၃ ရက်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသို့ ဆွဲခန့်ဆရာမလေးဦး၊ အထွေထွေလုပ်သား ၃၀ တက်ရောက်လျက်ရှိကြောင်းသိရသည်။ သင်တန်းတွင် သင်တန်းနည်းပြ ဆရာမ ၁၃ ဦးက ကျောက်ဖြူပညာရေးကောလိပ်တွင် သင်ကြားပြသသည့် ဆရာအတတ်ပညာ ဘာသာရပ်များအတိုင်း သင်ကြားပို့ချပေးလျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ တစ်လကြာ သင်ကြားပို့ချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်းနှင့် အလားတူ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းများကို ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်တွင်လည်း တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရှမ်းပြည်နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တွေ့ဆုံ

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က အမှာစကားပြောကြားပြီးနောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မေမေနီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲနည်းဥပဒေများနှင့် စပ်လျဉ်း၍ တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက သိရှိလိုသည့်အချက်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်လူငယ်များ နည်းပညာနောက်မကျစေရေး အခြေခံကွန်ပျူတာသင်တန်းဖွင့်

**မြင်းမူ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည် ပိဋကတ်စာကြည့်တိုက်နှင့် ဉာတိသင်္ဂဟ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက် ကျေးလက်နေ ကလေးလူရွယ်များအတွက် ကျေးလက်လူငယ် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် အခြေခံကွန်ပျူတာ အခမဲ့သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၇ နာရီက ဇမ္ဗူဒီပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တသောပါကနှင့် ဘဒ္ဒန္တပါမောက္ခ (ဇမ္ဗူနွယ်)ဆရာတော်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို အသိပေးမိန့်ကြားပြီး လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်က သင်တန်းတက်ရောက်သူ သင်တန်းသား သင်တန်းသူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

၎င်းအခြေခံကွန်ပျူတာ(အခမဲ့) သင်တန်းတွင် အရှင်ဩဘာသ(မဟာဂန္ဓာရုံ)နှင့် ဆရာတော် သံဃာတော်များက သင်ကြားပေးမည်ဖြစ်ပြီး ထူးချွန်သော သင်တန်းသား သင်တန်းသူများကို ဆက်လက်၍ အဆင့်မြင့် ကွန်ပျူတာသင်တန်းများသို့ အခမဲ့သင်ကြားပေးရန် ရည်ရွယ်ထားကြောင်း ဆရာတော်က မိန့်ကြားသည်။

ရွာမှာရှိသည့်ကလေးများ ဉာဏ်ပညာမြင့်မားအောင် နည်းပညာတွေ သင်ကြားပေးခြင်းဖြစ်၍ မိဘများ အနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ ၎င်းသင်တန်းသို့ ကျေးရွာတွင်းရှိ လူငယ်လူရွယ် ၂၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

**သွေးသွင်းကုသရန် လိုအပ်မည့် လူနာများ လိုအပ်သည့်သွေးကို လွယ်ကူစွာ ဆက်သွယ်ရရှိနိုင်ရေးအတွက် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသရှိ ရေရှင်၊ တောင့်တက်၊ ပြင်လယ်၊ ကံကြီး၊ ကြန်တော၊ ရင့်ရဲ၊ ယောမြို့၊ မြို့ပေါက် စသည့်ကျေးရွာများမှ စေတနာရှင်ပြည်သူများစုစည်း၍ ဒေသတွင်း လူမှုရေးအသင်းတစ်ခုဖြစ်သည့် ဟံသာဝတီသွေးလှူရှင်များအသင်းကို ဧပြီ ၂၃ ရက်က ပြင်လယ်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဖွဲ့စည်းစဉ်။** (၁၀၁)

## ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ကျောင်းသား ကျောင်းသူများ လိမ္မာယဉ်ကျေးပြီး အသိပညာဗဟုသုတ ဉာဏ်ပညာတိုးတက်စေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းကို ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာဘုရားကျောင်းဓမ္မာရုံ၌ ဧပြီ ၂၂ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၅၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ အင်ဒိုင်းကျေးရွာ ဘုရားကျောင်းဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဦးစီး၍ ကျေးရွာ ဝိမုတ္တိပရဟိတအဖွဲ့တို့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို နံနက်နှင့် ညနေပိုင်းခွဲကာ သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဗုဒ္ဓဘာသာသင်တန်းဖွင့်

ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာတွင် ဗုဒ္ဓသင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ဒေါက်ရပ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ သူရယစန္ဒခန်းမ၌ ကျင်းပသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုပြီး ဒေါက်ရပ်ကျေးရွာ ကျောင်းဆရာတော်ဦးဝိလာသက ဆုံးမဩဝါဒစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ထူးနောင်**


**မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ယာဉ်အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | TOYOTA Double Cab | (၁)စီး |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၈-၅-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၈-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ပြည်တော်သာလမ်း၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၆၂၅၃၊ ၀၆၃-၂၆၃၉၈**
**E-mail-magway.dda@gmail.com**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် Chemistry Lab Equipments နှင့် Physics Lab Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၅-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းရှိ**
**အဝေးရောက်အသင်းသားများ၏**
**အသင်းသားလစဉ်ကြေးပေးဆောင်နိုင်ရန်အသိပေးကြေညာခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းရှိ အဝေးရောက်အသင်းသားများအား ၁၅-၁၁-၂၀၁၁ ရက်မှစပြီး ခွင့်ပြုခြင်းမရှိတော့ပါသောကြောင့် ခွင့်ပြုပေးခဲ့သည့် အဝေးရောက် အသင်းသားအားလုံး အလိုအလျောက်ပယ်ဖျက်ပြီး ဖြစ်ပါသဖြင့် သတ်မှတ်ထားသည့်လစဉ်ကြေးကြွေးကျန်များအား ၂၈-၂-၂၀၁၄ ရက် နောက်ဆုံးထားပြီး လာရောက်ပေးဆောင်နိုင်ပါရန် အင်္ဂလိပ်/မြန်မာ သတင်းစာများတွင် ပထမအကြိမ် အသိပေးနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။
၂။ သို့ရာတွင် အချို့သောအဝေးရောက်အသင်းသားများမှာ ၂၂-၄-၂၀၁၄ ရက်အထိ လစဉ်ကြေးပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသောကြောင့် အမြန်ဆုံးလာရောက်ပေးသွင်းပါရန်နှင့် ၃၀-၆-၂၀၁၄ ရက်အထိ နောက်ဆုံးထားပေးသွင်းခြင်းမရှိပါက မြို့တော်ဂေါက်ကွင်း အသင်းသားအဖြစ်မှ အမြဲတမ်းရပ်စဲသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**


**မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။**

| စဉ် | မြို့နယ် | မြေတိုင်းရပ်ကွက် | မြေကွက်အမှတ် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | မင်္ဂလာဒုံ | ၈/ခရေရိပ်သာ | ၁၄၁ | ဇေကမ္ဘာကုမ္ပဏီ | ဦးစိုးစိုးသန့်(ခ)ဦးစိုးစိုး | ၁၂/ဗဟန(နိုင်)၀၈၃၈၉၅ | ဂရန်သစ် |
| ၂ | မင်္ဂလာဒုံ | ။ | ၁၃၆ | ။ | ။ | ။ | ။ |
| ၃ | သာကေတ | ၁၀ | ၁၃၅ | ဒေါ်အေးသန်း | ဒေါ်အေးအေးမြင့် | ၁၂/သကတ(နိုင်)၀၉၄၈၉၉ | ။ |
| ၄ | လှိုင်သာယာ | ၄/၅ | ၁၄၁၄မှ၁၄၁၆<br>၁၄၂၃မှ ၁၄၂၅ | ဦးဇော်မင်းထွန်း | ဦးထွေးမြင့် | ၁၃/လရန(နိုင်)၀၅၇၀၇၉ | ။ |
| ၅ | လှိုင်သာယာ | ၁၄ | ၂၂ | ရွှေသံလွင်ကုမ္ပဏီ | ဦးစိုးမြင့် | ၁၂/ပဇတ(နိုင်)၀၁၇၁၃၄ | ။ |
| ၆ | ဒဂုံမြောက် | ၂၇/၂ | ၁၁+၁၂/၁/က | ဒေါ်ငွေငွေကြည် | ဦးစောဝင်းသန့်+၁ | ၁၂/မရက(နိုင်)၀၈၁၇၄၃ | ။ |
| ၇ | ဒဂုံမြောက် | ၂၇/၃ | ၃၇ | ဒေါ်နွယ်နွယ်စိန် | ဝင်းဗိုလ်ဗိုလ် | ၁၄/မမက(နိုင်)၀၉၄၅၂၀ | ။ |
| ၈ | ဒဂုံမြောက် | ၂၇/၄ | ၆၇ | ဒေါ်လှဲ့လှဲ့ဝင်း | ဒေါ်တင်တင်စိန် | ၅/ဝသန(နိုင်)၀၀၄၉၃၀ | ။ |
| ၉ | သာကေတ | ၁၀ | ၃၂၃ | ဦးသန်းထွဋ် | ဒေါ်ဇာခြည်မင်းဝေ | ၁၂/ရကန(နိုင်)၀၆၆၅၈၅ | ။ |

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောင်သူဝင်ငွေတိုးစေရေး နွေစပါးနှင့် နွေသီးနှံများတိုးချဲ့စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေသီးနှံအဖြစ် စိုက်ပျိုးနေကြသော နွေစပါး၊ ပဲတီစိမ်းနှင့် နှမ်းသီးနှံများမှာ အပူပိုင်းဒေသရာသီဥတုကိုနှစ်သက်သော သီးနှံများဖြစ်သည့်အားလျော်စွာ မြေတွင်း အစိုဓာတ်မပြတ်အောင် ထိန်းသိမ်းပေးနိုင်ပါက အပူချိန်မြင့်လာလေ ပင်ပိုင်းကြီးထွားမှုလျင်မြန်အားကောင်းကာ အထွက်နှုန်းပိုမိုတိုးတက်နိုင်သည့် သီးနှံများဖြစ်ရာ ယခုနှစ်ရာသီဥတုအရ ရေသွင်းစိုက်ပျိုးနေကြသော နွေရာသီစိုက်သီးနှံများ အထွက်နှုန်းပိုမိုလာနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က သုံးသပ်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဖြစ်သည့် မြစ်ရေတင်ရေပေးဝေရေးလုပ်ငန်းမှလည်းကောင်း၊ ယခုနှစ်မှဆောင်ရွက်သည့် တောင်သူပိုင်ရေလျှံတွင်းများတူးဖော်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများမှလည်းကောင်း၊ တောင်သူဝင်ငွေတိုးတက်စေရေးအတွက် နွေစပါးအပါအဝင် နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ မိုးကြိုချည်မျှင် ရှည်ဝါစသည့် နွေသီးနှံများကို တိုးတက်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပျော့ရွာမြစ်ရေတင်လုပ်ငန်းမှ ယခုနှစ်တွင် နွေစပါးဧက ၄၀၀ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ သိပ္ပံနည်းကျစိုက်စနစ်များဖြင့် ၃၄၉ ဧက ယနေ့ထိစိုက်ပျိုးထားပြီးဖြစ်သလို အဆိုပါ မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေကိုရယူလျက် ကံဖျားကျေးရွာအုပ်စုတွင် ယခင်နှစ်က ပဲတီစိမ်း ဧက ၁၀၀ စမ်းသပ်စိုက်ပျိုးခဲ့ရာမှ အောင်မြင်မှုကြောင့် ယခုနှစ်တွင် ဧက ၂၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် မိုးကြိုပဲတီစိမ်းသီးနှံကို ဧက ၂၅၀ အထိ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကံဖျားဒေသသည် မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေရယူလျက် ယခင်နှစ်က ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း၊ ဂျုံစသည့်တစ်နှစ်သုံးသီးစားသီးထပ်ပုံစံဖြင့် ဧက ၁၀၀ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဧက ၂၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်တဲ့ မုံရွာခရိုင် အရာတော်မြို့နယ်မှာလည်း မကျည်းစောက်လို့ခေါ်တဲ့ အရာတော်(၂) မြစ်ရေတင်လုပ်ငန်း ရေပေးအဆောက်အအုံနဲ့ မြောင်းတွေကို ပြန်လည်ပြင်ဆင်တည်ဆောက်ပြီး နွေစပါးနဲ့နွေသီးနှံတွေကို စိုက်ပျိုးကြဖို့ စည်းရုံးဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်က အဲဒီဧရိယာမှာ နွေစပါးဧက ၂၀ လောက်သာစိုက်ခဲ့ရာက ဒီနှစ်မှာ ဧပြီ ၂၅ ရက်အထိ နွေစပါး ဧက ၂၄၀၊ နွေနှမ်းဧက ၄၀၊ မိုးကြိုပဲတီစိမ်း ဧက ၁၁၁ နဲ့ မိုးကြိုချည်မျှင်ရှည်ဝါခြောက်ဧကနဲ့ စုစုပေါင်း ၃၉၇ ဧကစိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း နွေစပါးဧက ၁၀၀၀ အထိ စိုက်ပျိုးနိုင်အောင် ရည်မှန်းဆောင်ရွက်လျက် ရှိပါတယ်"ဟု တိုင်းဒေသကြီး ဦးစီးမှူးဦးခင်မောင်ညွန့်က ပြောပြသည်။

**တောင်သူများက ရေလျှံတွင်းများ တူးဖော်လျက် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်လျက်ရှိ**

ဆားလင်းကြီးမြို့နယ် ရှမ်းကိုင်းကျေးရွာနှင့် တရားကျေးရွာများတွင် တောင်သူများက ရေလျှံတွင်းများ တူးဖော်လျက် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချေးငွေထုတ်ပေးခြင်း၊ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ထောက်ပံ့ပေးခြင်းများဖြင့် အားပေးကူညီလျက်ရှိပြီး ယနေ့အထိ ရှမ်းကိုင်းကျေးရွာတွင် ရေလျှံတွင်း ၁၁ တွင်း၊ တရားကျေးရွာတွင် ရေလျှံတွင်း ၂၀ တူးဖော်ပြီးဖြစ်ရာ မိုးကြိုပဲတီစိမ်းဧက ၉၀၊ နွေနှမ်း ၁၇ ဧကစိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိုးကြိုပဲတီစိမ်းသီးနှံတွင် သက်တမ်း ၆၅ ရက်မှ ၇၀ သာရှိသည့် ရေဆင်း ၁၁ ပဲတီစိမ်းမျိုးကို အလေးထားစိုက်ပျိုးလာကြပြီး အဆိုပါ ပဲတီစိမ်းမျိုးသည် တစ်တင်းလျှင် အနည်းဆုံးငွေကျပ် ၃၀၀၀၀ နှုန်းရောင်းချရကြောင်း သိရသည်။ ပဲတီစိမ်းစိုက်ပျိုး ကုန်ကျစရိတ်မှာ မျိုးဖိုး၊ မြေဩဇာ၊ အပင်ပြုစုစောင့်ရှောက်ခ၊ စိုက်ပျိုးရိတ်သိမ်းလုပ်အားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀ ခန့်သာကုန်ကျပြီး တစ်ဧကလျှင် အနည်းဆုံး ၁၅ တင်းခန့်ထွက်ရှိသဖြင့် တစ်ဧကအမြတ်ငွေမှာ ငွေကျပ် ၃၅၀၀၀၀ ရှိသဖြင့် တွက်ခြေကိုက်သောသီးနှံဖြစ်လာကြောင်း သိရသည်။

မြစ်ချောင်းများမှ ရေတင်လုပ်ငန်းများဖြင့် နွေသီးနှံကိုစိုက်ပျိုးလျက်ရှိရာတွင် ဌာနရေတင်လုပ်ငန်းများမှ ရေကိုရယူစိုက်ပျိုးခြင်းအတွက် နွေစပါးတစ်ရာသီလျှင် တစ်ဧကရေတင်စရိတ်ငွေကျပ် ၉၀၀၀ နှင့် အခြားနွေသီးနှံအတွက် တစ်ဧကငွေကျပ် ၃၀၀၀ သာကုန်ကျကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သတင်းတိုများ

### မြင်းခြံမှာ အပူရှိန်ပြင်းလွန်း

မြင်းခြံမှာ အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထက်ရှိကြောင်း၊ မြင်းခြံမြို့ပြည်သူများ အိပ်မရဘဲ အပူဒဏ်ကို ယမန်နှစ်ကထက် ပိုခံစားနေရကြောင်း မြင်းခြံမြို့ပြည်သူများက ပြောသည်။ ပန်ကာ၊ အဲကွန်းကို အားမကိုးလိုသော်လည်း အားကိုးနေရကြောင်း မြင်းခြံမြို့သားတစ်ဦးက ပြောသည်။ လမ်းမပေါ်ထွက်အိပ်ရမလိုဖြစ်နေသည်ဟုဆို၏။ မြင်းခြံတွင် လေပြင်းတိုက်၊ မိုးရွာသွန်းမှုတစ်ကြိမ်ရှိခဲ့သော်လည်း မြင်းခြံ အပူမှာ တိုးနေ၍ ယခုနှစ်အပူဒဏ်ကို ပိုခံစားနေရသည်။ မြင်းခြံပြည်သူများ မိုးမျှော်နေကြသည်။ အပူဒဏ်ကြောင့် အအေးပစ္စည်းများနှင့် ရေသန့်ဘူးများ ယမန်နှစ်ကထက် ပိုရောင်းနေရကြောင်း သိရသည်။

**ဒွေးမြင့်မော်**

### ဆရာအတတ်ပညာသင်တန်းဖွင့်

မြို့နယ်အခြေပြုဆရာအတတ်ပညာသင်တန်းကို ဧပြီ ၂၂ ရက်က ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဆွေ၊ ပညာရေးကောလိပ်(ပခုက္ကူ) ကျောင်းအုပ်ကြီးဒေါ်သန်းအေးတို့က အခြေပြုဆရာအတတ်ပညာသင်တန်းတက်ရောက်လာကြသူများအား ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းကာ သင်တန်းစည်းကမ်းချက်များနှင့်ရည်ရွယ်ချက်များအား ပြောကြားပြီး ပခုက္ကူ/ရေစကြို/ဆိပ်ဖြူနှင့် ဂန့်ဂေါမြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၁၃၈ ဦးတို့ကို နည်းပြဆရာ ၁၃ ဦးက တစ်လကြာ ဘာသာရပ်အလိုက်သင်ကြားပို့ချပေးသွားမည်ဟု သိရသည်။

**(၁၀၂)**


**နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမ ရာထူးခန့်ထားရေးအတွက်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမ ရာထူးများတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Ph. D ဘွဲ့ရသူများ အသက် (၄၀)နှင့်အောက်

(ဂ) M.A/M.Sc ဘွဲ့ရသူများ အသက် (၃၅)နှစ်နှင့်အောက်

(ဃ) B.A/B.Sc ဘွဲ့ရသူများ အသက် (၃၀)နှင့်အောက်

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ အသက် (၂၅)နှစ်နှင့်အောက်

(စ) နဝမတန်းအောင်မြင်ပြီးသူများ အသက် (၂၅)နှစ်နှင့်အောက်

**မှတ်ချက်။** (၁) လျှောက်ထားသူများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှောက်လွှာခေါ်သည့်ရက်မှ လွန်ခဲ့သောကာလ(၆)လအတွင်း နေထိုင်သူဖြစ်ရမည်။ အိမ်ထောင်စုစာရင်းမူရင်းတင်ပြရပါမည်။

(၂) နဝမတန်းအောင်မြင်ပြီးသူများကို နယ်စပ်ဒေသဝေးလံခေါင်သီသော အခြေခံပညာကျောင်းများတွင်သာ ခန့်ထားပေးမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီးနယ်စပ်ဒေသရှိ ဝေးလံခေါင်သီသော အခြေခံပညာကျောင်းများတွင် လက်ရှိလုပ်သက်(၂)နှစ်အထက် လုပ်အားပေးဆရာ၊ ဆရာမအဖြစ်တာဝန်ထမ်းဆောင်နေသူများကို အဆိုပါကျောင်းများတွင်ဦးစားပေး ခန့်ထားပေးပါမည်။

(၃) ဒေသခံမဟုတ်သည့် တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ သား၊ သမီးများ လျှောက်ထားနိုင်ပါသည်။ (ဝန်ထမ်းများ၏ လက်ရှိရာထူး ခန့်ထားသည့် အမိန့်စာ ပြန်တမ်းပူးတွဲတင်ပြရပါမည်။)

(၄) အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်ဖြင့် တွက်ချက်မည်။

၂။ မူလတန်းပြ ဆရာ ဆရာမများအဖြစ် ရွေးချယ်ခံထားရသူများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင်သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြ ဆရာ ဆရာမအဖြစ် အတည်ပြု ခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ

- ဘွဲ့လက်မှတ်မိတ္တူ (သို့) ဘွဲ့ရကြောင်းထောက်ခံစာ/ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ/နဝမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ ခုနှစ် ဇွန် ၁ရက် နောက်ဆုံးထားပြီးတင်ပြရမည်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၂-၄-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၅-၅-၂၀၁၄ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသောမြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်သည်။

၅။ ၁၂-၅-၂၀၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီ မေးခွန်းဖြေဆိုရမည်။

၆။ ၁၅-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၁၆-၅-၂၀၁၄ရက် ၀၉:၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို တနင်္သာရီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ ထားဝယ်ခရိုင်ပညာရေးမှူးရုံး၊ မြိတ်ခရိုင်စု ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**



**ဖောင်းကြွနံပါတ်ပြားပျောက်**

**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၉၉၀၀ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်**

**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/၃၂၉၉၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးဦးစီးဌာန**

**တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်၊ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းတွင် အသုံးပြုရန်လိုအပ်သော ပေ(၄၀)အအေးခန်းကွန်တိန်နာသုံးလုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | ။ ။ | ၂၈-၄-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ |
| **တင်ဒါပိတ်မည့်ရက်** | ။ ။ | ၅-၅-၂၀၁၄ ရက် ညနေ ၄ နာရီတိတိ |
| **တင်ဒါဖွင့်မည့်ရက်** | ။ ။ | ၆-၅-၂၀၁၄ ရက် နံနက် ၁၀ နာရီ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | ။ ။ | တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးအဆောက်အအုံ။ ဇမ္ဗူကျက်သရေလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၀၅၊ ၀၆၇-၄၁၀၄၃၇။ |
| **ကွန်တိန်နာအရည်အသွေး** | ။ ။ | အရွယ်အစားပေ (၄၀×၈×၈.၅)(အဟောင်း) အပူချိန် (+၂)မှ (+၈)ဒီဂရီစင်တီဂရိတ်၊ အရံအအေးထိန်းစနစ်(Back up Cooling Unit) ပါဝင်ရမည်။ |

အသေးစိတ်သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၄)နေ ကျွန်မ ဒေါ်ဝိုင်းဆိုင် (ဘ) ဦးခမ်းလျှံ ၁၃/လရန(နိုင်)၀၂၄၇၈၁ ၏ နိုင်ငံကူးလက်မှတ်သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။ **ဒေါ်ဝိုင်းဆိုင်**



**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ ရပ်ကွက် ၁၂၊ နယ်မြေ ၁၇၊ အမှတ် ၁၃၈နေ မယဉ်ယဉ်နွယ်(ခ)ရန်ဖုန်ကျောက်(ဘ)ရန်ဖူရုံ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါကြောင်း။ **ယဉ်ယဉ်နွယ် ၅၂၆၃၃၂၇**

## ဇာတိမာန်လူငယ်အသင်း ပညာသင်စရိတ် ပံ့ပိုးပေးမည်

**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမန္တလာအနောက်ရပ်ကွက် (၂၁) ရွှေကောင်းညွန့်ရပ်ရှိ ဇာတိမာန်လူငယ်အသင်းက ကြီးမှူး၍ စေတနာရှင်များ ပါဝင်လှူဒါန်းမှုဖြင့် မန္တလေးခရိုင်အတွင်း နေထိုင်သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းနှင့် အလယ်တန်းတို့၌ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ် ထောက်ပံ့မည်ဖြစ်ရာ လျှောက်ထားလိုသူများ အနေဖြင့် ဧပြီ ၂၆ ရက်မှ မေ ၁၅ ရက်အတွင်း လျှောက်ထားနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဇာတိမာန်လူငယ်အသင်းအနေနဲ့ နှစ်စဉ်ကျောင်းသားကျောင်းသူတွေကို ပညာသင်စရိတ်နှင့် ကျောင်းသုံး စာရေးကိရိယာများကို ကူညီပေးလျက်ရှိပါတယ်။ အဓိကအားဖြင့် မိဘမဲ့ကလေးငယ်တွေကို ဦးစားပေး ရွေးချယ်ကူညီပေးခဲ့ပါတယ်။ ယခင်နှစ်က ကျောင်းသားကျောင်းသူ ဦးရေ ၁၀၀ ကို ကူညီပေးခဲ့ပါတယ်။ အခုလို ပံ့ပိုးကူညီနိုင်ဖို့ အသင်းသား အသင်းသူတွေနဲ့ စေတနာရှင်တွေက ပါဝင်လှူဒါန်းခဲ့ပါတယ်။ လျှောက်ထားလိုသူတွေအနေနဲ့ လျှောက်လွှာများကို ဇာတိမာန်လူငယ်စာပေအသင်းမှာ လာရောက်ထုတ်ယူနိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မန္တလေးခရိုင်အတွင်းရှိ မူလတန်းကျောင်းများတွင် ဇာတိမာန်မူလတန်းကျောင်းများ ရွှေ့လျားစာကြည့်တိုက်ကို ဆက်လက်ထူထောင်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဇာတိမာန် လူငယ်စာဖတ်အသင်းကို ၁၉၉၇ ခုနှစ် မေ ၁ ရက်က စတင်တည်ထောင်ခဲ့ပြီး အခမဲ့စာအုပ်ငှားခြင်း၊ ရွှေ့လျားစာကြည့်တိုက်များသာမက နွေရာသီအခမဲ့သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## လှိုင်မြစ်အတွင်းမှ အမှိုက်များ နေ့စဉ် ဆယ်ယူလျက်ရှိ

**ရန်ကုန် ဧပြီ ၂၆**

ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်၌ အုန်းငှက်ပျော၊ ကြံတို့မှ စွန့်ပစ်အမှိုက်များ လှိုင်မြစ်အတွင်းသို့ စွန့်ပစ်ခြင်းကို တင်းကျပ်စွာ တားဆီးလျက်ရှိပြီး ဆိပ်ကမ်းမှ ဒိုင်များသို့ သယ်ယူရာတွင် မြစ်အတွင်းသို့ ကျခဲ့သောယင်းအမှိုက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ဗားကရာဆိပ်ကမ်းဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့က ပူးပေါင်း၍ နေ့စဉ် ရှင်းလင်းဆယ်ယူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဒင်က "ကျွန်တော်တို့ဈေးသာယာရေးအဖွဲ့အနေနဲ့ ဗားကရာဆိပ်ကမ်းမှာရှိတဲ့ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နဲ့ ပူးပေါင်းပြီး နေ့စဉ်သမ္ဗန်သုံးစင်းနဲ့ မြစ်အတွင်းမှာ ကျနေတဲ့ အမှိုက်တွေကို ဆယ်ယူနေပါတယ်။ အဲဒီအမှိုက်တွေကို လှိုင်မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ အလတ်ချောင်း၊ စက်ဆန်း၊ စက်ကလေး၊ ချောင်းဝိုင်းလေး စတဲ့ရပ်ကွက်တွေက လိုအပ်တဲ့ ချိုင့်ခွက်တွေကို သွားဖို့ပေးပါတယ်။ အခုဆို အဲဒီဖို့မြေတွေပေါ်မှာ မူလတန်းကျောင်း၊ စာကြည့်တိုက်၊ ကလေးကစားကွင်းတွေအဖြစ် အကောင်အထည်ဖော်လျက်ရှိပါတယ်"ဟု ပြောကြားသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ပညာသင်ဆုထောက်ပံ့

**ဖျာပုံ ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကချီးမြှင့်သော ပညာသင်ဆုထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက အမှာစကားပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်သော ပညာသင်ဆုများတွင် ဦးတင်မောင်ပညာသင်ဆုနှင့် ပညာပါရမီ ဧရာဝတီပညာသင်ဆုများကို ဆုများပေးအပ်ရာ ဆေးတက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူငါးဦးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုကြေးငွေများ ပေးအပ်ပြီး ဆက်လက်၍ ယဉ်ကျေးမှုအနုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဆုကြေးငွေများ ပေးအပ်ခဲ့ရာ ဦးတင်မောင် ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ ပညာပါရမီ ဧရာဝတီဆုရ ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဆုကြေးငွေကျပ် စုစုပေါင်း ၄၉ သိန်း လေးသောင်းပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## သတင်းတိုများ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ ကာတွန်းပိုစတာ ပြိုင်ပွဲကျင်းပ

(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ အမက (၁)ကျောင်း၌ ကျင်းပသည်။ အဆိုပါ ပန်းချီကာတွန်းပိုစတာပြိုင်ပွဲတွင် မြို့နယ်အတွင်း အခြေခံပညာ ကျောင်းများမှ အထက်တန်းအဆင့် ၁၂ဦး၊ အလယ်တန်းအဆင့် ပြိုင်ပွဲတွင် ၂၅ဦးနှင့် မူလတန်းအဆင့် ကိုးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ညောင်တုန်းမြို့နယ်၌ အခြေခံပညာ(ခရိုင်)အဆင့် အကသင်တန်းဖွင့်

အခြေခံပညာ(ခရိုင်)အဆင့် အကသင်တန်းဖွင့်ပွဲအခမ်းအနားကို ညောင်တုန်းမြို့တွင် ဧပြီ ၂၄ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံ ပညာကျောင်းရာပြည့်ဆောင်သစ်၌ ကျင်းပရာ သင်တန်းသားဆရာများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကျောင်းသားလူငယ်များအား မြန်မာ့ရိုးရာ အကပညာသင်ကြားပေးသည့်အတွက် ကျောင်းသားလူငယ်များအတွင်း မြန်မာ့အနုပညာကိုသိရှိပြီး လိမ္မာယဉ်ကျေးသော ကျောင်းသားလူငယ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ဗဟိုသင်တန်းနည်းပြဆရာမ ဒေါ်ဝါပွင့်ဝေက ပို့ချသင်ကြားပေးပြီး သင်တန်းသို့ မအူပင်မြို့နယ်မှ ၁၆ ဦး၊ ဓနုဖြူမြို့နယ်မှ ၁၄ ဦး၊ ပန်းတနော်မြို့နယ်မှ ၁၀ ဦးနှင့် ညောင်တုန်းမြို့နယ်မှ ၂၂ ဦး တက်ရောက်ပြီး သင်တန်းကာလ ဧပြီ ၂၄ ရက်မှစ၍ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

### နွေစပါးစံပြကွက် စံကွက်ရိတ်သိမ်းပွဲကျင်းပ

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးစိုက်ပျိုးသူ တောင်သူများအား နွေစပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် စံပြကွက် စံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ဟုမ္မလင်းရပ်ကွက် မန်မော်ရပ် ကွင်းအမှတ် (၆၃) ဦးပိုင်အမှတ် ၀၀/၁ ကွင်းရှိ တောင်သူဦးအောင်ထူး၏ ကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးနှင့် ရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တက်ရောက်လာကြသူများက နွေစပါးစံပြကွက် စံကွက်ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကိုအားပေးကြပြီး ဆင်းသွယ်ရင်စပါး တစ်ဧကအထွက်နှုန်း ၈၇ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


### ကိုနဲ့ စုရဲ့ မင်္ဂလာနှစ်ပတ်လည်

ချစ်ခြင်းမေတ္တာအပြည့်နဲ့ လျှောက်လှမ်းလာခဲ့တဲ့ ကိုနဲ့စုရဲ့ မင်္ဂလာသက်တမ်းလေး ဒီနေ့ ၂၇-၄-၂၀၁၄ ရက်မှာ (၆)နှစ်ပြည့်ပြီနော်။ ဒီထက်ပိုတဲ့ ချစ်ခြင်းမေတ္တာ၊ နွေးထွေးအေးချမ်းမှုတွေနဲ့ နောက်ထပ်မင်္ဂလာနှစ်ပတ်လည်ပေါင်းများစွာကို တစ်ယောက်လက်တစ်ယောက် ခိုင်ခိုင်မြဲမြဲတွဲရင်း ချစ်ရပါသော သားသမီးများနှင့်အတူ လျှောက်လှမ်းကြဦးမယ်နော်...

**ပျော်ရွှင်ဖွယ်ရာ (၆)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်အတွက်**

**အမှတ်တရ**

**ကိုဟန်တိုး-မစုစုကြည်**

### မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ် ဝိပဿနာတရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏ တပည့်များအနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာခုနစ်ရက်တရားစခန်းကို ၁-၅-၂၀၁၄ ရက်မှ ၉-၅-၂၀၁၄ ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်**

**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**

### (၁၀)ကြိမ်မြောက် ဗုဒ္ဓနည်းကျ တရားရှုမှတ်နည်းသင်တန်း

ဓမ္မအလင်းရောင်ဗုဒ္ဓသာသနာ့ရိပ်သာ(ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် **ဘဒ္ဒန္တဓမ္မပတိ**မှ ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် သမထ၊ ဝိပဿနာတရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါး စုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမတရားနည်းလမ်းပြသပေးမည်၍ တရားတော်ကို လာရောက်နာကြားကျင့်ကြံအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်ရည်မှန်း၍ ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁-၅-၂၀၁၄ ရက်မှ ၁၄-၅-၂၀၁၄ ရက်အထိ။
**အချိန်** - နံနက် ၇း၃၀ နာရီမှ ညနေ ၅ နာရီအထိ။
**နေရာ** - မြို့တော်စည်ပင်ဓမ္မာရုံ၊ ရွှေတိဂုံတောင်ဘက်မုခ်။
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၁၁၉၅၉၈
၀၉-၅၀၅၇၃၁၂
၀၉-၄၅၀၉၉၀၁၆၇

### အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဦးထွန်းထွန်းဦး၏သား အမက(၃)မူလွန်ကျောင်း၊ စတုတ္ထတန်း (B)တွင်ပညာသင်ကြားနေသော မောင်သော်ဇင်မောင်မောင်အား မောင်သော်ဇင်ထွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်ဇင်ထွန်း**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရီရီသန်း(ခ)ဒေါ်ဟေမာ ၁၂/တမန(နိုင်)၀၇၁၆၂၂၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၀၇၆၀၀၉၀**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၅၄၂၀၈ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဦးပင် ၁၃/တကန(နိုင်)၁၉၅၅၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၆၀၄၁၆ ကမ်ဘိုဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုသန္တာ ၁၃/တကန(နိုင်)၂၀၃၇၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၃၂၉၉၊ Cryster Patriot Jeep S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်လင်း ၉/မခန(နိုင်)၁၄၄၅၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၁၇၆၁ Honda Monkey 50 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထက် ၉/မဟမ (နိုင်) ၀၁၁၃၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၉၇၇၃၊ Honda C90 Custom,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးအေး ၉/မနတ(နိုင်)၁၀၀၁၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ပျောက်ဆုံးခြင်း

ကျွန်မ မညီမြီလှိုင် ၁၃/တကန(နိုင်)၁၆၄၈၉၉၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မညီမြီလှိုင်**

### ပျောက်ဆုံးခြင်း

ကျွန်မ မအေးအေးအောင် ၁၃/တကန(နိုင်)၂၉၂၇၆၁၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၂၅၂၇၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၀၉၇၊ Honda 90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၉/မနမ(နိုင်)၀၆၈၅၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ

ယခုအခါ ကမ္ဘာကြီးတွင် သတင်းအချက်အလက်နှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာသည်။ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံရာတွင် သတင်းအချက်အလက် နည်းပညာနှင့်အတူ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ပါ လိုက်ပါစီးဝင်လာသည်။ နယ်ပယ်ကဏ္ဍအသီးသီးသို့ စီးဝင်လာရာတွင် အတုယူစရာများရှိသလို အတုယူမမှားမိစေရန် ရှောင်ရှားရမည့်အချက်များလည်း ရှိသည်။

မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှေးပဝေသဏီကတည်းကရှိနှင့်နေပြီးသား ဖြစ်သည်။ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများသည် တစ်မျိုးသားလုံး၏ အသက်သွေးကြောပင်ဖြစ်သည်။ ယနေ့ခေတ်လူငယ်အချို့၏ ဝတ်စားဆင်ယင်မှုအပိုင်းတွင် အတုယူလွဲမှားမှုများကို တွေ့ရသည်။ ပြီးခဲ့သည့် မဟာသင်္ကြန်ပွဲတော်ကြီးတွင် အချို့သောသူများသည် လျှပ်ပေါ်လော်လီ ဝတ်စားဆင်ယင်မှုများ ဝတ်စားထားကြသည်မှာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို နိုင်ငံခြားသားများ အထင်အမြင်သေးစရာ ဖြစ်သွားနိုင်သည်။

နိုင်ငံတိုင်း မိမိတို့၏ ယဉ်ကျေးမှုကို မြတ်နိုးအလေးထားတတ်ကြသည်။ မိမိတို့ နိုင်ငံသားအားလုံးသည် မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်ဖို့ လိုအပ်နေပြီဖြစ်သည်။ မိမိတို့ယဉ်ကျေးမှုများကို တန်ဖိုးထားတတ်စေရန်အတွက် ဒေသအသီးသီးတွင် လူကြီး၊ လူငယ်မရွေး ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများကို နွေရာသီအားလပ်ရက်များ၌ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စု ဝဲဒေါင့်ကျေးရွာတွင် ကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓ၏တပည့်အရင်း ဦးပဥ္ဇင်း ဦးဝိဇရ ဦးဆောင်၍ ဆရာ ဆရာမ သုံးဦးဖြင့် ကျေးရွာအတွင်း နေထိုင်ကြသော လူငယ်များကို ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဧပြီ ၁၉ ရက်မှစ၍ အဆိုပါ သင်တန်းကို ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။ ထိုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်ကြားပို့ချပေးနေသော ဆရာမဒေါ်ခင်သူဇာက "ကျွန်မတို့ရွာမှာ ဒီသင်တန်းမဖွင့်ဖြစ်တာ ခုနစ်နှစ် ရှစ်နှစ်လောက်ကြာသွားပြီ၊ အခု ၂၀၁၄ မှစပြီး ပထမဆုံးအကြိမ်အနေနဲ့ ပြန်လည်သင်ကြားပေးရတာ၊ ကျေးရွာအတွင်းမှာရှိတဲ့ လူငယ်အားလုံးကို ယဉ်ကျေးမှုရှိစေရန်၊ လိမ္မာရေးခြားရှိစေရန်၊ ကိုယ့်ယဉ်ကျေးမှုများကို နားလည်သဘောပေါက်စေရန်၊ ကောင်းမှု၊ မကောင်းမှုတွေကိုသိ၍ အမှားအမှန် ခွဲခြားတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့တာပါ" ဟု ပြောသည်။

အဆိုပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် ဒေသအသီးသီးမှ ကလေးသူငယ်များ အားလုံး ယဉ်ကျေးလိမ္မာပြီး မိဘ၊ ဆရာ သမားများအပေါ် ရိုသေကိုင်းရှိုင်းလာသည်ကို တွေ့ရသည်။ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသော စကားရပ်နှင့်အညီ ကျင့်ကြံနေထိုင်လာကြသည်။ ယခုလို သင်တန်းများကို နှစ်စဉ် နွေရာသီအားလပ်ရက်များ၌ ဖွင့်လှစ် သင်ကြားပေးမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

**အရေး-ရှုလိုင်မိုး**
**ဓာတ်ပုံ-ချစ်သမီး**

## ပျဉ်းမနားမြို့ အာဟာရသုခဈေး မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးကြီး မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၂၅ ရက် နံနက်၈ နာရီက ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အာဟာရသုခဈေးတာဝန်ခံနှင့်အတူ ရေဂါလန်နှစ်သောင်းဆံ့ မီးသတ်ရေကန်များ ရေဖြည့်တင်းထားရှိမှု အခြေအနေနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ကားများ အလွယ်တကူ ရေရရှိနိုင်အောင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ဈေးကြီးတစ်ခုလုံးကို လျှပ်စစ်မီးပေးရာတွင် လုံခြုံရေးမီးနှင့် ဈေးမီးတို့ကို မိန်းဘရိတ်ကာတစ်ခုစီ သီးခြားတပ်ဆင် အသုံးပြုထားခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးရုံများအတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် ကြံ့ခိုင်မှု ရှိ မရှိတို့ကို ကြည့်ရှု၍ လိုအပ်သည်များကို အသစ်လဲလှယ်ခြင်း၊ ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများဖြင့် ကြိုးလိုင်းများ စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

## ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးတွဲ/ဘရိတ်တွဲတို့ဖြင့် ဖွဲ့ဆင်လျက် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသူများအား ဖိတ်ခေါ်

**နေပြည်တော် ဧပြီ ၂၆**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြုပြင်ပြီးဖြစ်သော ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးအထက်တန်းတွဲ/ဘရိတ်တွဲတို့ဖြင့် ဖွဲ့ဆင်လျက် ပုဂံ-ကျောက်ပန်းတောင်း-ပုဂံခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးရထားခရီးစဉ်ကိုစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ စိတ်ဝင်စားသူပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest) တွင် ဆောင်ရွက်လိုသည့်လုပ်ငန်းစဉ်ကို အဆိုပြုဖော်ပြလျက် ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ (မိတ္တူပူးတွဲ)၊ လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)၊ လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်၊ ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား (မိတ္တူ ပူးတွဲ)၊ ရထားမောင်းနှင်ရေးအတွက် အဓိကကျသော Furnace Oil(FO) နှင့် Hard Grease ကို မြန်မာ့မီးရထားသို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်၊ ရေနွေးငွေ့စက်ခေါင်းနှင့်တွဲများအား ပုဂံဘူတာ၌ ထိန်းသိမ်းထားရှိမည့် အစီအစဉ်နှင့်ကြံ့ခိုင်ရေးဆောင်ရွက်မည့် အစီအစဉ်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ပြည်တွင်း ပြည်ပနေရာများသို့ ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍ Marketing ပြုလုပ်မည့် အစီအစဉ်၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ (Conceptual Plan)စသည့် အထောက်အထား အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ မေ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ကြပါရန်ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ချင်းပြည်နယ်အစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်း (၄၃၂ မိုင် ၃ဖာလုံ)နှင့် ကျောက်လမ်းခင်းခြင်း (၁၅မိုင် ၄ ဖာလုံ)လုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အင်/ယာမှူးကြီးရုံး ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၄-၄-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၅-၂၀၁၄ ရက် ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၀-၅-၂၀၁၄ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ကျေးဇူး ဆပ်ပါမည်**
ရုံးသုံးဖိုင်တွဲများပါသော Laptop Dell i3 အမည်းရောင်မှာ ခိုင်မန္တလေးကားဂိတ်တွင် Probox အဖြူရောင် Taxi ကားပေါ်၌ ကျန်ခဲ့ပါသည်။ တွေ့ရှိသူများ ဆက်သွယ်ကြပါရန်။ **ဖုန်း-၀၉-၄၂၃၂၇၉၉**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၄၀)နေ မခင်မျိုးနွယ်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်စောနှင့် ဦးခင်စော ၁၂/တမန(နိုင်) ၀၈၃၆၄၀မှာ တစ်ဦးတည်းဖြစ်ပါသည်။
**ဦးခင်မောင်စော(ခ)ဦးခင်စော**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၇က/၉၀၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၀/ကထန(နိုင်) ၀၀၀၅၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၃ခ/၄၆၇၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁ဂ/၉၄၆၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၆ခ/၉၉၅၂(6B/9952)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ပျောက်ဆုံးကြောင်း**
ဒေါ်ဖတမာဘီဘီ၏ပတ်စပို့အမှတ် M-၁၀၇၄၉၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၀၂၇၆၁၄**

**အမည်မှန်**
လားရှိုးမြို့၊ အမှတ် (၁၂)၊ ရပ်ကွက်(၁)၊ နယ်မြေ (၂)၊ ပန်ဝိုင်လမ်းနေ စောရှာမွေလေ၏ အမည်မှန်မှာ ရှာမွေလှဖြစ်၍ ဖခင်အမည်မှန်မှာ ဦးယောသ ဖြစ်ပါကြောင်း။

**အမည်မှန်**
လားရှိုးမြို့၊ အမှတ် (၁၂)၊ ရပ်ကွက်(၁)၊ နယ်မြေ(၂)၊ ပန်ဝိုင်လမ်းနေ မလင်းမေဂျိုး၏ အမည်မှန်မှာ နာရေရှဲဖြစ်၍ ဖခင်အမည်မှန်မှာ ဦးယောသဖြစ်ပါကြောင်း။

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ သာစည်ကျေးရွာ အိမ်နံပါတ် ၈၀/ယောရပ်ကွက်နေ ဦးကျော်ငွေး-ဒေါ်ခင်စိုးစိုးတို့၏ သမီး မလင်းလင်းစိုး ၅/ကလထ(နိုင်) ၁၅၅၉၈၄သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်၍ နောက်နောင်တွင် ငွေနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးကျော်ငွေး-ဒေါ်ခင်စိုးစိုး**
**သာစည်ကျေးရွာ၊ ကလေးမြို့**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မိတ္ထီလာမြို့ အလက (၃) မြတ်ဆရာပူဇော်ပွဲကျင်းပ

**မိတ္ထီလာ မေ ၂၆**

မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်း ၂၀၀ ကျော် တက်ရောက်ကြပြီး လက်ရှိကျောင်းအုပ်ဆရာကြီး ဦးနေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီး ၅၀ ရှိသည့်အနက် တက်ရောက်လာကြသည့် ဆရာ ဆရာမကြီး ၃၈ ဦးကို ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ ဦးချကန်တော့၍ ငွေကျပ် ၅၀၀၀၀ စီဖြင့် လှူဒါန်းပေးအပ်ကြရာ ကန်တော့ခံ ဆရာများကိုယ်စား ဆရာမကြီး ဒေါ်မာလာမြင့်က ဆုတောင်းမေတ္တာပို့သပေးပြီး ကျောင်းသားဟောင်းများကိုယ်စား ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကာ တပ်မတော် ဂျူစက်ရုံ စက်ရုံမှူး ဦးထွန်းဇော်က လုပ်ငန်းအပေါ် အကြံပြုတင်ပြဆွေးနွေးခဲ့ပြီးနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ ဆရာ ဆရာမကြီးများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

# မကျီးချောက်ကျေးရွာတွင် သောက်သုံးရေအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

**မိတ္ထီလာ မေ ၂၆**

မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်း ကျေးရွာအုပ်စု မကျီးချောက်ကျေးရွာတွင် သောက်သုံးရေအတွက် ရေကောင်းရေသန့်များ ရရှိစေရန်နှင့် ကျေးရွာလူထု ရေခပ်ရေသယ်ကိစ္စ အဆင်ပြေချောမွေ့လွယ်ကူစေရန် ရေစင်များဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းနိုင်ရန် လိုင်းကျင်းများတူးဖော်ခြင်း၊ ရေစက်အတွက် လျှပ်စစ်မီးများ သွယ်တန်းခြင်းလုပ်ငန်းများကို ကျေးရွာလူထု၏ စိတ်အား လူအား ငွေအားများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မကျီးချောက်ကျေးရွာမှာဆိုရင် အိမ်ခြေ ၂၀၀ ကျော်ရှိသော်လည်း ရေချိုရရှိသည့်နေရာမှာ အနည်းငယ်သာရှိတယ်၊ သောက်သုံးရေအတွက် ရေချိုကို ရွာ၏တောင်ပိုင်းသာရရှိပြီး ကျန်ရှိသည့်နေရာများတွင် ရေငန်များသာရရှိသောကြောင့် သောက်သုံးရေ အခက်အခဲများ ကြုံတွေ့ကြရတယ်။ ကျေးရွာမှာ တစ်ယူနစ် ငွေကျပ် ၅၀ နှုန်းဖြင့် ရေပေးနေသော်လည်း နွေရာသီတွင် ရာသီဥတုပူပြင်းခြောက်သွေ့သောကြောင့် ရေများခန်းခြောက်ပြီးနေရာအနှံ့ရောက်ခြင်း မရှိသည့်အတွက် သောက်သုံးရေလုံလောက်မှုမရှိဘူး၊ ဒါကြောင့် ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်းပြီး ကျေးရွာ၏ တောင်ဘက်ရှိ စည်ပင်ဦးစီးဌာနမှ တူးဖော်ပေးထားသော လေးလက်မ အဝီစိစက်ရေတွင်းမှ ကျေးရွာအတွင်းသို့ ရေဖြန့်ဝေပေးနိုင်ရေးအတွက် ရေစက်အတွက် လျှပ်စစ်မီးသွယ်တန်းခြင်း၊ရေစင်တည်ဆောက်ခြင်း၊ သုံးလက်မရေပိုက်များ ဝယ်ယူခြင်း၊ ရေပိုက်ချရန် လိုင်းကျင်းများတူးဖော်ခြင်း လုပ်ငန်းကို ကျေးရွာလူထု၏ စိတ်အားလူအားငွေအားများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ရေပိုက်သွယ်တန်းပြီးလျှင်လည်း ကျေးရွာအတွင်းရှိ အိမ်များသို့ ရေမီတာစနစ်ဖြင့် ပေးဝေသွားမည်ဖြစ်ပြီး ထိုသို့ပေးဝေရာတွင်လည်း အသက်သာဆုံးစနစ်ဖြင့် ရေရှည်ခိုင်ခံ့အောင် ကော်မတီများ ညှိနှိုင်းပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီလုပ်ငန်းကြီး ဆောင်ရွက်ပြီးစီးပါက ကျေးရွာအတွင်း နေရာအနှံ့ သောက်သုံးရေအတွက် ရေချိုရရှိမှာဖြစ်ပြီး နွေရာသီရောက်ရင်လည်း ရေပြတ်လပ်မှု မကြုံတွေ့နိုင်ကြောင်း" ဖြင့် ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးကော်မတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အင်းလျားကန်တံတားဖြူအနီးတွင် ယာဉ်ပေါ်၌ ရှိနေသူများထံမှ ပစ္စည်းများနှင့် ယာဉ်ကိုပါ လုယက်မောင်းနှင်ယူဆောင်

**ရန်ကုန် မေ ၂၆**

အင်းလျားကန် တံတားဖြူအနီးတွင် ရပ်တန့်ထားသော ယာဉ်ပေါ်၌ ရှိနေသူများထံမှ ပစ္စည်းများနှင့် ယာဉ်ကိုပါ လုယက်မောင်းနှင်ယူဆောင်သွားသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့သောဖြစ်စဉ် မေ ၂၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကမာရွတ်မြို့နယ်နေ ကိုအောင်ငြိမ်းသန့်က ၄င်းသည် သူငယ်ချင်းများဖြစ်သော စိုးရန်နိုင်၊ မြင့်လွင်၊ မယွန်းငဲ့ဖြူ၊ မယမင်းကေခိုင်၊ မမေသဇင်ဦးတို့နှင့်အတူ လှိုင်မြို့နယ် ပြည်လမ်းရှိ အင်းလျားကန်သို့ မေ ၂၄ ရက် နံနက် ၄ နာရီခွဲက ယာဉ်အမှတ် ၄စ/--- လင်ခရူဇာအဖြူရောင်ကိုယ်ပိုင်ယာဉ်ဖြင့် သွားရောက်ခဲ့ပြီး တံတားဖြူအနီးတွင် ယာဉ်ကိုရပ်ထားခဲ့ကြောင်း၊ အတူပါသူ စိုးရန်နိုင်၊ မြင့်လွင်၊ မယွန်းငဲ့ဖြူနှင့် မယမင်းကေခိုင်တို့မှာ ကန်ပေါင်ပေါ်သို့ သွားခဲ့သဖြင့် ယာဉ်ပေါ်တွင် ၄င်းနှင့် မမေသဇင်ဦးတို့ နှစ်ဦးသာကျန်နေခဲ့ကြောင်း၊ ထိုစဉ် အမည်မသိ အမျိုးသားငါးဦးရောက်ရှိလာပြီး ၄င်းတို့နှစ်ဦးကို ချွန်ထက်သောအရာဖြင့် ထိုးခဲ့သဖြင့် ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခဲ့ပြီး မမေသဇင်ဦးထံမှ ရွှေလက်စွပ်နှစ်ကွင်း၊ ရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀ ခန့်နှင့် ဟွာဝေးအမျိုးအစား ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်သွားကြောင်း၊ ၄င်းတို့နှစ်ဦးကိုလည်း ယာဉ်နှင့်အတူ မောင်းနှင်ခေါ်ဆောင်သွားပြီး ရွာသာကြီးကျေးရွာ အမှတ်(၂) လမ်းမရှိ သပြေခြံကားမှတ်တိုင်အနီးတွင် ယာဉ်ပေါ်မှ ချထားခဲ့ကာ ယာဉ်ကို မောင်းနှင်ယူဆောင်သွားကြောင်းနှင့် ထိုသို့ ပြစ်မှုကျူးလွန်သူများကို အရေးယူပေးပါရန် တိုင်တန်းလာခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တိုင်တန်းချက်အရ ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူ အမျိုးသားငါးဦးကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# တမလန်းသစ်နှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီး

**ဖန်းမောက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ကျွဲကောကုန်းကျေးရွာအနီး တောလမ်းတွင် တရားမဝင် တမလန်းသစ်များ တင်ဆောင်မောင်းနှင်လာသူထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ဖန်းမောက်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်း၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် ရဲဝင်းဇော်နှင့် အဖွဲ့သည် တရား မဝင်တမလန်းသစ်များ သယ်ဆောင်လာမည်ဟူသော သတင်းအရ ဖန်းမောက်မြို့နယ် ကျွဲကောကုန်းကျေးရွာအနီး တောစပ်တွင်စောင့်ဆိုင်းနေကြစဉ် ယာဉ်အမှတ် 3G/---- တုံဖုန်းအမျိုးအစား ယာဉ်တစ်စီး မောင်းနှင်လာသည်ကိုတွေ့ရှိရ၍ ယာဉ်ကိုရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်တမလန်းသစ်များ တင်ဆောင်လာကြောင်း တွေ့ရှိရသည်။

ယာဉ်မောင်းနှင်သူမှာ လှသက်ဦး(၃၀နှစ်) မြနန္ဒာရပ်ကွက် ဖန်းမောက်မြို့နေသူဖြစ်ပြီး ထပ်မံရှာဖွေခဲ့ရာ ၄င်း၏ ခါးတွင်ပတ်ထားသော KAWEI စာတန်းပါ အနက်ရောင်ခါးပတ်အိတ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသော နီ၊ ဝါစပ်ကြားအမှုန့် ၀ ဒသမ ၂ ဂရမ်ပါ ပင်နီဆီလင်တစ်လုံး ကာလတန်ဖိုး ငွေကျပ် ၂၀၀၀၀ ခန့်နှင့် CITIZEN စာတန်းပါ ဂဏန်းပေါင်း စက်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်တမလန်းသစ်များနှင့် ပတ်သက်၍ သစ်တောဥပဒေအရ အရေးယူနိုင်ရေးအတွက် စီစဉ်ထားပြီး မူးယစ်ဆေးဝါးနှင့်အတူတွေ့ရှိသူ လှသက်ဦးကို ဒုရဲမှူး ခင်မောင်ဝင်းက အရေးယူပေးရန်တိုင်ကြားခဲ့ရာ ဖန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ပြီး ဒုရဲအုပ် ရဲဝင်းဇော်က အမှုကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဆေ့ဖ်ဂတ်အပူလွန်ကဲကာ မီးလောင်

**ရန်ကုန် မေ ၂၆**

ပန်းဘဲတန်းမြို့နယ်တွင် မေ ၂၄ ရက် မွန်းလွဲပိုင်းက Safe Guard မှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပန်းဘဲတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပန်းဘဲတန်းမြို့နယ် (၁)ရပ်ကွက် (၂၆)လမ်း ခုနစ်လွှာ ဝဲဘက်ခြမ်းတွင် မီးလောင်နေကြောင်း သတင်းအရ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်မှ အိမ်ရှင်ဖြစ်သူ မမိုးသီရိဆွေ (၃၂ နှစ်)သည် နံနက် ၁၀ နာရီခန့်က နေအိမ်ရှိရေခဲသေတ္တာကို မီးပိတ်မထားခဲ့ဘဲ အပြင်သို့ သွားရောက်နေစဉ် ရေခဲသေတ္တာတွင် အသုံးပြုသော Safe Guard မှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မွန်းလွဲ ၁ နာရီ ၂၂ မိနစ်တွင် မီးစတင်လောင်ကျွမ်းခဲ့ရာ မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်၍ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် Safe Guard နှစ်လုံး၊ စာကြည့်မီးတိုင်တစ်ခုတို့ မီးလောင်ကျွမ်းခဲ့ကြောင်း သိရပြီး ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် မမိုးသီရိဆွေကို ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲမောင်နိုင် ၁၂/ရပသ(နိုင်)၀၆၇၄၆၀ ပတ်စ်ပို့အမှတ် A-၄၂၄၇၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၀၄၁၅၂

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၈၉၃၂၀၊ Suzuki Viva,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးချို ၁၀/မဒန(နိုင်)၀၁၅၁၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဆူးကောက်စမ်းကျေးရွာနေ ဦးတင်ဝင်း -ဒေါ်ဌေးယဉ်တို့၏သမီး မဆုမွန် ၈/မကန(နိုင်)၁၃၀၄၃၆သည် မိဘများ၏ဆုံးမစကားကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးတင်ဝင်း-ဒေါ်ဌေးယဉ်

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၈) ၃/၇၈နေ ကျွန်တော်၏သမီး မသင်းသင်းနွယ် ၁၃/လရန(နိုင်) ၀၀၂၁၁၁သည် မိဘ၏ဆိုဆုံးမမှုကို မနာယူဘဲ ၉-၄-၂၀၁၄ ရက်တွင် မိမိ၏ဆန္ဒအလျောက် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်အား ပြုမူလုပ်ဆောင်သွားပါသဖြင့် ၄င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံး၀ တာဝန်ယူမည် မဟုတ်ပါကြောင်း။

ဖခင်

ဦးဟန်မောင်ရင်

၁၃/လရန(နိုင်)၀၃၀၃၅၁

၃/၇၈၊ ရပ်ကွက်(၈)၊ လားရှိုးမြို့

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁၅

ဦးခင်မောင်ဌေး နှင့် ၁။ ဦးမောင်မောင်တင်

၂။ ဒေါက်တာမောင်မောင်စန်း

၃။ ဒေါ်မြင့်မြင့်ကြည်

၄။ ဒေါ်ခင်ခင်နွဲ့

တရားလို တရားပြိုင်များ

အမှတ် ၁၅/ခ၊ ခရေမြိုင်လမ်း၊ သုဝဏ္ဏစုပေါင်းအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ တရားပြိုင်အမှတ်စဉ် (၁) ဦးမောင်မောင်တင်၊ (၂) ဒေါက်တာမောင်မောင်စန်း၊ (၃) ဒေါ်မြင့်မြင့်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ကွင်းအမှတ် အကွက် ၅၊ သန်လျင်ဈေးတန်းရပ်ကွက်၊ ဦးပိုင်အမှတ် ၆၈၊ ဧရိယာ ၀ဒသမ၂၅၈ဧကရှိ မြေကွက်နှင့်စပ်လျဉ်း၍ ကျန်ငွေကျပ်သိန်း ၆၃၀ ပေးချေပြီး တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၉ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောကော်နေမူး)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၄၊ လူနေရပ်ကွက်အမှတ် ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ် ၈၄၊ ဧရိယာ ၀ဒသမ၁၄၅ဧက၊ မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးဇော်မျိုးဟန် ၁၂/ရကန(နိုင်)၀၀၀၀၄၄ အမည်ပေါက်လျက်ရှိပြီး ၄င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သဥ္ဇာစိုး ၁၂/ဥကတ(နိုင်)၁၆၁၅၅၄ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး ဦးကောင်းမြတ်ဇော်

အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅) အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၇၊ ပညာလမ်း၊ မြေကွက်အမှတ် ၉၂၇ (အလျား ၄၅ပေ×အနံပေ ၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (အလျားပေ၂၀× အနံပေ ၆၀)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဦးအောင်ကြီး ၁၂/အစန(နိုင်)၀၃၇၀၉၁ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များအရ ဝယ်ယူ၍ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စမ်းစိမ့်စိမ့်စိုး ၁၂/မဂတ(နိုင်) ၀၈၁၅၁၅ ထံမှ ကျွန်မဒေါ်ခင်ရှုပ ၉/မမန(နိုင်)၀၃၆၀၂၄က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ပေ(၂၀×၆၀)မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်မထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ရှုပ

အမှတ် ၆၂၊ ၅ လွှာ၊ အောင်သပြေလမ်း၊

ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၈၇၁၈၂၄၃၊ ၀၁-၅၃၂၁၅၂

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သေဆုံးနေသော ကလေးငယ်အလောင်း မော်လူးချောင်းထဲတွင် တွေ့ရှိ

**မော်လူး ဧပြီ ၂၆**

အင်းတော်မြို့နယ် မော်လူးချောင်းအတွင်း ကလေးငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းတွင် စခန်းမှူးရဲအုပ်အေးမင်းသိန်းသည် တာဝန်ထမ်းဆောင်နေစဉ် မော်လူးချောင်းအတွင်း ကလေးငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း ဖုန်းသတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ ကလေးငယ်တစ်ဦးမှာ ပက်လက်အနေအထားဖြင့် အနောက်တောင်သို့ ခေါင်းပြုလျက် သေဆုံးနေကြောင်း၊ အဆိုပါကလေးငယ်မှာ မောင်ဝေဇင်ထွန်း (၇နှစ်)အရှေ့စုမြို့သစ်ရပ်ကွက် မော်လူးတွင် နေထိုင်သူဖြစ်ကြောင်း၊ ၎င်းမိခင်မှာ မီးဖွားပြီး ခုနစ်ရက်ပြည့်သည်။ ဧပြီ ၁၉ရက်က ရေချိုးခေါင်းလျှော်ရန်အတွက် မောင်ဝေဇင်ထွန်းအား တရော်ကင်ပွန်း ခေါင်းလျှော်ရည် ဝယ်ရန် ခိုင်းစေခဲ့ရာမှ နေအိမ်သို့ ပြန်မရောက်ဘဲ ပျောက်ဆုံးနေခဲ့ကြောင်း သိရသည်။

အဆိုပါအမှုဖြစ်စဉ်နှင့် ပတ်သက်၍ မော်လူးရဲစခန်းမှ အမှုဖွင့်ခဲ့ပြီး ၎င်းသေဆုံးမှုကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးနိုင်ရန် မော်လူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုစစ်စခန်းမှူး ရဲအုပ်အေးမင်းသိန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုမှာ ကျွန်းသစ် ၁၃၁၄၆ ဒသမ ၆၉၆၉တန်၊ သစ်မာ ၁၆၁၀၇ ဒသမ ၆၅၇၇ တန်နှင့် အခြားသား ၁၆၀၁၁ ဒသမ ၁၅၁၂တန် စုစုပေါင်း ၄၅၄၆၅ ဒသမ ၅၀၅၈တန်၊ မီးသွေး ၁၄၇၃၂ ဒသမ ၀၂၇၅တန်၊ ကား၊ ကရိန်း၊ ထွန်စက် ၁၄၁၆စီး၊ ထော်လာဂျီ၊ ဒိန်းဒေါင်း ၁၇၅စီး၊ ဆိုင်ကယ် ၁၂၁စီး၊ စက်လှေ၊ စက်တပ်သမ္ဗန်၊ ဇက် ၂၆၇စီး စုစုပေါင်း ယာဉ် ၁၉၆၁ စီးနှင့် သစ်စက်၊ အင်ဂျင် ၃၇၈ လုံးတို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖုန်းဆိုင်အတွင်းမှ ဟန်းဆက်များ ခိုးယူခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၆**

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်နေ ဒေါ်အေးအေးသည် ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် ရေကျော်လမ်း မ/၉၃(မြေညီထပ်)တွင် ဖွင့်လှစ်ထားသော ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်ကို ပိတ်ထားခဲ့ပြီး ခရီးသွားနေခဲ့ရာမှ ဧပြီ ၂၂ ရက် နံနက် ၉ နာရီတွင် ဆိုင်ပြန်လည်ဖွင့်လှစ်ခဲ့ရာဆိုင်အတွင်းမှ ဟန်းဆက်ပစ္စည်းမျိုးစုံ ၆၉ လုံး ကာလတန်ဖိုးငွေကျပ် ၃၈၁၄၆၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသူအား အရေးယူပေးရန် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက်က ရန်ကုန်ဘူတာကြီး ရထားသံလမ်းဘေး၌ မင်္ဂလာတောင်ညွန့်မြို့နယ် နေသူများဖြစ်ကြသည့် ဝမ်းဝေး(ခ) အောင်ရဲဦး(ခ)ဇေရဲဦး၊ အီတူး(ခ) ကျော်သူအောင်၊ ဘာဘူ(ခ)သက်ပိုင်ဦး၊ ဇော်မင်းနိုင်နှင့် သန်လျင်မြို့နယ်နေ ဘဲဥ (ခ) အောင်ဇေယျတို့ ငါးဦးအား မသင်္ကာတွေ့ရှိသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

၎င်းတို့ငါးဦးကို စစ်ဆေးခဲ့ရာ ဧပြီ ၁၈ ရက် နံနက် ၁ နာရီခန့်က ဘဲဥ(ခ)အောင်ဇေယျနှင့် ဝမ်းဝေး(ခ) အောင်ရဲဦး(ခ)ဇေရဲဦးတို့ နှစ်ဦးက အဆိုပါ ဖုန်းဆိုင်နောက်ဖေးတံခါးကို သံဂေါ်ပြားဖြင့် ဖွင့်လှစ်ဝင်ရောက်၍ ဟန်းဆက်များအား ခိုးယူခဲ့ပြီး ကျန်သုံးဦးက အပြင်မှလူစောင့်ကြည့်ပေးခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့သဖြင့် ခိုးယူသွားသော ဟန်းဆက်များအနက် ဘဲဥ(ခ)အောင်ဇေယျထံမှ ဟန်းဆက်မျိုးစုံ ၃၂ လုံး၊ ဘာဘူ(ခ) သက်ပိုင်ဦးထံမှ သုံးလုံး၊ အီတူး(ခ) ကျော်သူအောင်ထံမှ ငါးလုံး စုစုပေါင်း ဟန်းဆက်မျိုးစုံအလုံး ၄၀ တို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ကျန်ဟန်းဆက်များကို သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

## မှုခင်းသတင်းများ

### လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ထားရှိသူကို စစ်ဆေးအရေးယူ

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းမှုခင်းကျဆင်းရေးအတွက် ဧပြီ ၂၃ ရက် ညနေ ၄ နာရီက သတင်းစုံစမ်းဆောင်ရွက်နေစဉ် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း ကျွန်းရွှေဝါလမ်းမပေါ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ရပ်ထားသော ၄ဂ/. . . နံပါတ်တပ်ဆင်ထားသည့် Hilux SURF အမျိုးအစားနက်ပြာရောင် မော်တော်ယာဉ်ပေါ်တွင် မိုးကျော် (၃၇ နှစ်) သရက်မြို့ မကွေးတိုင်းဒေသကြီးနေသူအား တွေ့ရှိရသဖြင့်စစ်မေးရာ ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများ ပြသပြောဆိုနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရသောကြောင့် ယင်းကဲ့သို့ လိုင်စင်မဲ့မော်တော်ယာဉ်နှင့်အတူ တွေ့ရှိသူ မိုးကျော်အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

### အရှိန်လွန်ကာ ဆိုင်ကယ်တိမ်းမှောက်

သန်လျင်မြို့နယ်အတွင်း ဧပြီ ၂၃ရက် နံနက် ၁၀ နာရီခွဲက အလွမ်းဆွတ်ကျေးရွာ အမှတ်(၃)အထည်ချုပ်စက်ရုံဝန်ထမ်းလမ်းအတိုင်း သန်လျင်ဘက်မှ ကျောက်တန်းဘက်သို့ မိုးသီး(ခ)မျိုးထွဋ် (၁၈နှစ်) သာကေတမြို့နယ် နေသူမောင်းနှင်လာသော ၃၄ယ/. . . Star CZI-125 နီ/နက်ကျားရောင် ဆိုင်ကယ်သည် စက်ရုံဝင်းအလယ်အရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်သွားခဲ့သဖြင့် မိုးသီး(ခ)မျိုးထွဋ်တွင် ဒဏ်ရာများရရှိခဲ့ပြီး သန်လျင်ဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသခဲ့ရသဖြင့် ယင်းကဲ့သို့ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ မိုးသီး(ခ)မျိုးထွဋ်ကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

### ပိုင်ရှင်မဲ့တမလန်းသစ်များ တွေ့ရှိသိမ်းဆည်းရမိ

ကသာခရိုင် ထီးချိုင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်သိန်း၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်ဘုန်းမင်းစိုး၊ မောင်းကုန်းရဲကင်းမှူး ရဲအုပ်ဇော်ဦး၊ တပ်ကြပ်ကြီးစိုးမြင့်၊ သစ်တောဦးစီးဌာနမှ တောအုပ် နေမျိုးသူရိန်တို့အဖွဲ့သည် သက်သေမြတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၊ သပြေလှကျေးရွာရာအိမ်မှူး ဦးမောင်ဝင်းတို့နှင့်အတူ ပူးပေါင်းပြီး ဧပြီ ၂၃ ရက်က မြတောင်ကျေးရွာအုပ်စု သပြေလှကျေးရွာအနီး မြစ်ကမ်းဘေး ခန့်မှန်းမြေပုံညွှန်း (KG-၀၉၄၂၅၅) တွင် တမလန်းသစ်များစုပုံထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သပြေလှကျေးရွာအနောက်ပိုင်း ဧရာဝတီမြစ်ကမ်းဘေးတွင်တမလန်းတိုင် ခုနစ်လုံး ၀ ဒသမ ၁၇ တန်၊ တမလန်းခားရွေတုံး ၇၉ တုံး၊ ခန့်မှန်းတန် သုံးတန် စုစုပေါင်း တရားမဝင် တမလန်းခားရွေတုံး/ တိုင် ၈၆ တုံး၊ ခန့်မှန်း ၃ ဒသမ ၁၇ တန်ခန့်တို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ တမလန်းသစ်များကို ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာန မြတောင်သစ်တောကင်းရုံသို့ လွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**အမည်ပြောင်း**

ကသာမြို့၊ ရပ်ကွက်(၆)၊ တပ်မတော်လမ်းနေ ဦးတင်မောင်ထွန်း-ဒေါ်သွယ်သွယ်လှိုင်ငွေးတို့၏သမီး မစိုးသဉ္ဇာဖြိုးအား မထွန်းရတီလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထွန်းရတီလှိုင်**

## အိမ်နှင့်ခြံရောင်းမည်

ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းသွယ်၊ ပေ(၅၀×၆၀)၊ အာစီနှစ်ထပ်၊ ရေ၊ မီး၊ ကြိုးဖုန်းပါ Master Bed Room-တစ်ခန်း၊ Bed Room တစ်ခန်း၊ ဂရန်ပိုင်ရှင်အမည်ပေါက်၊

**ဖုန်း-၀၉-၅၁၈၇၅၄၃၊ ၀၉-၇၃၉၀၁၉၈၆**

**အကျိုးဆောင်များနှင့် လက်ခံသည်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ မြေကွက်အမှတ် ၇၂၁၊ အလျား×အနံ(၄၀×၆၀)ပေရှိ ဦးဝင်းတင်အမည်ဖြင့် မှတ်သားထားသော ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ် ၇၂၁၊ ဆရာခြစ်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် လျှပ်စစ်မီတာအပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိသာလျှင် လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လေးလေးမွန် ၁၂/မဂတ(နိုင်)၀၅၉၁၁၂ မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း(စဥ်-၉၆၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဆဒ္ဒံဒူးဝါးလမ်း၊ အမှတ် ၁၄၈၊ ဧရိယာ ပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးထွန်းမင်းဦး ISN-၅၇၄၃၅၅အမည်ဖြင့် ပါမစ်ချထားခံရပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးဝင်းနိုင် ၁၂/အစန(နိုင်)၀၂၉၁၁၈က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိ ပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ထက်ထက်ပိုင် LL.B** | **ဒေါ်နိုင်ငြိမ်းဆွေ LL.B** | **ဒေါ်မေဝင်းမော် LL.B** |
| **(စဥ်-၉၇၄၆)** | **(စဥ်-၃၁၄၇၅)** | **(စဥ်-၃၃၂၃၂)** |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ် ၅၀၊ အခန်းA-5၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၉၈၁/ခ၊ မြေကွက်တည်နေရာအမှတ် ၉၈၁/ခ၊ ရန်ပြေ ၄လမ်း၊ သာကေတမြို့နယ် ဦးသိန်းထွန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းထွန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နှင်းငွေ ၁၂/သကတ(နိုင်)၀၀၄၉၈၄ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၁၇/၂၀၁၄) ရသူ ဦးကျော်ဇောလင်း(ခ) ဦးအေးထွန်း ၁၂/မဂတ(နိုင်)၀၉၄၁၁၁ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၃၁၃/က၊ မြေကွက်တည်နေရာအမှတ် ၃၁၃/က၊ အနော်မာ ၁၉လမ်း၊ (၂)ရပ်ကွက်၊ သာကေတမြို့နယ် ၁။ ဦးညီပု၊၂။ဒေါ်အုံး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညီပု(ဖခင်)နှင့်ဒေါ်အုံး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးသိန်းထွန်း၁၂/သကတ(နိုင်)၁၀၆၃၂၀၊ ဦးစံရွှေ ၁၂/သကတ(နိုင်)၁၀၆၁၅၁၊ဒေါ်ယဉ်ယဉ်ကြည် ၁၂/သကတ(နိုင်)၀၀၇၁၃၆ တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၁၂/၂၀၁၄) ရသူ ဦးအီစမိုင် ၁၂/ဗတထ(နိုင်)၁၃၀၁၁၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးခင်ဇော်ဦး ၁၂/သဃက(နိုင်)၁၄၆၅၂၈ နှင့် အများသိစေရန်ကြေညာခြင်း

ဦးခင်ဇော်ဦးနှင့် ကျွန်တော်ဦးထွန်းထွန်းဦးတို့ သဘောတူချုပ်ဆိုခဲ့သော ၂၃-၁-၂၀၁၃ ရက်စွဲပါ ဒါဘာစလပ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ပါ သဘောတူညီချက်အတိုင်း ကန်ထရိုက်တာမှ အဆောက်အအုံပြီးစီး၍ တိုက်ခန်းများလက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံ၍ စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပါရန်နှင့် ပျက်ကွက်ပါက လူကြီးမင်း၏တာဝန်ဖြစ်ပြီး မူလသဘောတူညီခဲ့သည့် ၂၃-၁-၂၀၁၃ ရက်စွဲပါ ဒါဘာစလပ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဦး ၁၂/မရက(နိုင်)၁၂၇၁၇၄**
**အမှတ် ၁၂၉၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၃၇၆/က၊ မြေကွက်တည်နေရာအမှတ် ၂၈၊ အောင်ဇေယျ (၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဒေါ်လှရင် ၁၂/မဂတ(နိုင်)၀၆၂၉၃၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှရင်(ဇနီး) ကွယ်လွန်သဖြင့် ဦးသောင်း ၁၂/မဂတ (နိုင်) ၀၆၂၉၁၆ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၅ ခုနှစ် ဘဏ်ချေးမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် ၈ ရပ်ကွက်၊ အိမ်အမှတ် ၆၅၊ ဇေယျဝတီ ၃လမ်းနေ ဦးကျော်မျိုးလွင်မှ အကွက်အမှတ် ၁၁၈ အကွက်အမည် ကသဲစုအကွက်၊ ဦးပိုင်အမှတ် ၆၅၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေကို ဒေါ်မို့မို့နိုင်ထံမှ စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် လွှဲပြောင်းရယူခဲ့ပြီးဖြစ်ပါသည်။ ၎င်းမြေနှင့်ပတ်သက်၍ မူလပိုင်ရှင်ဦးကျောင်းအမည်မှ ဦးကျော်မျိုးလွင် အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုအား ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

[illegible]

## အမည်ပြောင်း

ပဲခူးမြို့၊ အထက(၃)၊ သတ္တမတန်း (င)မှ ဦးခင်မောင်ရွှေ၏သား မောင်ဘုန်းဝင်းအား မောင်ရဲရင့်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်မင်း

# ကြော်ငြာစာ

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် -၆၉

၁။ ဦးခါလစ် လျှောက်ထားသူများ
၂။ ဦးဟမ်ဆာ
၃။ ဦးသာဟေရ်

အမှတ် -၇၄၄၊ ကုန်သည်လမ်း၊ (၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ကွယ်လွန်သူများဖြစ်သည့် အိုင်၊ အမ်၊ ဒီ၊ ဘားဂီးယား(ခ)ဦးအစ္စမိုင်ဘားဂီးယားနှင့် ဒေါ်ဖာတီမာဘီဘီတို့၏ကျန်ရစ်သော မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**- ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် -၇၄၄နေ နေထိုင်ခဲ့သော ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော အိုင်၊ အမ်၊ ဒီ၊ ဘားဂီးယား(ခ) အစ္စမိုင်ဘားဂီးယားနှင့် ဒေါ်ဖာတီမာဘီဘီတို့၏ အမွေထိန်းလက်မှတ်စာရရှိထားသူ ၁။ ဦးခါလစ်၊ ၂။ ဦးဟမ်ဆာ၊ ၃။ ဦးသာဟေရ်တို့က-**

(က) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် (ကွင်းအမှတ် -၅၂)၊ မြေကွက်အကျယ် ဝဒသမ၃၅ဝဧက မြေပိုင်မြေမျိုးမြေကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် (ကွင်းအမှတ် -၅၂)၊ မြေကွက်အကျယ် ၀ ဒသမ ၁၈၈ဧက စကွာတာမြေမျိုးမြေကွက်။

(မြေဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၂၁၄/၁၉၅၆)

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ်(ကွင်းအမှတ် -၅၂)၊ မြေကွက်အကျယ် ဝဒသမ၅၄၂ဧက၊ နှစ် ၉၀မြေငှားဂရန် မြေမျိုး၊ မြေအမည်ပေါက် အိုင်၊ အမ်၊ ဒီ၊ ဘား၊ ဂီး၊ ယားဟု မှတ်သားထားသော မြေကွက်၊ မြေကွက်တည်ရာလိပ်စာအမှတ် -၁၀၊ အောင်မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ ၅၂၊ ၅၃ (၁၉၅၀-၁၉၅၇)၊ မြေကွက်အမှတ် ၂၊ ၁၃-၁၄၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂/ A-၂၊ ၃၊ မြေအကျယ် ဧရိယာ ၂၉ဒသမ၁၅၉ဧကမြေကွက်။

(အရောင်းအဝယ်စာချုပ်အမှတ် -၃၂၄/၁၉၅၉)

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (C-1)၊ မြေကွက်အမှတ် - The third Eastern one -sixth of the Southern half of first class lot No.1 ၊ မြေအကျယ် ၁၉'.၂"×၅၀'ရှိ မြေပိုင်မြေမျိုး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခင်အမှတ် ၄၃၊ ယခုအမှတ် ၇၄၆/၇၄၀၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တိုက်အဟောင်းအပါအဝင်အကျိုးခံစားခွင့်များ။

(မြေဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၄၉၅/၁၉၅၂)။

(င) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် F-2 ၊ မြေကွက်အမှတ် Southern half of the Western half of first class lot No.8၊ မြေအကျယ် ၅၇'×၅၀'မြေပိုင်မြေမျိုး မြေကွက်ပေါ်ရှိ အမှတ် ၁၈၈/၁၉၀၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်များ၊ မြေဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၂၀၀၇/၁၉၅၆

(စ) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် F-1 ၊ မြေကွက်အမှတ် Southern half of the Western half of first class lot No.8၊ မြေအကျယ် ၅၀'×၆၀' မြေပိုင်မြေမျိုးမြေကွက်ပေါ်ရှိ အမှတ် ၁၀၄/၁၀၆၊ ယခင်လွစ်လမ်း၊ (ယခုဆိပ်ကမ်းသာလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်များ၊ မြေဝယ်မှတ်ပုံတင်စာချုပ် အမှတ် ၁၀၃၁/၁၉၅၃

(ဆ) (1) The western portion of the northern Quarter of first class lot No.1 meassuring 25 feet by 65 feet.
(2) The first Sourthern One-Sixth of Second class lot No.1 measuring 16 feet -8 inches by 60 feet.
(3) a piece of land adjacent to and north of first southern one-sixth of Second class lot No.1, measuring 1 feet 4 inches by 60 feet.
(4) The Second One-Sixth of second class lot No.1 measuring 16 feet inchess by 60 feets.
(5) a piece of land adjacent to and south of the Second Sourthern One -sixth of Second Class lot No.1 measuring 1 feet 3 inches by 60 feet.

မြေကွက်များမှာ မြေပိုင်မြေမျိုးဖြစ်ကြောင်း၊ မြို့နယ်နှင့်အဆောက်အအုံများတွက် စွန့်လွှတ် စာချုပ်အမှတ် (၅၇၃/၁၉၆၆) (စွန့်လွှတ်စာချုပ်အမှတ် -၅၇၃/၁၉၆၆)

(ဇ) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ ဒီ-၃၊ မြေကွက်အမှတ် ပဉ္စမတန်းစား (၁၁)၊ မြေအကျယ် (၂၅'× ၅၀')မြေပိုင်မြေမျိုး မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် ယခင်အမှတ် ၄၅၊ ယခုအမှတ် ၂၀၂၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်ဟုခေါ်တွင်သော တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်များ။

(ဈ) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကွင်းအမှတ် ၅၃၊ မြေကွက်အမှတ် ၄၀မှ ၄၅အထိ၊ (ဧရိယာ ၃ဒသမ၆၇၉ဧက) (မြေဝယ်စာချုပ်မှတ်ပုံတင်အမှတ် -၄၃၁/၆၁) တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် လွှဲပြောင်းရောင်းချ လဲလှယ်ပေးကမ်းခြင်း၊ ပြုလုပ်နိုင်ရန်အတွက် လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို (၂၀၁၄ခုနှစ်၊ မေ ၁၅ရက်) (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်)၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသောကြောင့် အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပေါ် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသည်တို့သည် ယင်းချိန်းဆိုသည့် ၂၀၁၄ ခုနှစ် မေ ၁၅ ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိက နေရာတကျလွှဲအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြစ်သော်လည်းကောင်း လာရောက်၍ ခိုင်လုံသောအထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ၁။ ဦးခါလစ်၊ ၂။ ဦးဟမ်ဆာ၊ ၃။ ဦးသာဟေရ်တို့၏ လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးလွင်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

ရဟန်းဒါယကာ

## ဦးတင်ဌေး(ခ)ကိုတူး (တံတားရွာ)

**ဥက္ကဋ္ဌ၊ စွမ်းအားစက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက် (ပုဇွန်တောင်မြို့နယ်)**

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တံတားရွာနေ (ဦးစိုး-ဒေါ်တင်အေး)တို့၏သား၊ အမှတ် ၄၆၉၊ အောင်မေတ္တာလမ်းအနောက်၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်မြစိန်၏ခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဦးခင်လှ-ဒေါ်သန်းသန်းမြင့်(ခေတ္တ-ဩစတြေးလျ)၊ ဒေါ်ခင်အေးမူ(မြန်မာ့လေကြောင်း)၊ မမြမြထွေးတို့၏ဖခင်၊ မဌေးဌေးဝင်း၊ မနွယ်နွယ်ဝင်း၊ မောင်ထက်အောင်ရှိုင်းတို့၏အဘိုးသည် ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတိုးလှိုင်(ခ)ဦးတက်တိုး အသက်(၆၃)နှစ်

**(တဆ-၃၈၆၆)**

**မြန်မာတိုင်းရင်းဆေးဆရာကြီး၊ ဆရာဘိန်း ဆရာလှဆေးတိုက်ပိုင်ရှင်**
**အမှုဆောင်အဖွဲ့ဝင်(စာရင်းစစ်)**
**ရန်ကုန်ပရိယတ္တိသာသနနုဂ္ဂဟဆန်လှူအသင်း၊ ကြည့်မြင်တိုင်**

အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဆရာဘိန်း ဆရာလှဆေးတိုက်နေ ဒေါ်ဝင်းဝင်းမော်၊ ဦးဝင်းမြင့်[လ/ထ မန်နေဂျာ၊ အမှတ်(၂)သစ်စက်၊ အလုံမြို့နယ်]-ဒေါ်ခင်စန်းမြင့်၊ ဦးဗင်ဆင်-ဒေါ်ဝင်းဝင်းကြွယ်၊ ဒေါ်ဝင်းဝင်းကြိုင်(လယ်/ပြ၊အထက-၁၊ကြည့်မြင်တိုင်)၊ (ဦးဝင်းကျော်)-ဒေါ်ဥမ္မာစိုးစိုး၊ ဦးအောင်မြင့်သူ-ဒေါ်သီတာမော်(မေတ္တာရန့်စာသင်ဝိုင်း)၊ ဦးမြင့်ထူး-ဒေါ်မော်မော်ငြိမ်း(ငွေစုဘဏ်ခွဲ-၁)၊ ဒေါ်မာလာအေး(မေတ္တာရန့်စာသင်ဝိုင်း)၊ ဦးမြင့်ဦးတို့၏ဦးလေး၊ မသင်းလဲ့ဝေ၊ မောင်စန်းမြင့်သူ၊မောင်စန်းပွင့်သူ၊ မထက်ထက်မော်၊ မသင်းသီရိလွင်၊ မောင်အောင်သူရိန်မြင့် တို့၏အဘိုးသည် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့် (ပျဉ်းမနားကိုမြင့်)

**အသက်(၈၂)နှစ်**

